# နိမိတ်တစ်ထောင်အကောက်ကျမ်းကြီး

နှင့်

# နိမိတ်များ

သုတေသီ
ဆရာငြိမ်း



## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
★ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပေါ်ပေါက်လာရေး
★ ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိမိတ်တာစ်ကောင်

# အကောက်ကျမ်းကြီး

နှင့်

# နိမိတ်များ

# သုတေသီဆရာငြိမ်း

(လေ့လာပြုစုသည်)

[redacted]


စာမူခွင့် ှယ – ၄၀၁၀၇၆၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၁၃၂၅၀၆၁၁

ပထမအကြိမ် – ၂၀၀၇ ခုနှစ် ဧပြီလ

အုပ်ရေ – ၁၀၀၀

အဖုံးပန်းချီ – ရွှေစိုးဟန်

အတွင်းပန်းချီ – သာတင့်ထက်

ကွန်ပျူတာစာစီ – Dream City

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြ–၀၄၀၇၃)

၄၇၃ (က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြ–၀၆၃၆၄)

အင်ကြင်းမြိုင်ပုံနှိပ်တိုက်

အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး 2000

# မာတိကာ


၁။ စကားမွှန်

၂။ အာရုံ (၆)ပါး နိမိတ်များ ၁

(က) ရူပါရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၂

(ခ) ရူပါရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၄

–

(က) သဒ္ဒါရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၆

(ခ) သဒ္ဒါရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၆

–

(က) ဂန္ဓာရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၇

(ခ) ဂန္ဓာရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၈

–

(က) ရသာရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၈

(ခ) ရသာရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၉

–

(က) ဖောဋ္ဌဗ္ဗာရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၉

(ခ) ဖောဋ္ဌဗ္ဗာရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၁၀

(က) ခမ္ဘာရုံနိမိတ်မှ ကောင်းသောနိမိတ်များ ၁၁
(ခ) ခမ္ဘာရုံနိမိတ်မှ မကောင်းသောနိမိတ်များ ၁၁
၃။ အိပ်မက်ဆိုင်ရာနိမိတ်များ ၁၃
- နိမိတ်ဆိုးတို့ ကင်းပျောက်အောင် ၁၃
- အိပ်မက်နိမိတ်များ ၁၄
- ကြားရသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များ ၂၄
- စားသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များ ၂၅
- သောက်သည်ကို စွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များ ၂၇
- နှုတ်ကိုစွဲ၍မက်သော အိပ်မက်ဆိုင်ရာ နိမိတ်များ ၂၉
- စိတ်ကိုစွဲ၍မက်သော အိပ်မက်ဆိုင်ရာ နိမိတ်များ ၃၀
- ကိုယ်ကိုစွဲ၍ မြင်မက်သော အိပ်မက်ဆိုင်ရာ နိမိတ်များ ၃၄
၄။ သဘာဝဆိုင်ရာနိမိတ်များ ၅၂
- သစ်ရွက်နိမိတ် ၅၂
- တိမ်နှင့်ဆိုင်သော နိမိတ်များ ၅၅
- မိုးရွာတော့မယ်ဆိုပါလား ၆၀

- နေနှင့်ဆိုင်သော နိမိတ်များ ၆၁
- အခါကာလဆိုင်ရာ နိမိတ်များ ၆၅
- သည်နိမိတ်တွေလည်း မကောင်းပါ ၆၉
- သည်နိမိတ်တွေကျ ကောင်းပါသည် ၇၁
- နိမိတ်မကောင်းတဲ့ သစ် ၇၂

၅။ နိမိတ်ကောင်းဆိုး အိပ်မက်မျိုး ၇၃

၆။ နိမိတ်ဆိုးသော အိပ်မက်များ ၁၀၅

၇။ သတ္တဝါတို့မှ ပြသော နိမိတ်များ ၁၂၅
- မိုးလေဝသဆိုင်ရာ နိမိတ်များ ၁၂၅
- ခေါက်ရှာငှက်နှင့်ဆိုင်သော နိမိတ်များ ၁၂၉
- ရွှေကျီးသာသည့် နိမိတ်များ ၁၃၁
- ပျားစွဲသည့် နိမိတ်များ ၁၃၅
- ကင်းခြေများနှင့် ပတ်သက်သည့် နိမိတ်များ ၁၃၆
- ငန်းနှင့်ပတ်သက်သော နိမိတ်များ ၁၃၇
- ပုတ်သင်ညိုနှင့်ပတ်သက်သော နိမိတ်များ ၁၃၈
- ကျိုးကန်းနိမိတ် လာပြန်ပြီ ၁၃၈
- ခွေးကလည်း တစ်မျိုး ၁၃၉
- ဆိတ်နှင့်ဆိုင်သော နိမိတ်များ ၁၄၀
- ကြောင်နှင့်ကြွက်တို့ နိမိတ်များ ၁၄၁
- ဖျိုင်းပျံသည့် နိမိတ် ၁၄၄
- စွန်ရဲနှာ: နိမိတ် ၁၄၄
- လာပြန်ပြီ ကြွက်နိမိတ် ၁၄၅

- ဘဲနှင့်ဆိုင်သော နိမိတ်များ ၁၄၇
- မပြီးသေးတဲ့ ပျားစွဲနိမိတ် ၁၄၈
- ထပ်လာပြန်ပေါ့ ကြောင်နိမိတ် ၁၄၈
- အိမ်မြှောင်နှင့်ဆိုင်သော နိမိတ်များ ၁၅၀
- ငှက်တော်ကလည်း နိမိတ်နှင့် ၁၅၁
- ဂျီဆိုတာလည်း နိမိတ်နှင့် ၁၅၂
- အခန်းဆက် ကြွက်နိမိတ် ၁၅၃
- မြင်းမှာလည်း နိမိတ်ရှိသည် ၁၅၄
- လင်းတနှင့်ဆိုင်သော နိမိတ်များ ၁၅၇
- ကြက်နှင့်ဆိုင်သော နိမိတ်များ ၁၅၈
- ခွေးနှင့်ဆိုင်သော နိမိတ်များ ၁၆၀
- စာကလေးနှင့်ပတ်သက်သော နိမိတ်များ ၁၆၁
- အပြီးမပိတ်သေးတဲ့ ကျီးနိမိတ် ၁၆၄
- ဓိးကွက်နှင့်ဆိုင်သော နိမိတ်များ ၁၆၇
- ကိုယ်ပေါ်သို့ တိရစ္ဆာန်ကျသည့် နိမိတ်များ ၁၆၇
- သတ္တဝါအချို့နှင့် မိုးကြီးမည့်နိမိတ် ၁၆၇
- ဆောင်အတိတ်နှင့် ကြောင်နိမိတ် ၁၆၈
- ငလျင်နိမိတ်ကို ကြိုသိသလော ၁၇၀
- ဘယ်အချိန်မှာ ခွေးဟောင်သလဲ ၁၇၁

၈။ **အထွေထွေနိမိတ်များ** ၁၇၄

(၁) နှာချေတာလည်း နိမိတ်နဲ့ပဲ ၁၇၄

(၂) လက်သည်းဘယ်မှာ ပွင့်သလဲ ၁၇၆
(၃) မျက်နှာပူသည့် နိမိတ် ၁၇၇
(၄) အဝတ်လျှောကျသည့် နိမိတ် ၁၇၉
(၅) မှန်ကွဲခြင်း၏ နိမိတ်များ ၁၈၁
(၆) ဗေဒင်ဆရာတို့ ကောက်ယူကြသည့် နိမိတ်များ ၁၈၂
(၇) နိမိတ်ကို မည်သို့ဖမ်းမည်နည်း ၁၉၂
(၈) နိမိတ်မကောင်းလျှင် ယတြာချေ ၁၉၃
(၉) မျက်စိရှေ့မှ နိမိတ်များ ၁၉၄
(၁၀) လူမမာအတွက် နိမိတ်များ ၁၉၇
(၁၁) ပင့်ကူကို ချင့်ယူ၍ နိမိတ်ကောက်သော် ၂၀၁
(၁၂) ဘာတွေမြင်မိပါသေးလဲ ၂၀၄
(၁၃) မီးဖိုချောင်မှ နိမိတ်များ ၂၁၄
(၁၄) မကောင်းသော ခရီးသွားနိမိတ်များ ၂၁၆
(၁၅) ကောင်းသောခရီးသွား နိမိတ်များ ၂၂၄
(၁၆) ဝတ်စားဆင်ယင်မှုဆိုင်ရာ နိမိတ်များ ၂၂၉
(၁၇) သတိပြုစရာ နိမိတ်များ ၂၃၅

# စကားအမှာ

- နိမိတ်ဆိုသည်ကား...
  မဖြစ်သေးသော အဖြစ်အပျက်
  မတွေ့ကြုံရသေးသော အတွေ့အကြုံ
  စသည်တို့အား
  တင်ကြိုဖတ်ကြားခြင်းပင် ဖြစ်၏။
- လောကကြီးသုံးပါးအတွင်း
  တည်မှီဖြစ်ပျက်နေသည့်
  သဘာဝအခြင်းအရာ၌
  ဖတ်ကြားစရာ နိမိတ်များ
  ရှိနေကြ၏။
  ကောင်းသောနိမိတ်များ ပါဝင်သကဲ့သို့
  **မ**ကောင်းသောနိမိတ်များလည်း
  ယှက်ငင်ရောထွေးနေကြကုန်၏။
- ဤစာအုပ်၌...
  နိမိတ်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍
  စုံစေ့နိုင်သမျှ စုံစေ့အောင်
  လေ့လာတင်ပြထားပါသည်။
  စာရှုသူတိုင်း...
  နိမိတ်ကောင်း... အတိတ်ကောင်းနှင့်
  အပေါင်းကျက်သရေ ပြည့်စုံကြပါစေသတည်း။

**သုတေသီဆရာငြိမ်း**

## အာရုံ (၆)ပါး နိမိတ်များ

'နိမိတ်'ဆိုသည့် ဝေါဟာရစကားလုံးသည် ကျွန်ုပ်တို့နှင့် ရင်းနှီးနေပြီးသော စကားလုံးဖြစ်၏။ အင်္ဂဝိဇ္ဇာ ဗေဒင်ပညာရပ်၌ 'နိမိတ်'သည် အရေးပါလှ၏။ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေသမျှ ပေါ်တွင် အခြေပြုလျက် ဖြစ်ပျက်လာမည့် အကောင်းအဆိုးကို ထုတ်ဖော်ခြင်းသည် နိမိတ်ပင်ဖြစ်ချေ၏။ ကျွန်ုပ်တို့ လူမျိုးများသည့် နိမိတ်ကို ယုံကြည်ကြသူများဖြစ်လေရာ 'ဇမ္ဗူဒီပါ၊ လက်ျာတောင်ကျွန်း၊ ညြဘာနိမိတ်ထွန်း'ဆိုသည်မှာ မှန်လှ၏။

နိမိတ်ဟူရာ၌ 'ကောင်းသောနိမိတ်'နှင့် 'မကောင်းသော နိမိတ်'တို့ ရှိကြ၏။ ကျွန်ုပ်တို့နှင့် ကပ်ငြိနေသည့် အာရုံမှာ (၆) ပါးရှိ၏။

(၁) ရူပါရုံ- မြင်တွေ့ရသောအာရုံ

(၂) သဒ္ဒါရုံ - ကြားရသောအာရုံ

(၃) ဂန္ဓရုံ - အနံ့ရသောအာရုံ

(၄) ရသာရုံ - စားသောက်ရသောအာရုံ

(၅) ဖောဋ္ဌဗ္ဗာရုံ - နူးညံ့သော၊ ကြမ်းတမ်းသော အတွေ့အထိအာရုံ

(၆) ဓမ္မာရုံအာရုံ–စိတ်ခံစားမှုဖြစ်ပေါ်သောအာရုံ

တို့ ဖြစ်ကြလေ၏။ ကောင်းသောနိမိတ်ကိုတွေ့ရပါက စိတ်ချမ်းသာမှုများ ဖြစ်ပေါ်ခံစားရပြီး၊ မကောင်းသော နိမိတ်ကို တွေ့ရပါမူ စိတ်ဆင်းရဲရသည်မှာ ဓမ္မတာပင်။ မကောင်းသော နိမိတ်ကို မည်သူမျှ ကြုံဆုံချင်ကြလိမ့်မည်မထင်။ ကြုံဆုံခဲ့ပါမူ ပြေပျောက်သွားစေချင်ကြ၏။ သည့်အတွက် မကောင်းသောနိမိတ်များ ကွယ်ပျောက်စေရန် လုပ်ဆောင်ရမည့် လောကီအစီအရင်များရှိပါ၏။ အလျဉ်းသင့်သည့်နေရာ၌ ထုတ်ဖော်တင်ပြသွားပါမည်။

ယခု တင်ပြလိုသည်မှာ အာရုံ (၆)ပါးတို့၏ အကောင်းနိမိတ်၊ အဆိုးနိမိတ်များ ဖြစ်ကြပါသည်။

## ၁။ (က) ရူပါရုံနိမိတ်မှ ကောင်းသောနိမိတ်များ

(၁) အိပ်မက်၌ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ရသည်ဟု မြင်မက်ခဲ့လျှင်

(၂) အစာချီလာသောငှက်ကို တွေ့မြင်ရပါလျှင်

(၃) ရေပြည့်နေသော အိုးကိုလည်းကောင်း၊ ခရုသင်း၊ ဆံထိုး၊ ဆံကျင်တို့ကိုလည်းကောင်း တွေ့မြင်ရပါလျှင်

(၄) သန့်ပြန့်သောနေရာ၌ ပိုးလောက်တွယ်နေသည်ကို တွေ့မြင်ရပါလျှင်

(၅) ညောင်ရေအိုး ပန်းအိုးတို့ကို တွေ့မြင်ရပါလျှင်
(၆) အရွယ်လွန်သည့်ခွေး နို့စို့နေသည်ကို တွေ့မြင်ရပါလျှင်
(၇) ကလေးသူငယ်များ ပျော်ပျော်ပါးပါးနှင့် စုရုံးကစားနေကြသည်ကိုတွေ့မြင်ရပါလျှင်
(၈) ကိုယ်ဝန်ရင့်နေသော အမျိုးသမီးကို တွေ့မြင်ရပါလျှင်
(၉) လတ်ဆတ်သော အသီးအနှံတစ်ခုခုကို တွေ့မြင်ရလျှင်
(၁၀) အသီးသီးနေသော သစ်ပင်ကို တွေ့မြင်ရလျှင်
(၁၁) အရွယ်ရောက်နေပြီဖြစ်သော အမျိုးသား၊ အမျိုးသမီးတို့၏ လျှို့ဝှက်သောအင်္ဂါကို တွေ့မြင်ရပါလျှင်
(၁၂) အိမ်မွေးတိရစ္ဆာန်မှ သားပေါက်သည်ကို တွေ့မြင်ရပါလျှင်
(၁၃) လတ်ဆတ်သော မစင်ပုံကို တွေ့မြင်ရပါလျှင်
(၁၄) ရေကန်၌ ကြာမျိုးငါးပါး ပွင့်နေသည်ကို တွေ့မြင်ရပါလျှင်
(၁၅) ကြည်လင်သောရေထဲ၌ ငါးများ လှုပ်ရှားကူးခတ်နေသည်ကို တွေ့မြင်ရပါလျှင်
(၁၆) ကြက်ဥ၊ ဘဲဥ၊ နို့တို့ကို စားသောက်ရပါသည်ဟု မြင်မက်လျှင်
(၁၇) ဘုရားပင့်လာခြင်း၊ နတ်ပင့်လာခြင်းတို့ကို တွေ့မြင်ရပါလျှင်

(၁၈) ပျော်ပွဲစားထွက်လာကြသည်ကို တွေ့မြင်ရပါလျှင်
(၁၉) ထီးဖြူ၊ တံခွန်၊ မျက်နှာကြက်၊ တန်ဆောင်းတို့ကို တွေ့မြင်ရပါလျှင်
(၂၀) စိန်ရွှေငွေ ကျောက်မျက်ရတနာတို့ကို တွေ့မြင်ရပါလျှင်
(၂၁) ပဒေသာပင်ကြီး သီးနေသည်ကို တွေ့မြင်ရပါလျှင်
(၂၂) စည်ကားလျက်ရှိသော ရေချိုးဆိပ်ကို မြင်ရလျှင်
(၂၃) နွားလားဥသဘ လှည်းယာဉ်ကို တွေ့မြင်ရလျှင်
(၂၄) ရွှေလှေ ရွှေလှောင်းတို့ကို ရေကြောင်းခရီး၌ တွေ့မြင်ရလျှင်

၎င်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြကာ ကောင်းသောအတိတ်နိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

## (ခ) ရူပါရုံနိမိတ်မှ မကောင်းသောနိမိတ်များ

(၁) လူတစ်ဦးတစ်ယောက် မှိုင်တွေပြီး ငိုယိုနေသည်ကို တွေ့မြင်ရလျှင်
(၂) ဘုရားစေတီပုထိုးတို့ ပြိုကျသည်ကိုမြင်ရလျှင်
(၃) ပုလင်းကွဲနေသည်ကို မြင်ရလျှင်
(၄) ဘုရားဆင်းတု၊ နတ်ရုပ်တုများ ကျိုးပဲ့သည်ကို တွေ့မြင်ရလျှင်
(၅) ဖိုသတ္တဝါ၊ မသတ္တဝါတို့ စပ်ယှက်နေသည်ကို တွေ့မြင်ရလျှင်
(၆) တောင်ကမ်းပါးပြတ်ကို တွေ့မြင်ရလျှင်

(၇) ခြေ,လက်, ဦးခေါင်းတို့ပြတ်လျက် အင်္ဂါမစုံသော အရုပ်ကို တွေ့မြင်ရလျှင်
(၈) နောက်ကျိနေသောရေများကို တွေ့မြင်ရလျှင်
(၉) ထမ်းစင်ပေါ်၌ ကျီးနားသည်ကို တွေ့မြင်ရလျှင်
(၁၀) လင်ကောင်ပိုးငှက်၊ လင်းတငှက်စသော ငှက်ဆိုးတို့ကို တွေ့မြင်ရလျှင်
(၁၁) ပခြုပ်ထဲ၌ မီးတောက်နေသည်ကို တွေ့မြင်ရလျှင်
(၁၂) ရေချမ်းစင်၌ ရေခြောက်ခန်းနေသောရေအိုးကို တွေ့မြင်ရလျှင်
(၁၃) ငန်းမြွေ၊ မြွေဟောက်တို့ကို တွေ့မြင်ရလျှင်
(၁၄) လူနှစ်ယောက် ဒေါသတကြီးဖြင့် ရန်ပွဲဖြစ်နေသည်ကို တွေ့မြင်ရလျှင်
(၁၅) ခေါင်းလည်တို့ ကျိုးပြတ်နေသောအိုးကို တွေ့မြင်ရလျှင်
(၁၆) ကြက်ခွပ်နေကြသည်ကိုလည်းကောင်း၊ ခွေးအချင်းချင်း ကိုက်ခဲနေကြသည်ကိုလည်းကောင်း တွေ့မြင်ရလျှင်
(၁၇) နားနှစ်ဖက်၌ ပန်းများညှပ်ထားသော အမျိုးသမီးကို တွေ့မြင်ရလျှင်
(၁၈) ဆေးအနီ၊ ဆေးအနက်တို့ကို တွေ့မြင်ရလျှင်
(၁၉) ပိုးကျနေသောသစ်ပင်ကို တွေ့မြင်ရလျှင်
(၂၀) ကန်တော့ပွဲထဲ၌ ပျော့နေသည့် ငှက်ပျောသီးကို တွေ့မြင်ရလျှင်

(၂၁) အဝတ်စ အနီရောင်ကို တွေ့မြင်ရလျှင်

ၾငင်းတို့သည် အနိဋ္ဌာရုံများဖြစ်ကြကာ မကောင်းသော အတိတ်နိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

## ၂။ (က) သဒ္ဒါရုံနိမိတ်မှ ကောင်းသောနိမိတ်များ

(၁) ဓီးကွက်မြည်သံကို ကြားရလျှင်

(၂) ခေါင်းလောင်းသံ၊ ကြေးစည်ထုသံ၊ အမျှဝေသံတို့ကို ကြားရလျှင်

(၃) ဗျောက်အိုးဖောက်သံ၊ အမြောက်ထုသံတို့ကို ကြားရလျှင်

(၄) တူရိယာပစ္စည်းများ တီးမှုတ်သံကြားရလျှင်

(၅) သာဓုခေါ်ဆိုသံကြားလျှင်

(၆) ဒေါင်း၊ ကျိုးကြာ၊ ရွှေပြည်စိုးငှက်တို့၏ အော်မြည်ဟစ်ကြွေးသံကို ကြားရလျှင်-

(၇) ပရိတ်ရွတ်သံ ကြားနာရလျှင်-

၎င်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြကာ ကောင်းသောနိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

## (ခ) သဒ္ဒါရုံနိမိတ်မှ မကောင်းသော နိမိတ်များ

(၁) တစ်တီတူး၊ လင်ကောင်ပိုးစသော ငှက်ဆိုးထိုးသံကြားရလျှင်

(၂) ချွဲချွဲပျစ်ပျစ် ငိုညည်းသံများကြားရလျှင်

(၃) တိုင်းထွာ၊ ဆဲဆို၊ ညစ်ညမ်းစွာပြောဆိုနေသည်တို့ကို ကြားရလျှင်

(၄) ဝေဒနာကို ခံစားရလျက် ညည်းညူနေသည်ကို ကြားရလျှင်

(၅) ဝေဒနာကြောင့် နာကျင်စွာ အော်ဟစ်နေသည်ကို ကြားရလျှင်

(၆) ဝမ်းနည်းပူဆွေးစွာဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကိုကြားရလျှင်

ၚင်းတို့သည် အနိဋ္ဌာရုံသဘော သက်ဝင်ကြ၏။ မကောင်းသော အတိတ်နိမိတ်များဟူ၍ မှတ်ယူကြပါကုန်။

အာရုံ (၆) ပါး၌ အပါအဝင်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံတို့၏ ကောင်းနိမိတ်၊ ဆိုးနိမိတ်များကို တင်ပြခဲ့ပြီးပါပြီ။ ဆက်လက်၍ ကျန်အာရုံ (၄) ပါးတို့နှင့် ပတ်သက်နေသည့် ကောင်းနိမိတ်၊ ဆိုးနိမိတ်တို့ကို တင်ပြပါဦးမည်။

## ၃။ (က) ဂန္ဓာရုံနိမိတ်မှ ကောင်းသောနိမိတ်များ

(၁) မွှေးရနံ့ထုံသော ပန်းအား ရှိုက်နမ်းရလျှင် (သို့တည်းမဟုတ်) လေသင့်ရာ မွှေးရနံ့ရလျှင်

(၂) နံ့သာတုံး၊ နံ့သာဆီ၊ ရေမွှေးရနံ့တို့ကို ကြုံကြိုက်ရှူရှိုက်ရလျှင်

ၚင်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြသော ကောင်းသော အတိတ်နိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

(ခ) ဂန္ဓာရုံနိမိတ်မှ မကောင်းသောနိမိတ်များ

(၁) စိတ်နှလုံးမသတီစရာ၊ ပုပ်သိုးအန်ဖွယ်ရာ အနံ့တို့ရခဲ့လျှင်

(၂) ပုပ်အဲ့အဲ့အနံ့တို့ ရခဲ့လျှင်

(၃) ညှီစို့စို့အနံ့တို့ ရခဲ့လျှင်

(၄) မီးနေသည်အနံ့ ရခဲ့လျှင်

ငင်းတို့သည် အနိဋ္ဌာရုံများဖြစ်ကြကာ မကောင်းသော အတိတ်နိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

၄။ (က) ရသာရုံနိမိတ်မှ ကောင်းသောနိမိတ်များ

(၁) အရသာရှိလှစွာသော စားကောင်းသောက်ဖွယ်ရာများ ရခဲ့လျှင်

(၂) ထောပတ်ထမင်း အုန်းထမင်းတို့ကို စားသောက်ရလျှင်

(၃) သကြား၊ ပျားရည်နှင့် ထန်းလျက်တို့ကို စားသောက် ရလျှင်

(၄) ဖျော်ရည်မျိုးစုံ သောက်ရလျှင်

(၅) ယိုမျိုးစုံ၊ မုန့်မျိုးစုံ၊ ချိုမြိန်သော သစ်သီးတို့ကို စားရ လျှင်

ငင်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြကာ ကောင်းသော အတိတ် နိမိတ်ဟူ၍ ကောက်ယူနိုင်ပါ၏။

## (ခ) ရသာရုံနိမိတ်မှ မကောင်းသောနိမိတ်များ

(၁) ညှံ့ဖျင်းလှစွာသော အရသာကင်းမဲ့လှစွာသော အစားအသောက်များကို စားသောက်ရပါလျှင်

(၂) ကျန်းမာရေးထိခိုက်နိုင်သော အစားအသောက်များ စားသောက်ရလျှင်

(၃) လက်ဆောင်ရသော အစားအစာ၌ မှိုများတက်နေလျှင်

(၄) စားသောက်ရမည့် အစားအစာသည် မူလပကတိအဟိုင်းမဟုတ်ဘဲ အကျိုးအပဲ့များ ဖြစ်နေလျှင်

(၅) အစားအသောက်သည် ချိုလွန်းခြင်း၊ ချဉ်လွန်းခြင်း၊ စပ်လွန်းခြင်း၊ ငန်လွန်းခြင်း၊ ဖန်လွန်းခြင်း၊ ခါးလွန်းခြင်း၊ ဆိမ့်လွန်းခြင်းတို့ ဖြစ်နေလျှင်

(၆) အစားအသောက်ထဲ၌ သဲများ၊ ခဲများပါလာလျှင်

(၇) အစားအသောက်များ မနူးမနပ်ဖြစ်နေလျှင်

(၈) သတ်မှတ်ကာလလွန်သော အစားအသောက်များကို စားရလျှင်

ငင်းတို့သည် အနိဋ္ဌာရုံများဖြစ်ကြသော မကောင်းသော အတိတ်နိမိတ်ဟူ၍ မှတ်ယူနိုင်ပါ၏။

## ၅။ (က) ဖောဋ္ဌဗ္ဗာရုံနိမိတ်မှ ကောင်းသောနိမိတ်များ

(၁) သင်္ကန်းလက်ဆောင်ရခဲ့လျှင်

(၂) ကော်ဇော၊ မွေ့ရာ၊ ဖျာ၊ ဖျင်ကောင်းများရရှိခဲ့လျှင်

(၃) ထီး၊ ဦးထုပ်၊ ခေါင်းပေါင်းတို့ ရရှိခဲ့လျှင်
(၄) လုံချည်၊ ပုဆိုး၊ အင်္ကျီ၊ ပိတ်စအသစ်များ ရရှိခဲ့လျှင်
(၅) နူးညံ့အိစက်သော အိပ်ရာ၊ အခင်းတို့၌ လဲလျောင်းအိပ်စက်ရလျှင်
(၆) အထိအတွေ့ ညက်ညောလှသောသူနှင့် ထိတွေ့ဆက်ဆံရလျှင်

ၚင်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြကာ ကောင်းသော အတိတ်နိမိတ်ဟူ၍ မှတ်ယူနိုင်ပါ၏။

## (ခ) ဖောဋ္ဌဗ္ဗာရုံနိမိတ်မှ မကောင်းသော နိမိတ်များ

(၁) စုတ်ပြဲနေသော၊ ဖာထေးထားသော အဝတ်အစားများ ရခဲ့လျှင်
(၂) ကြွက်ကိုက်ခံရသော အဝတ်အစားများ ဝတ်ဆင်ရလျှင်
(၃) မီးလောင်ထားသော မွေ့ရာခင်း၌ အိပ်စက်ရလျှင်
(၄) မတော်မလျော်၊ အဝတ်အစားများကို ဆင်မြန်းရလျှင်
(၅) ဖာထေးထားသော အနားစများဖွာနေသည့် ကော်ဇော၊ ဖျာတို့ ရရှိခဲ့လျှင်
(၆) အထိအတွေ့ ကြမ်းရှသူနှင့် ထိတွေ့ဆက်ဆံရလျှင်

ၚင်းတို့သည် အနိဋ္ဌာရုံများဖြစ်ကြသော မကောင်းသော အတိတ်နိမိတ်ဟူ၍ မှတ်ယူနိုင်ပါ၏။

၆။ (က) ဓမ္မာရုံ ကောင်းသောနိမိတ်များ

(၁) ဝမ်းမြောက်ဝမ်းသာဖွယ်ရာများ တွေ့ကြုံရလျှင်

(၂) ကခုန်မြူးတူးလိုစိတ်များ ဖြစ်ပေါ်လာလျှင်

(၃) ပျော်ရွှင်မှုများ တွေ့ကြုံရလျှင်

(၄) စိတ်ဓာတ်များ ကြည်လင်နေလျှင်

ငင်းတို့သည် ဣဋ္ဌာရုံများဖြစ်ကြသော ကောင်းသော အတိတ်နိမိတ်ဟူ၍ မှတ်ယူနိုင်ပါ၏။

(ခ) ဓမ္မာရုံ မကောင်းသောနိမိတ်များ

(၁) စိတ်ဆင်းရဲဖွယ်များ၊ စိတ်ညစ်ညူးဖွယ်ရာများ တွေ့ကြုံရလျှင်

(၂) စိတ်ဓာတ်များ မပေါ့ပါးဘဲ လေးလံထိုင်းမှိုင်းနေလျှင်

(၃) ဝမ်းနည်းစရာများ၊ ကြေကွဲစရာများ တွေ့ကြုံရလျှင်

(၄) အလကားနေရင်း ငိုချင်စိတ်များ ဖြစ်ပေါ်နေလျှင်

ငင်းတို့သည် အနိဋ္ဌာရုံများဖြစ်ကြကာ မကောင်းသော အတိတ်နိမိတ်ဟူ၍ မှတ်ယူနိုင်ပါ၏။ ကျွန်ုပ်တို့သည် မကောင်းသောအတိတ်နိမိတ်ကို မလိုလားဘဲ ကောင်းသောအတိတ်နိမိတ်များကို လိုလားကြပါ၏။ သည့်အတွက် မကောင်းမှုမှန်သမျှ ရှောင်ဖို့လိုပါ၏။ ကောင်းမှုများကို လုပ်ဆောင်ရန် လိုပါ၏။ ဖြူစင်သောစိတ်ဓာတ်များကို မွေးမြူဖို့လိုပါ၏။

သို့ဆိုပါလျှင် မကောင်းသော နိမိတ်များ ကွယ်ပကာ ကောင်းသောနိမိတ်များနှင့်သာ တွေ့ကြုံရလိမ့်မည် ဖြစ်ပါကြောင်း လေ့လာထားသမျှ တင်ပြလိုက်ရပါတော့၏။

* * *

## အိပ်မက်ဆိုင်ရာ နိမိတ်များ (၁)

လူတိုင်း အိပ်မက် မက်ဖူးကြပါလိမ့်မည်။

အချို့အချို့သော အိပ်မက်များမှာ သွေးလေချောက်ချား၍ မက်သော အိပ်မက်များဖြစ်သဖြင့် ပျော်ရွှင်ကြည်နူးစရာ၊ ထိတ်လန့်တုန်လှုပ်စရာတို့ကို ခံစားရတတ်ပါသည်။ နိမိတ်ဖတ်၍မရပါ။ သွေးလေချောက်ချားမှုကြောင့် မဟုတ်ဘဲ နိမိတ်ပြသော အိပ်မက်များလည်း ရှိပါသည်။ ထိုအိပ်မက်များသာ နိမိတ်ဖတ်၍ ရပါလိမ့်မည်။ နိမိတ်ဟူရာ၌ နိမိတ်ကောင်းလည်းရှိ၏။ နိမိတ်ဆိုးလည်းရှိချေ၏။

### နိမိတ်ဆိုးတို့ ကင်းပျောက်အောင်

မည်သူမျှ အတိတ်နိမိတ်ဆိုးများနှင့် မတွေ့ကြုံချင်ကြပေ။

နိမိတ်မကောင်းဟုဆိုရာ၌ အိပ်မက်မကောင်းခြင်းက အခြေခံကျပေ၏။ ထိုသို့ အိပ်မက်မကောင်း နိမိတ်မကောင်းပါက-

(၁) ပရိတ်ရေဖြင့် ခေါင်းဆေးခေါင်းလျှော်ပြုရာ၏။

(၂) ရေချမ်း၊ ထီး၊ တံခွန်၊ ပန်းတို့ဖြင့် ဘုရားစေတီပုထိုးတို့အား ပူဇော်ရာ၏။

(၃) နံ့သင့်ပန်း (ဥပမာ– တနင်္ဂနွေသားဆိုလျှင် အုန်းပန်း၊ တနင်္လာသားဆိုရင် ကံ့ကော်ပန်းစသည်)တို့ကို သက်စေ့ပူဇော်ရာ၏။

(၄) ကြိုရန်း၊ စတုရန်းနံ့သစ်တို့ကို နင်းကြမ်းပြုလျက်ခေါင်းဆေးခေါင်းလျှော်ပြုရာ၏။

(၅) ဗောဓိညောင်ကို ထောက်ရာ၏။ တံတားခင်းရာ၏။

ထိုသို့ ကောင်းမှုကုသိုလ်နှင့်ယှဉ်သော ပြုဖွယ်ရာများကို ပြုလုပ်ပါက မကောင်းသောအိပ်မက်ကို အခြေပြုဖြစ်ပေါ်လာမည့် နိမိတ်ဆိုးများ လွင့်ပြယ်သွားမည်ဖြစ်ပါကြောင်း။

**အိပ်မက်နိမိတ်များ**

၁။ အိပ်မက်ထဲ၌ ဘုရားဆင်းတုတော် ရုပ်ပွားတော်များ ကြွသွားသည်ကို မြင်မက်ရပါက ကျက်သရေမင်္ဂလာ တိုးပွားတတ်ပါသည်။

၂။ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်များအား ဖူးမြင်ရသည်ဟု မက်သော် နတ်ဒေဝတာအပေါင်း၏ ချစ်ခင်မှုကို ခံယူရရှိတတ်ပါသည်။

၃။ ကောင်းသော အခြင်းအရာဖြင့် ရဟန်းသာမဏေကို မြင်မက်သော် သမာဓိနတ်တို့၏ လေးမြတ်မှုကို ခံယူရခြင်း၊

နတ်စိမ်းတို့၏ ချစ်ခင်ခြင်းကို ခံယူရခြင်းတို့ ဖြစ်တတ်ပါသည်။

၄။ ကောင်းသော အခြင်းအရာဖြင့် မြွေကိုမြင်မက်သော် ပြိတ္တာများ၊ သရဲသဘက်များ၏ ကျေးဇူးပြုမှုကို ခံရတတ်ပါသည်။

၅။ လင်းတကို မြင်မက်သော် ဇော်ဂနီတို့၏ ချစ်ခင်ခြင်းကို ခံရတတ်၏။

၆။ ခွေးကို မြင်မက်သော် စုန်းနတ်တို့၏ ချစ်ခင်ခြင်းကို ခံရတတ်၏။

၇။ နေကြတ်ခြင်း၊ လကြတ်ခြင်းကိုမြင်မက်သော် ဘုန်းလက်ရုံးကြီးမားသော သားဖွားတတ်၏။

၈။ အသီးအရွက်တို့ ပြည့်စုံသောသစ်ပင်ကို မြင်မက်သော် ဥစ္စာပစ္စည်းတို့ တိုးပွားတတ်၏။

၉။ ရေအိုးတွင် လရိပ်ကျသည်ကိုလည်းကောင်း၊ လယ်ကွင်း၌ ကျားရောက်နေသည်ကိုလည်းကောင်း မြင်မက်ရပါက အထွတ်အထိပ်သို့ ရောက်ရှိတတ်ပါ၏။

၁၀။ ရွှေငွေရတနာ ကျောက်သံပစ္စည်းများကို မြင်မက်သော် ရတ်တရက် ကြီးပွားချမ်းသာတတ်၏။

၁၁။ နေမွန်းတည့်သည်ကို မြင်မက်ရပါက ဥစ္စာပစ္စည်းများ ရရှိတတ်ပါသည်။

၁၂။ ကြယ်ကို မြင်မက်ရပါက အပြိုင်အဆိုင်တို့တွင် အနိုင်ရတတ်ပါသည်။

၁၃။ ထမ်းစင်ထက် ကျိုးနားသည်ကို မြင်မက်ရပါက နာဖျားတတ်ပါသည်။ အသက်အန္တရာယ် စိုးရိမ်ရတတ်ပါသည်။

၁၄။ ဘုရားပြိုသည်ကိုလည်းကောင်း သစ်ပင်သစ်ကိုင်း ကျိုးကျသည်ကိုလည်းကောင်း မြင်မက်ရပါက ဘေးဆိုးအန္တရာယ်ဆိုးများ ကျရောက်တတ်ပါသည်။

၁၅။ နောက်ကျိနေသော ရေကန်ကို မြင်မက်ရပါက အန္တရာယ်တစ်စုံတစ်ခု ကျရောက်တတ်၏။

၁၆။ ကြည်လင်နေသော ရေကန်ကိုမြင်မက်ရပါက ရန်ဘယာများ ချုပ်ငြိမ်းကွယ်ပျောက်သွားရပြီး ကိုယ်စိတ်နှစ်ပါးချမ်းသာရတတ်ပါသည်။

၁၇။ လှည်းများ၊ သစ်ပျဉ်များ၊ မောင်းထောင်းဆုံများကို မြင်မက်သော် သူတစ်ပါး၏ ကောက်ကျစ်ယုတ်မာခြင်း၊ မကောင်းကြံစည်ခြင်းတို့ကို ခံရတတ်ပါသည်။

၁၈။ ခရုသင်းကို မြင်မက်ပါက ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်များ ကင်းပျောက်တတ်ပါသည်။

၁၉။ ဆင်မြင်းဗိုလ်ပါတို့ကို မြင်မက်ရပါက ချမ်းသာရတတ်ပါ၏။

၂၀။ အယူဝါဒ မှားယွင်းနေသော မိစ္ဆာဒိဋ္ဌိတို့ကို မြင်မက်ရပါက မကောင်းမိစ္ဆာများ၏ နှောင့်ယှက်ခြင်းကို ခံရတတ်ပါသည်။

၂၁။ စစ်သည်အများ ချီတက်လာသည်ကို မြင်မက်ပါက ရောဂါ တစ်ခုခု၏ နှိပ်စက်ခြင်းကို ခံရတတ်ပါသည်။
၂၂။ မျောက်ကို မြင်မက်သော် ရွှေငွေများ ရလာတတ်သည်။
၂၃။ ချောင်းရေ၊ ကန်ရေတို့ကို မြင်မက်သော် မိမိနေထိုင်ရာ အရပ်၌ အကြီးအကဲ ဖြစ်တတ်ပါသည်။
၂၄။ ရဟန်းသံဃာတော်တစ်ပါးပါး အိမ်သို့ကြွလာသည်ကို မြင်မက်ပါက ရွှေငွေများ ဝင်လာတတ်ပါသည်။
၂၅။ ဥယျာဉ်ပန်းမာလ်တို့ကို မြင်မက်ပါက လာဘ်လာဘများ တိုးတက်တတ်ပါသည်။
၂၆။ အိမ်မီးလောင်သည်ကို မြင်မက်ပါက ဘေးအန္တရာယ် ကျရောက်တတ်ပါသည်။
၂၇။ အိမ်ခေါင်မိုးထက်သို့၊ နေ၊ လတို့ ကျဆင်းလာသည်ကို မြင်မက်ပါက အကြီးအကဲနေရာသို့ ရရှိတတ်ပါသည်။
၂၈။ ပုပ်ပွနေသော သားကောင်အသေတို့ကို မြင်မက်ပါက လာဘ်ရွှင်လန်းတတ်ပါသည်။
၂၉။ လည်တိုင်ပြတ်နေသော အိုးကို မြင်မက်ပါက လုပ်ငန်းများ ရပ်ဆိုင်းရတတ်ပါသည်။
၃၀။ ကျွဲအချင်းချင်း ခတ်ဖော့တိုက်ခတ်နေသည်ကို မြင်မက် ပါက ရန်သူနှင့်တွေ့ရတတ်ပါသည်။
၃၁။ ကြက်အချင်းချင်း ထခွပ်နေသည်ကို မြင်မက်ပါက တရား တပေါင်နှင့် ရင်ဆိုင်ရတတ်ပါသည်။

၃၂။ စပါးခင်းများ၊ စပါးစေ့များကို မြင်မက်ပါက တစ်ဦးတစ်ယောက်ယောက်နှင့် ခွန်းကြီးခွန်းငယ် စကားများရတတ်ပါသည်။

၃၃။ တစ်ဦးတစ်ယောက်အား ဝက်မှအစွယ်ဖြင့် လိုက်၍ပက်နေသည်ကို မြင်မက်ပါက ခိုက်ရန်ဖြစ်ပွားတတ်ပါသည်။

၃၄။ ဆောက်လုပ်ရန် အိမ်တိုင်ထူထားသည့်အနက် အိမ်တိုင်မကြီး လဲပြိုသည်ကို မြင်မက်ပါက အိမ်ထောင်ဦးစီး၏ အသက်အန္တရာယ် စိုးရိမ်ရတတ်ပါသည်။

၃၅။ ဖွဲဖီးတငွေ့ငွေ့လောင်သည်ကို မြင်မက်ပါသောကအပူများနှင့် တွေ့ကြုံရတတ်ပါသည်။

၃၆။ မီးဖိုကို မြင်မက်ပါက ဘေးဒုက္ခများနှင့် ရင်ဆိုင်တွေ့ကြုံရတတ်သည်။

၃၇။ လူသေအလောင်းကို မြင်မက်ပါက အလုပ်အကိုင် အကြံအစည်များ အောင်မြင်ပြီးစီးတတ်ပါသည်။

၃၈။ မိုးသက်မုန်တိုင်းများ ကျရောက်နေသည်ကို မြင်မက်ရပါက လျှို့ဝှက်ထားသော ကိစ္စရပ်များ ပေါက်ကြားတတ်ပါသည်။ ပူပင်ကြောင့်ကြရတတ်ပါသည်။

၃၉။ မြွေပွေး၊ မြွေဟောက်များကို မြင်မက်ရပါက ရန်ကြွင်းရန်စများ ချုပ်ငြိမ်းပျောက်ကွယ်ရတတ်ပါသည်။

၄၀။ ဥဗျိုင်းများ ဝိုင်းရံပျံဝဲလာသည်ကို မြင်မက်ရပါက မကြာခင်ကာလအတွင်း ကောင်းစားပါလိမ့်မည်။

၄၁။ အိမ်အနီး ပတ်ဝန်းကျင်၌ မှိုများပေါက်ရောက်နေသည်ကို မြင်မက်ရပါက မိုးကြိုးခတတ်ပါသည်။

၄၂။ ဦးခေါင်းပြတ်များကို အိပ်မက်၌ မြင်မက်ရပါက ရန်အပေါင်းကို အောင်မြင်စွာ နှိမ်နင်းနိုင်ပါတော့မည်။

၄၃။ ဓားများ၊ လှံများ၊ အရောင်အလျှံ တဖိတ်ဖိတ်တလက်လက် တောက်ပသည်ကို မြင်မက်ရပါလျှင် ဘုန်းတန်ခိုးတေဇော် အာနုဘော်များ ကြီးမားပါလိမ့်မည်။

၄၄။ ထောပတ်ရည်၊ နို့ရည်တို့ကို ရွံရှာဖွယ်ရာ မြင်မက်ပါလျှင် ဘီလူးဘေး၊ ငတ်မွတ်ခြင်းဘေး၊ ဖျားနာခြင်းဘေးတို့ ကျရောက်ရတတ်ပါသည်။

၄၅။ သတို့သမီးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လျက်၊ ပန်းဖြူကိုပန်ကာ တစ်စုံတစ်ခုအား ကိုင်စွဲလာသည်ကို မြင်မက်သော် အကြီးအကဲ ဖြစ်တတ်ပါသည်။

၄၆။ သတို့သမီးသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်လျက် ပန်းအနက်ကိုင်ကာ တစ်စုံတစ်ခုအား ကိုင်စွဲလာသည်ကို မြင်မက်သော် အသက်အန္တရာယ်ကို ထိခိုက်တတ်ပါသည်။

၄၇။ အသီးများ ပြွတ်တွဲဝေဆာစွာ သီးလျက်ရှိသော သရက်ပင်၊ ဥသျှစ်ပင်တို့ကို မြင်မက်ပါက ဥစ္စာပစ္စည်းတို့ မကြာခင် ကာလအတွင်း တိုးပွားပါတော့မည်။

၄၈။ နေ၊ လနှင့် အာသာဝတီနက္ခတ်တို့ကို မြင်မက်ပါက မည်သို့မျှ အားစိုက်ထုတ်မှုမရှိဘဲနှင့် အထွတ်အထိပ်သို့ ရောက်ရှိတတ်ပါသည်။

၄၉။ ရေကန်ထဲ၌ မြွေတစ်ကောင် ကူးခတ်နေသည်ကို မြင်မက်ပါက ဥစ္စာပစ္စည်းများ တိုးပွားတတ်ပါသည်။

၅၀။ စေတီတော်၊ ဆင်းတုတော်၊ တိမ်တိုက်၊ ရဟန်းပုဏ္ဏားမင်းတို့ကို မြင်မက်ပါက ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝတတ်ပါသည်။

၅၁။ စိတ်ကားဖြူစင်သောသူငယ်၊ ကြွယ်ဝချမ်းသာသောသူ၊ မီးရဲရဲ၊ မြင်းတပ်ထားသောယာဉ်၊ သစ်ပင်၊ အစွယ်ရှိသောဆင်၊ ငါးစိမ်း၊ အဆိပ် စသည်တို့ကို မြင်မက်ရပါက ဆိုးကျိုးများ ကွယ်ပျောက်ပြီး ကောင်းကျိုးလိုရာသို့ ရောက်ပါတော့မည်။

၅၂။ သွေးစက်တို့ကိုလည်းကောင်း၊ မြေပြင်၌ လက်နက်တို့အား ထောင်စိုက်ထားသည်ကိုလည်းကောင်း၊ မြူတိမ်ကင်းစင်သော ကောင်းကင်ကိုလည်းကောင်း၊ ညို၊ နွား၊ ဆင်၊ မြင်းနှင့် ခြင်္သေ့တို့ကိုလည်းကောင်း၊ နန်းပြာသာဒ်ကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားဆရာကိုလည်းကောင်း မြင်မက်ပါက ကြီးစွာသော လာဘ်လာဘစည်းစိမ်တို့ကို ခံစားရပါတော့မည်။

၅၃။ စီးဆင်းလျက်ရှိသော ရေကိုလည်းကောင်း၊ ဆင်၊ မြင်း၊ နွားတို့ မွေးဖွားသည်ကိုလည်းကောင်း၊ ရွှေ ငွေတို့ကိုလည်း မြင်မက်ပါက ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝပါတော့မည်။

၅၄။ ရေကောင်းရေသန့်များ သွန်ပစ်သည်ကို မြင်မက်ပါက အသက်အန္တရာယ်နှင့် ကြုံရတတ်ပါသည်။

၅၅။ နတ်ရုပ်များကို မြင်မက်ပါက အဆွေခင်ပွန်းကောင်းတို့ ရရှိတတ်ပါသည်။

၅၆။ ဘီလူး၊ ရက္ခိုက်၊ ပြိတ္တာ၊ မြေဖုတ်တို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပထိန်လက်နေသည်ကို မြင်မက်ပါက အသက် အန္တရာယ်နှင့် ကြုံရတတ်ပါသည်။

၅၇။ ပခြုပ်အတွင်း၌ မီးတောက်သည်ကိုလည်းကောင်း၊ ဓား၊ လှံများ အရောင်လက်သည်ကိုလည်းကောင်း မြင်မက်ပါက လက်အောက်ငယ်သားများ၏ ကလန်ကဆန်လုပ်မှုနှင့် ကြုံရပါမည်။

၅၈။ ထင်းပုံကိုမြင်မက်ပါက စိတ်မချမ်းသာစရာနှင့် ကြုံရတတ် ပါသည်။

၅၉။ နေအိမ်အား ဆူးခက်များ ဝန်းရံနေသည်ကို မြင်မက်ပါက သူခိုး ခိုးခံရတတ်ပါသည်။

၆၀။ မိန်းမဖြစ်သူ၏ အမွေးအမျှင်များ ရှည်ထွက်လာသည်ကို မြင်မက်ပါက ဥစ္စာပစ္စည်းများ တိုးပွားပါလိမ့်မည်။

၆၁။ ငှက်ပျောပင်ကို မြင်မက်သော် အပြောင်းအရွှေ့နှင့် ကြုံရ တတ်ပါသည်။

၆၂။ ဆင်ပေါက်ကိုမြင်မက်သော် အပူဇော်ခံ ပုဂ္ဂိုလ်ဖြစ်တတ်ပါ သည်။

၆၃။ အရပ်လေးမျက်နှာမှ ဆင်ပေါက်များ လာနေသည်ကို မြင်မက်ပါက လာဘ်လာဘ များရတတ်ပါသည်။
၆၄။ ပွဲသဘင်ခံသည်ကို မြင်မက်သော် အန္တရာယ်ကျရောက်တတ်ပါသည်။
၆၅။ လားသတ္တဝါကို မြင်မက်သော် မကြာခင် ကောင်းစားပါတော့မည်။

ဤကား အိပ်မက်ဆိုင်ရာ နိမိတ်အချို့ပင် ဖြစ်ပါသည်။ စာဖတ်သူတို့အနေဖြင့် ကောင်းသောအိပ်မက်မက်ကာ ကောင်းသောနိမိတ်နှင့် ကြုံကြပါစေသတည်း။

* * *

## အိပ်မက်ဆိုင်ရာ နိမိတ်များ (၂)

မြင်တွေ့မှုဆိုင်ရာနှင့် ပတ်သက်၍ မက်လေသော အိပ်မက် အပေါ်မူတည်၍ ဖြစ်တတ်လေသော နိမိတ်များအကြောင်းကို လည်းကောင်း၊ အိပ်မက်မကောင်းပါက နိမိတ်လည်း မကောင်း တတ်ပါကြောင်း၊ အိပ်မက်မကောင်းသည်ရှိသော် နိမိတ်မကောင်း ဟု စိတ်ထဲစွဲနေသော ထိုမကောင်းမှုမှ လွင့်ပြယ်သွားစေရန် ပြုလုပ်ရမည့် အစီအရင်ကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ အိပ်မက်ဆိုင်ရာ နိမိတ်များကို ရှာဖွေလေ့လာ ပြီး စာရှုသူတို့ အကျိုးအတွက် တင်ဆက်ပါဦးမည်။

### ကြားရသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များ

အချို့အချို့သော အိပ်မက်များသည် အမြင်ချည်းသာ မဟုတ်။ အသံတွေကိုပါ ကြားရကြောင်း မြင်မက်တတ်ကြပါ သည်။ သို့ဖြစ်၍ ကြားရသည်ကိုအစွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များကို တင်ပြလိုက်ပါသည်။

## ကြားရသည့်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာနိမိတ်များ

၁။ ရုပ်ပွားဆင်းတုတော်များမှ တရားဒေသနာတော်များ ဟော ပြောသည်ကို ကြားရကြောင်း မြင်မက်ပါက မကြာခင် ကာလအတွင်း ထင်ပေါ်ကျော်စောပါလိမ့်မည်။

၂။ စည်တော်ကြီး၊ ကြေးနင်း၊ ပတ်သာ၊ မောင်း၊ လင်းကွင်း၊ စည်းနရီ၊ ခရု၊ ခရာ၊ ခေါင်းလောင်း အစရှိသော တူရိယာပစ္စည်းများ၏ အသံတို့ ကြားရကြောင်း မြင်မက် ပါက နှစ်လိုဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများ ကြားရပါတော့မည်။

၃။ မိုးကြိုးထစ်သံ၊ ပစ်သံများ၊ စည်သံ၊ ခရာသံ၊ နှဲ၊ ပလွေ သံတို့ကို ကြားရသည်ဟု မြင်မက်ပါက အကြီးအကဲများ၏ ချီးမြှင့်မြောက်စားမှုကို ခံစားရပါလိမ့်မည်။

၄။ ခင်ပုပ်ငှက်၏ အသံ၊ ငှက်ဆိုးထိုးသံတို့ကို ကြားရသည်ဟု မြင်မက်ပါက အနာရောဂါတစ်ခုခု စွဲကပ်တတ်ပါသည်။

၅။ ဒေါင်းအိုးဝေ၏ တွန်ကျူးသံကို ကြားရသည်ဟု မြင်မက် ပါက လိုလားတောင့်တလျက်ရှိသော သတင်းကောင်း တစ်ခုကို ကြားရပါလိမ့်မည်။

၆။ ရန်ဖြစ်သံ၊ ဆဲဆိုကြိမ်းမောင်းသံ၊ ရှိုက်ကြီးတငင် ငိုကြွေး သံများကို ကြားရသည်ဟု မြင်မက်ပါက မကြားချင်သော သတင်းဆိုးတစ်ခုကို ကြားရပါလိမ့်မည်။

## စားသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာနိမိတ်များ

အချို့အချို့သော အိပ်မက်များသည် အမြင်ချည်း၊ အကြားချည်းသာမဟုတ်။ အစားအစာကိုပါ စားရကြောင်း မြင်မက်တတ်ပါသည်။ သို့ဖြစ်၍ စားရသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာနိမိတ်များကို လေ့လာရှာဖွေ တင်ပြလိုက်ပါသည်။

၁။ သစ်သီးမှည့်၊ သစ်ခမသီးမှည့် (သခွားသီးမှည့်)၊ လက်သုပ်စုံ၊ အုန်းသီးတို့ကို စားရသည်ဟု မြင်မက်ပါလျှင် *လာဘ်လာဘများ ရွှင်လန်းပါတော့မည်။*

၂။ မန်ကျည်းသီးမှည့်အား စားရသည်ဟု မြင်မက်သော် မကြာခင်ကာလအတွင်း လူကြီးသူမ ဆရာသမားတို့၏ သူကောင်းပြုခြင်းကို ခံရပါတော့မည်။

၃။ ငရုတ်သီးသော်လည်းကောင်း၊ ချင်းသော်လည်းကောင်း စားရသည်ဟု မြင်မက်သော် သူတကာတို့၏ ဆရာသမားအဖြစ် အပူဇော်ခံရတတ်ပါသည်။

၄။ ဟင်းကိုလည်းကောင်း၊ သစ်ရွက်ကိုလည်းကောင်း စားရသည်ဟု မြင်မက်သော် စီးပွားလာဘ်လာဘများ တိုးတက်လာပါတော့မည်။

၅။ လိပ်ကိုသော်လည်းကောင်း၊ ငါးအမျိုးမျိုးကိုသော်လည်းကောင်း စားရသည်ဟု မြင်မက်သော် စပါးဆန်ရေတို့ ပေါကြွယ်ဝတတ်ပါသည်။

၆။ လိပ်ဥအပါအဝင် ဥအမျိုးမျိုးကို စားရသည်ဟုမြင်မက်သော် သူဆင်းရဲဖြစ်ပါက မကြာမီကာလအတွင်း ကြီးပွားချမ်းသာပါတော့မည်။

၇။ မြေဆိုင်မြေခဲများ စားရသည်ဟု အိပ်မက်မက်ပါက အုပ်ချုပ်သူ အကြီးအကဲ၏ မြှောက်စားချီးမွမ်းမှုကို ခံရတတ်ပါသည်။

၈။ ထမင်းစားရသည်ဟု မြင်မက်သော် လာဘ်လာဘရွှင်လန်းတတ်သကဲ့သို့ လက်အောက်ငယ်သားများကြောင့် စိတ်သောက ဗျာပါဒတို့လည်း ခံစားရတတ်ပါသည်။

၉။ ရိုးရိုးပန်းကန်နှင့်မဟုတ်ဘဲ ရွှေပန်းကန်နှင့် ထမင်းစားရသည်ဟု မြင်မက်ပါက သိန်းထီဆုကြီးများ ပေါက်တတ်ပါသည်။

၁၀။ ပုပ်နေသော အစားအစာကိုလည်းကောင်း၊ ချိုးသား၊ ကြက်သားတို့ကိုလည်းကောင်း စားရသည်ဟု မြင်မက်ပါလျှင် အမွေအနှစ်များ ရတတ်ပါသည်။

၁၁။ အထက်ပါ အစားအစာများကို စားသောက်ပြီး ပြန်လည်အန်ထွက်သည်ဟု မြင်မက်ပါက ဘေးအန္တရာယ်တစ်ခုခုကျရောက်တတ်ပါသည်။

၁၂။ အသားကင်ကိုလည်းကောင်း၊ ငါးကင်ကိုလည်းကောင်း၊ မိကျောင်းသားကိုလည်းကောင်း စားရသည်ရှိသော် လက်ရှိအလုပ်အကိုင်မှ ကြီးစွာသောအကျိုးအမြတ်များ ရရှိခံစားရပါတော့မည်။

၁၃။ မနုဿသတ္တဝါ၏အသားကို စားရသည်ဟု မြင်မက်သော် အသုံးအဆောင်ယာဉ်များ ဝင်လာတတ်ပါသည်။ အိုးပိုင်၊ အိမ်ပိုင်၊ တိုက်ပိုင်တို့ ဖြစ်လာတတ်ပါသည်။

၁၄။ ကွမ်းရွက်ကိုသော်လည်းကောင်း၊ သစ်ရွက်ကိုသော်လည်းကောင်း စားရသည်ဟု မြင်မက်ပါလျှင် ဝတ်ကောင်းစားလှများ ဆင်မြန်းရတတ်ပါသည်။

၁၅။ ကြက်ငှက်တို့၏ အတောင်၊ အဖျား၊ အနားသားတို့ကို စားရသည်ဟု မြင်မက်ပါက မကြာခင်ကာလအတွင်း ကြီးပွားချမ်းသာပါတော့မည်။

၁၆။ ရေကန်အထက်၌နေလျက် ကြာဖက်ဖြင့် နို့ယာဂုကို စားရသည်ဟု မြင်မက်ပါက အထွတ်အထိပ်သို့ ရောက်ရှိတတ်ပါသည်။

၁၇။ ကျောက်ဖျာကို ဖွဲ့မျိုစားရသည်ဟု မြင်မက်ပါက လူကြီးသူမ–ဆရာသမား မိဘတို့၏ ကျေးဇူးပြုခြင်းကို ခံရတတ်ပါသည်။

## သောက်သည်ကိုအစွဲပြုသည့် အိပ်မက်ဆိုင်ရာနိမိတ်များ

အချို့အချို့သော အိပ်မက်များသည် အမြင်ချည်း၊ အကြားချည်း၊ အစားချည်းသာမဟုတ်။ သောက်သုံးသည်ကိုလည်း မြင်မက်တတ်ပါသည်။ သို့ဖြစ်၍ သောက်ရသည်ကို အစွဲပြုသည့် အိပ်မက်ဆိုင်ရာ နိမိတ်များကို လေ့လာရှာဖွေ တင်ပြလိုက်ရပါသည်။

၁။ နို့ကို ရိုးရိုးသာမန်ခွက်နှင့်မဟုတ်ဘဲ ရွှေခွက်နှင့်သောက်ရသည်ဟု မြင်မက်သော် အများတကာထက် ထင်ပေါ်ကျော်စောတတ်ပါသည်။

၂။ မြစ်ရေကို သောက်ရသည်ဟု မြင်မက်သော် မိမိနှင့်တန်းတူ လယ်ပယ်များထဲမှနေ၍ ထင်ပေါ်ကျော်စောပါလိမ့်မည်။

၃။ နွားနို့သောက်ရသည်ဟု မြင်မက်သော် ဥစ္စာပစ္စည်းများတိုးပွားတတ်ပါသည်။ သူတစ်ပါး၏ ကျေးဇူးကိုလည်းပြုရတတ်ပါသည်။

၄။ သမုဒ္ဒရာရေ သောက်ရသည်ဟု မြင်မက်သော် အဆိုးအညံ့များ၊ ကြုံတွေ့နေရသည်များ ကင်းလွတ်သွားပါလိမ့်မည်။

၅။ မိခင်၏ နို့ရည်ကို သောက်ရ၊ စို့ရသည်ဟု မြင်မက်ပါလျှင် လက်ရှိအခြေအနေထက် အဆံများစွာ မြင့်မားသည့် အနေအထားသို့ ရောက်ရှိပါတော့မည်။

၆။ သေရည်သေရက်များ သောက်ရသည်ဟု မြင်မက်ပါလျှင် ပူပင်ကြောင့်ကြမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ပါသည်။

၇။ ပျားရည်သောက်ရသည်ဟု မြင်မက်သော် ကြံစည်သမျှအမှုကိစ္စများ အောင်မြင်စွာ ပြီးစီး၍ လာဘ်လာဘများတိုးပွားတတ်ပါသည်။

၈။ နမ်းဆီသောက်ရသည်ဟု မြင်မက်သော် စိုးရိမ်သောကကျရောက်နေမှုများ လွင့်ပျောက်ကင်းစင်သွားပါလိမ့်မည်။

၉။ အိမ်ခေါင်မိုးပေါ်သို့တက်၍ ရေသောက်ရသည်ဟု မြင်မက်သော် အထွတ်အထိပ်ဘဝသို့ ဆိုက်ရောက်ပါလိမ့်မည်။

၁၀။ ပြာသာဒ်ထက်သို့တက်၍ ထောပတ်သောက်ရသည်ဟု မြင်မက်သော် မကြာခင်ကာလအတွင်း ကောင်းစားပါတော့မည်။

၁၁။ သွေးရည်အား သောက်ရသည်ဟု မြင်မက်သော် မကြာခင်ကာလအတွင်း ပညာထူးတစ်ခုခု ရရှိပါတော့မည်။ ဥစ္စာပစ္စည်းများ တိုးပွားပါတော့မည်။

## နှုတ်ကိုစွဲ၍မက်သော အိပ်မက်ဆိုင်ရာနိမိတ်များ

အချို့အချို့သော အိပ်မက်များသည် မြင်ခြင်း၊ ကြားခြင်း၊ စားရခြင်း၊ သောက်ရခြင်းတို့အပြင် နှုတ်ဖြင့်ပြောဆို လှုပ်ရှားရသော အိပ်မက်များလည်း ဖြစ်နေတတ်ပြန်သေး၏။ ဤ၌ နှုတ်ကိုစွဲ၍မက်သော အိပ်မက်ဆိုင်ရာ နိမိတ်အချို့ကို လေ့လာရှာဖွေ တင်ပြလိုက်ပါ၏။

၁။ ရဟန်း၊ ပုဏ္ဏား၊ ပညာရှိတို့အား စကားပြောဆိုရသည်ဟု မြင်မက်လျှင် မကြာခင်ကာလအတွင်း ကြီးပွားချမ်းသာပါလိမ့်မည်။

၂။ သည်းထန်စွာ အော်ဟစ်ငိုကြွေးရသည်ဟု မြင်မက်လျှင် မိမိ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ ထင်ရှားကျော်

ကြားပါတော့မည်။ စည်းစိမ်ဥစ္စာများလည်း တိုးပွားတတ်ပါသည်။

၃။ သူတစ်ယူအား မိမိက တရားဟောရသည်ဟု မြင်မက်လျှင် မကြာခင်ကာလအတွင်း တစ်ဦးဦးနှင့် ခိုက်ရန်ဖြစ်ပွားတတ်ပါသည်။

## စိတ်ကိုစွဲ၍မက်သော အိပ်မက်ဆိုင်ရာ နိမိတ်များ

အချို့အချို့သော အိပ်မက်များသည် မြင်ခြင်း၊ ကြားခြင်း၊ စားရခြင်း၊ သောက်ရခြင်း စကားပြောဆိုရခြင်းတို့အပြင် စိတ်ကိုစွဲ၍မက်သော အိပ်မက်များလည်း ရှိတတ်ပါသေး၏။ သို့ဖြစ်၍ စိတ်ကိုစွဲ၍မက်သော အိပ်မက်တို့၏ နိမိတ်များကိုလည်း လေ့လာရှာဖွေ တင်ပြပါဦးမည်။

၁။ ရဟန်း၊ ပုဏ္ဏား၊ ပညာရှိဝိုကို စိတ်စွဲ၍ မြင်မက်ပါလျှင် စည်းစိမ်ဥစ္စာများ ဒီရေအလား တိုးပွားတတ်ပါသည်။

၂။ ဆရာသမားဟို့အား စိတ်စွဲ၍မြင်မက်ခဲ့လျှင် လာဘ်လာဘများ ရွှင်လန်းတတ်ပါသည်။

၃။ စိုးရိမ်ကြောင့်ကြစိတ်များအပေါ် စွဲလမ်း၍မြင်မက်ခဲ့ပါလျှင် မိမိပြောဆိုသော စကားမှန်သမျှ တစ်ဖက်သားမှ ကန့်ကွက်ခြင်းမရှိဘဲ အောင်မြင်ပြီးမြောက် လိုရာသို့ရောက်တတ်ပါသည်။

၄။ တစ်စုံတစ်ခု စွဲလမ်း၍ အိပ်မက်ထဲမှာပင် ဆတ်ခနဲနိုးလာသည်ဟု မြင်မက်ပါက အထက်လူကြီး၏ ချီးမြှင့်

မြှောက်စားမှုကို ခံရတတ်ပါသည်။ ကောင်းစားတတ်ပါသည်။

၅။ မည်သူ့ကိုမျှ စကားပြောဆိုခြင်းမရှိဘဲ တိတ်ဆိတ်ငြိမ်သက်စွာ နေသည်ကို မြင်မက်ပါလျှင် အသက်အန္တရာယ်တစ်ခုခုနှင့် ကြုံရတတ်ပါသည်။

၆။ ရန်သူအပေါ် စိတ်စွဲ၍ မြင်မက်ခဲ့ပါလျှင် ရန်သူ့ထံမှ အမျက်ပြေစကား ကြားရပါလိမ့်မည်။ ဘေးရန်ဘယာများ ကင်းဝေးကာ စိတ်လက်ချမ်းသာတတ်ပါသည်။

၇။ ချစ်သူအပေါ် စိတ်စွဲ၍ မြင်မက်ခဲ့ပါလျှင် ချစ်သူနှင့် စိတ်အခန့်မသင့် ဖြစ်တတ်ပါသည်။

၈။ သူတစ်ပါး၏ ဥစ္စာပစ္စည်းများအပေါ် တပ်မက်စိတ်စွဲ၍ မြင်မက်ခဲ့ပါလျှင် မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ ရန်သူမျိုးငါးပါးအန္တရာယ် ကျရောက်တတ်ပါသည်။

၉။ ခရီးတစ်ခုခု ထွက်ရမည်ဟု စိတ်စွဲ၍ မြင်မက်ခဲ့ပါလျှင် အသေအချာ စီစဉ်ထားသော ခရီးစဉ်သည် အကြောင်းတစ်ခုမဟုတ် တစ်ခုခုဖြင့် ပျက်သွားတတ်ပါသည်။

၁၀။ အလုပ်တစ်ခုခုအပေါ် စိတ်စွဲ၍ မြင်မက်ခဲ့ပါလျှင် အလုပ်ကိစ္စတစ်ခုခု လွဲချော်ခြင်း၊ အထစ်အငေါ့ဖြစ်ခြင်းတို့ ကြုံရတတ်ပါသည်။

စင်စစ် အိပ်မက်ဟူသည် မသိစိတ်မှ ဖြစ်ပေါ်လာသော ပုံရိပ်များ ဖြစ်ချေ၏။ ထိုပုံရိပ်များနှင့် နီးနွယ်လျက် ဖြစ်ပေါ်လာ

သော နိမိတ်များကား ဆန်းကြယ်လှပါပေစွ။ စာရှုသူအပေါင်း အိပ်မက်ကောင်း နိမိတ်ကောင်းတို့ဖြင့် ကြုံတွေ့ဆုံစည်းနိုင်ပါ စေဟု မေတ္တာဆန္ဒ ပြုလိုက်ပါ၏။

* * *

# အိပ်မက်ဆိုင်ရာ နိမိတ်များ (၃)

အိပ်မက်ဟူသည် မသိစိတ်မှ ဖြစ်ပေါ်လာသော ပုံရိပ်များ ဖြစ်ချေ၏။ ထိုပုံရိပ်များနှင့် နီးနွယ်လျက် ဖြစ်ပေါ်လာသော နိမိတ်များကား ဆန်းကြယ်လှပါပေစွ။ သည့်အတွက် ရှေးပညာရှိများက အယူတော်မင်္ဂလာပညာရပ်ဖြင့် အတိတ်ကောက်ယူခဲ့ကြရာ လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းလှချေ၏။ သည့်အတွက် စာပေဗဟုသုတ လေ့လာလိုက်စားလိုကြသော စာဖတ်ပရိသတ်အတွက် အိပ်မက်ဆိုင်ရာ နိမိတ်များကို လေ့လာရှာဖွေ တင်ဆက်လိုက်ရပါ၏။ ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားများပီပီ အတ္တနှင့် ယှဉ်လျက် မိမိကိုယ်ကို မိမိ ရှေ့တန်းတင်တတ်ကြ၏။ စွဲလမ်းတတ်ကြ၏။ သည့်အတွက် မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသည့် အိပ်မက်များဆိုင်ရာ နိမိတ်တို့ကို တင်ပြလိုက်ပါသည်။

## ကိုယ်ကိုစွဲ၍ မြင်မက်သော အိပ်မက်ဆိုင်ရာ နိမိတ်များ

၁။ ဘုရား၊ စေတီ၊ ပုထိုးတော်တို့အား ဖူးတွေ့ရသည်ဟု မြင်မက်ပါက စီးပွားဥစ္စာများ တိုးတက်ချမ်းသာတတ်ပါသည်။

၂။ ဦးခေါင်းကွဲသည်၊ အမြင့်တစ်နေရာမှ အောက်သို့ပြုတ်ကျသည်၊ ရန်ဖြစ်နေသူတို့အား ဆွဲလွဲတားဆီးရသည်၊ ဒွန်းစဏ္ဍားတို့၏ အထက်၌ နေရသည်၊ ဝက်ပက်ခြင်းခံရသည်၊ အထိတ်တလန့် ဖြစ်ပွားရသည်၊ မြေတူးရသည်၊ ကနုန်မြုံးတူးရသည်၊ စောင်းမှတစ်ပါး အခြားသော တူရိယာပစ္စည်းများကို တီးခတ်၊ တီးမှုတ်ရသည်။ နွားချေးတို့ပျော်ဝင်သောရေကို ချိုးရသည်ဟု မြင်မက်ခဲ့ပါလျှင် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်တတ်ပါသည်။

၃။ မိမိ၏ အူကိုထုတ်၍ တိုင်းပြည်ကို ပတ်ရသည်ဟု မြင်မက်ခဲ့လျှင် အကြီးအကဲနေရာ ရရှိပါသည်။

၄။ မိမိ၏ အူကိုထုတ်၍ ရပ်ရွာကို ပတ်ရသည်ဟု မြင်မက်ခဲ့လျှင် ရပ်ရွာလူကြီး ဖြစ်တတ်ပါသည်။

၅။ တောင်ထိပ်ပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် ကြီးပွားချမ်းသာပါတော့မည်။

၆။ အသီးတို့ ဝေဆာပွင့်တွဲလျက်ရှိသော အပင်ကြီးပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် ချမ်းသာသုခနှင့် ပြည့်စုံပါတော့မည်။

၇။ ရွှေငွေဥစ္စာပစ္စည်းများကို မြင်မက်လျှင် လက်ရှိအခြေအနေ ထက် တိုးတက်မြင့်မားပါတော့မည်

၈။ ထီးဆောင်းရသည်ဟု မြင်မက်လျှင် ပူလောင်သောကများ အေးငြိမ်းသွားပါတော့မည်။

၉။ ပြာသာဒ်ကို မိမိကိုယ်တိုင် ဆောက်လုပ်ပြီးစီးသွားသည်ဟု မြင်မက်လျှင် မိမိ၏ ဘုန်းတန်ခိုး အာနိသင်များ မကြာခင် ကာလအတွင်း ကြီးမားလာပါတော့မည်။

၁၀။ ချူကိုလည်းကောင်း၊ ဆည်းလည်းကိုလည်းကောင်း၊ ခရုသင်းကိုလည်းကောင်း လှုပ်ခတ်ရသည်၊ တီးမှုတ်ရသည်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများ ဝင်လာသည်ကို မြင်မက်ခဲ့လျှင် လက်ရှိ စည်းစိမ်ဥစ္စာတို့ထက် အဆများစွာ တိုးတက်ပါ တော့မည်။

၁၁။ ခေါင်းတလားတွင်းသို့ ဝင်ရသည်၊ ထင်းပုံထက်၌ အိပ်စက်ရသည်၊ အလိုမတူသူနှင့် ပေါင်းဖက်ရသည်ဟု မြင်မက်ခဲ့လျှင် အသက်အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရတတ်ပါသည်။

၁၂။ *မြစ်ကို ကူးဖြတ်ရသည်၊* မစင်ပုပ်များ လိမ်းကျံရသည်ဟူ၍ မြင်မက်ခဲ့ပါလျှင် ယုတ်မာသောသူနှင့် ရင်ဆိုင်တွေ့ကာ အခင်းဖြစ်ပွားရတတ်ပါသည်။

၁၃။ ပညာရှိသောသူတို့ ကြီးပွားချမ်းသာသည်၊ ဆင်ကောင်း မြင်းကောင်းများ ရရှိသည်ဟု မြင်မက်ခဲ့ပါလျှင် အသက် ရှည်စွာ နေရတတ်ပါသည်။

၁၄။ ပုဆိုးအဖြူ ဝတ်ဆင်ရသည်။ ပန်းအဖြူ ပန်ဆင်ရသည် ဟု မြင်မက်ခဲ့လျှင် အကြီးအကဲနေရာ ရရှိတတ်ပါသည်။

၁၅။ မိမိ၏ ခန္ဓာကိုယ်ပေါ်သို့ လောက်ကောင်များ တက်လာသည်ဟု မြင်မက်ခဲ့ပါလျှင် လာဘ်လာဘများ ကြီးမားစွာ ရရှိတတ်ပါသည်။

၁၆။ နဂါးသတ္တဝါကို ဖမ်းဆီးနိုင်ခဲ့သည်ဟု မြင်မက်ခဲ့ပါလျှင် ဘေးအန္တရာယ် ကျရောက်မှုမှ လွတ်ကင်းတတ်ပါသည်။

၁၇။ မိမိ၏ ခန္ဓာကိုယ်အား မျှော့တွယ်သည်ဟု မြင်မက်ခဲ့ပါလျှင် အကြီးအကဲနေရာသို့ ရောက်ရှိတတ်ပါသည်။

၁၈။ ကောင်းကင်ပေါ်သို့ ပျံတက်ရသည်ဟု မြင်မက်ခဲ့ပါလျှင် ထင်ရှားကျော်ကြားသူ ဖြစ်တတ်ပါသည်။

၁၉။ ဆင်စွယ်နှစ်ချောင်းကို ကိုင်စွဲရသည်ဟု မြင်မက်ခဲ့ပါလျှင် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ လူအများ၏ လေးစားအား ကျခြင်းကို ခံရယူ ဖြစ်တတ်ပါသည်။

၂၀။ မြင်းမိုရ်တောင်အား ခေါင်းအုံးရသူဟူ၍လည်းကောင်း၊ သမုဒ္ဒရာကို သင်ဖျူးခင်း၍ လျောင်းစက်ရသည်ဟူ၍လည်း ကောင်း၊ မိန်းမပျိုများခြံရံ၍ ကာ ည်းစိမ် ခံစားရသည် ဟူ၍လည်းကောင်း မြင်မက်ခဲ့ပါလျှင် အထွတ်အထိပ် နေရာသို့ ရောက်ရှိတတ်ပါသည်။

၂၁။ နတ်ကွန်းစင်ကိုလည်းကောင်း၊ ငှက်ပျောပင်စိုက်ရသည်ကို လည်းကောင်း မြင်မက်သော် ပတ်ဝန်းကျင် အလုပ်ခွင်၌ အရေးပါအရာရောက်သူ ဖြစ်လာတတ်ပါသည်။

၂၂။ အုတ်ခဲကျောက်တို့အား ပစ်ပေါက်ရသည်ဟု မြင်မက်သော် အမှုအခင်းများ ဖြစ်တတ်ပါသည်။

၂၃။ မြင့်မြတ်သော အဆင်တန်ဆာများ ဝတ်ဆင်ရသည်ဟု မြင်မက်ခဲ့ပါလျှင် လူအများ၏ အကိုးကွယ်ခံ အပူဇော်ခံ ဖြစ်တတ်ပါသည်။

၂၄။ ဦးခေါင်းထက် ကြာညိုပန်းရောက်သည်မက်သော်၊ ကြာညိုပန်းပန်ရသည်ဟု မြင်မက်ခဲ့သော် လင်ကောင်း မယားကောင်း ရရှိတတ်ပါသည်။

၂၅။ နေ၊ လ၏ ဖမ်းစားခြင်းကို ခံရသည်ဟု မြင်မက်ခဲ့သော် အကြီးအကဲများ၏ မြှောက်စားခြင်းကို ခံရတတ်ပါသည်။

၂၆။ မြင်းမိုရ်တောင်ကို တက်ရသည်ဟု မြင်မက်သော် အထွတ်အထိပ်သို့ ရောက်ရှိတတ်ပါသည်။

၂၇။ အမြင့်တစ်နေရာသို့ တက်ရောက်ရသည်ဟု မြင်မက်သော် ဝန်းကျင်အသိုင်းအဝိုင်းကြား၌ ထင်ပေါ်ကျော်ကြားသူ ဖြစ်တတ်ပါသည်။

၂၈။ မိမိ၏ ကိုယ်ရောင်ကိုယ်ဝါသည် တဖိတ်ဖိတ်တလက်လက် ထွက်သည်ဟူ၍လည်းကောင်း၊ ကိုယ်ခန္ဓာမှ အပုပ်နံ့ထွက်သည်ဟူ၍လည်းကောင်း မြင်မက်ခဲ့သော် ဘုန်းတန်ခိုး အာဏာ ကြီးမားသူ ဖြစ်တတ်ပါသည်။

၂၉။ မီးဖို၌ မီးမှုတ်ရခြင်း၊ ချွန်းတောင်းကို စွဲရခြင်း၊ သူတစ်ပါးအပေါ် အောင်မြင်ခြင်း စသည်တို့ကို မြင်မက်သော် အကြီးအကဲနေရာ ရရှိတတ်ပါသည်။

၃၀။ ဦးခေါင်းရိတ်ရသည်ဟူ၍လည်းကောင်း လည်ပင်းတိုသည် ဟူ၍လည်းကောင်း မြင်မက်ခဲ့သော် နာဖျားမကျန်း ဖြစ်တတ်ပါသည်။

၃၁။ အိုးမည်းများ လိမ်းကျံရသည်၊ ပုတီးများကို ဝတ်ဆင်ရသည်၊ ခြေသည်းလက်သီးများ လှီးဖြတ်ရသည်၊ အိမ်တွင်း၌ ခရမ်းပင်စိုက်ရသည် စသည်တို့ မြင်မက်လျှင် စိတ်သောကရောက်စရာ၊ အကြောင်းတစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ပါသည်။

၃၂။ မြစ်ပြင်အား ဖြတ်ကူးရသည်။ တံတားပေါ် လျှောက်သွားရသည်ဟု မြင်မက်သော် စိုးရိမ်စရာကိစ္စများနှင့် ကြုံတွေ့ရတတ်ပါသည်။

၃၃။ ဖျာလိပ်ကိုလည်းကောင်း၊ မိမိကိုယ်ဘိုင် ရှုးသွပ်နေသည်ကိုလည်းကောင်း မြင်မက်သော် အသက်ရှည်တတ်ပါသည်။

၃၄။ ဦးခေါင်းဆံပင်အား ဖြီးသင်ရခြင်း၊ သူတစ်ပါးအား ထိုးခုတ်ရခြင်းတို့ကို မြင်မက်သော် ကျရောက်လာလတ္တံ့သော ဘေးအန္တရာယ်များမှ ကင်းဝေးတတ်ပါသည်။

၃၅။ ဝက်တို့ ယုန်တို့အား ခြံလှောင်ထားသည်ကိုလည်းကောင်း၊ ပန်းထိုးဆောင်းသည်ကိုလည်းကောင်း မြင်မက်သော် ဂုဏ်သတင်းများ ကျော်စောတတ်ပါသည်။

၃၆။ ခုန်ပျံကျော်လွှား ကစားခြင်း၊ သစ်ပင်ခုတ်လှဲခြင်းတို့ကို မြင်မက်သော် သောကရောက်ရတတ်ပါသည်။

၃၇။ ကျားစွယ်ကိုလည်းကောင်း၊ မိချောင်းစွယ်ကိုလည်းကောင်း ရင်ဝယ်ပိုက်ထွေးရသည်ဟု မြင်မက်လျှင် မကြာခင် ရာထူးတစ်ခုခု တိုးတော့မည်ဖြစ်၏။

၃၈။ ခန္ဓာကိုယ်မှ သွေးပေါက်ပေါက် ယိုစီးကျသည်ကိုလည်း ကောင်း၊ ခြေများလက်များ တိုလာသည်ကိုလည်းကောင်း မြင်မက်သော ဘုန်းတန်ခိုး အရှိန်အဝါများ တိုးတက်တတ်ပါသည်။

၃၉။ ဦးခေါင်းပြတ်ကို မြင်မက်သည်ရှိသော် အသက်ဘေး အန္တရာယ်တစ်ခုခု ကြုံတွေ့ရတတ်ပါသည်။

၄၀။ မီးကြွင်းမီးကျန်များ သယ်ဆောင်လာရသည်ဟု မြင်မက် ခဲ့ပါလျှင် မိမိပိုင် အိုးအိမ်အဆောက်အအုံများ မီးလောင် ပျက်စီးတတ်ပါသည်။

၄၁။ စိတ်ရောဂါဝေဒနာရှင်တစ်ယောက်၏ လှည့်ပတ်မှုကို ခံရခြင်း၊ ဓောင်းကို တီးခတ်ရခြင်းတို့ မြင်မက်ခဲ့လျှင် စီးပွားရေးကိစ္စအတွက် သွားရောက်လေရာအရပ်၌ အစစ အရာရာ အဆင်ပြေချောမွေ့ပြီး လာဘ်လာဘများ ရွှင် လန်းတတ်ပါသည်။

၄၂။ နွားသိုးတစ်ကောင်အား အောင်မြင်စွာ လိုက်လံဖမ်းဆီး နိုင်သည်ဟု မြင်မက်သော် ဆုလာဘ်များ ချီးမြှင့်ခံရတတ်ပါ သည်။

၄၃။ နေအိမ်တွင်းသို့ လရောင်ဝင်သည်ဟူ မြင်မက်ခဲ့သော် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ရရှိတတ်ပါသည်။

၄၄။ သစ်သီးထည့်ထားသော အိတ်ကိုလည်းကောင်း၊ တောင်းကိုလည်းကောင်း၊ ခြင်းကိုလည်းကောင်း သယ်ခြင်း၊ ပိုးခြင်း၊ လွယ်ခြြင်းတို့ မြင်မက်ခဲ့သော် မကြာခင်ကာလအတွင်း ကောင်းစားပါတော့မည်။

၄၅။ ထုံးနှောင်ထားသော ဆံပင်များ ပြေလျော့ကျခြင်း၊ အသားစားကြူးခြင်းတို့ကို မြင်မက်သော ကိုယ်ပိုင်ဥစ္စာပစ္စည်းများ လျော့ကျပျက်စီးတတ်ပါသည်။ နာဖျားမကျန်း ဖြစ်တတ်၏။

၄၆။ ဆူပူမှုများနှင့် ကြုံတွေ့ရသည်ကို မြင်မက်သော် တစ်ပါးသူ၏ ရန်တွေ့ခြင်းကို ခံရတတ်၏။

၄၇။ ရဟန္တာ၏ ဓာတ်တော်များကို မြင်မက်သော် ကျက်သရေ တိုးတက်တတ်၏။

၄၈။ နွားရသည်ဟု မြင်မက်သော် ဥစ္စာပစ္စည်းများ တိုးပွားတတ်ပါသည်။

၄၉။ ညာဘက်လက်ရုံး ပြုတ်သည်ဟု မြင်မက်သော် သားအကြီးဖြစ်သူ ဘေးအန္တရာယ် ကြီးစွာသင့်တတ်၏။ သို့မဟုတ်က ချမ်းသာတတ်၏။

၅၀။ ညာဘက်လက် မွေ့ခဲခံရသည်ဟု မြင်မက်သော် သား ရတနာ ရတတ်၏။ သို့မဟုတ် ကြီးပွားချမ်းသာတတ်၏။

၅၁။ ခရီးသွားရသည်ဟု မြင်မက်သော် အကြံအစည်များ အောင်မြင်တတ်၏။

၅၂။ အိမ်သစ်တက်ရခြင်း၊ စောင်းတီးရခြင်းတို့ကို မြင်မက်သော် အလုပ်ခွင်၌ မြှောက်စားခံရတတ်၏။

၅၃။ မြေဇာမြက်ကို ပန်ရခြင်း၊ ပတ်သာ၊ တူရိယာ၊ စောင်း၊ စည်ညင်းတို့ တီးခတ်ရခြင်းတို့အား မြင်မက်သော် အကြံ ပေးပုဂ္ဂိုလ် ဖြစ်တတ်၏။

၅၄။ လည်ပင်းတိုခြင်း၊ ဥသျှောင်အထိနိုက်ခံရခြင်းတို့ကိုမြင် မက်သော် အဖျားအနာရောဂါ ဝေဒနာ၏ နှိပ်စက်ခြင်းကို ခံရတတ်၏။

၅၅။ လိပ်ကိုဖမ်းရခြင်း၊ ငါးကိုဖမ်းရခြင်းတို့အား မြင်မက်သော် ဆန်စပါးများ ရရှိတတ်၏။

၅၆။ ကျွဲများ၊ နွားများကို ခြံသွင်းရသည်ဟု မြင်မက်သော် အမှုလုပ်အစေအပါးများ ရရှိတတ်၏။

၅၇။ မစင်လောက်ကောင်များကို ဖမ်းယူရသည်ဟု မြင်မက်သော် အစားအသောက်များ၊ ဆန်ရေစပါးများ ပေါကြွယ်စွာရရှိ တတ်၏။

၅၈။ ခေါင်းဆောင်ဦးထုပ်အရှည်အား ဆင်မြန်းရသည်ဟု မြင် မက်သော် ရပ်ဝေးမှ ဆွေမျိုးညာတကာများ ရောက်ရှိလာ တတ်၏။

၅၉။ ဆင်ဖြူတော်နှင့် ချွန်းကို မြင်မက်သော် အုကြီးအကဲများ၏ သူကောင်းပြုခြင်းကို ခံရတတ်၏။

၆၀။ ကိုယ်ခန္ဓာ၌ အကြောင်အကျားဖြစ်နေသည်ကို မြင်မက်သော် အိမ်ထောင်ဘက်ကောင်းနှင့် ဆုံစည်းရတတ်၏။ အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားရတတ်၏။

၆၁။ မိမိ၏ ခန္ဓာကိုယ်အား ပြာမှုန်များဖြင့် လိမ်းကျံခံရသည်အား မြင်မက်သည်ရှိသော် ဘေးအန္တရာယ် တစ်စုံတစ်ခုနှင့် ကြုံတွေ့ရတတ်၏။

၆၂။ အိမ်အတွက် ထင်းများကို ပေါက်ခွဲရသည်ဟု မြင်မက်သော် မိုးကြိုးကျတတ်၏။ မိုးကြိုးခတတ်၏။

၆၃။ ငိုကြွေးရသည်ဟု မြင်မက်သော် စည်းစိမ်ဥစ္စာများ ရရှိတတ်၏။

၆၄။ ဦးထုပ်ဆောင်း၍ ဆန့်ကျင်ဘက်လိင်အား စွဲလမ်းသည်ကို မြင်မက်သော် ချမ်းသာသုခ ခံစားရတတ်ပါသည်။

၆၅။ ကြာသွပ်အိုးနှင့် ရေချိုးရသည်ကိုလည်းကောင်း၊ နှာခေါင်း သွေးလျှံသည်ကိုလည်းကောင်း မြင်မက်ခဲ့လျှင် တစ်ပါးသူတို့မှီခိုရာ ဖြစ်တတ်၏။

၆၆။ သူတစ်ပါး၏ မျက်စိ အထုတ်ခံရသည်ကိုလည်းကောင်း နှာခေါင်းအလှီးခံရသည်ကိုလည်းကောင်း၊ ဦးခေါင်းပြတ်သည်ကိုလည်းကောင်း မြင်မက်သော် ရှိရင်းဥစ္စာပစ္စည်းများထက် ကြွယ်ဝချမ်းသာတတ်၏။

၆၇။ ရှေ့သွားအထက်ကျိုးသည်ဟု မြင်မက်လျှင် သား၌ဘေး ဒုက္ခ ရောက်ရတတ်၏။

၆၈။ ရှေ့သွား အောက်ကျိုးသည်ဟုမြင်လျှင် သမီး၌ ဘေးဒုက္ခ ရောက်ရတတ်၏။

၆၉။ အံသွားများကျိုးသည်ဟု မြင်မက်လျှင် ဆွေမျိုးများ ဘေး ဒုက္ခရောက်ရတတ်၏။

၇၀။ ရွှံ့ကိုနင်းရသည်ဟု မြင်မက်လျှင် ကျက်သရေယုတ်တတ်၏။ ဂုဏ်သိက္ခာများ ကျဆင်းတတ်၏။

၇၁။ ရွှံ့ကိုမနင်းရပါဘဲနှင့် ခန္ဓာကိုယ်အား အစင်ခံရ၊ အပေခံရပါက မကောင်းသတင်းများ ပြောဆိုခံရတတ်၏။ အသရေထိခိုက်ခံရတတ်၏။

၇၂။ ချော်လဲသည်ဟု မြင်မက်ခဲ့ပါလျှင် ရင်ဆိုင်နေရသော အမှုအခင်းများရှိပါက ရှုံးနိမ့်တတ်၏။

၇၃။ လက်စွပ်ရတနာကို ဝတ်ဆင်ထားသည်ဟု မြင်မက်ခဲ့ပါက သူတစ်ပါး၏ စွပ်စွဲပုတ်ခတ် ဆဲရေးခြင်းကို ခံရတတ်၏။

၇၄။ မြင့်မားမတ်စောက်သော တောင်ထိပ်ပေါ်၌ နေရသည်ဟု မြင်မက်ခဲ့ပါက အကြီးအကဲဖြစ်တတ်၏။

၇၅။ ပိတုန်းအတုပ်ခံရသည်ဟု မြင်မက်ခဲ့ပါက ချစ်သူရည်းစား များတတ်၏။

၇၆။ ပျားအတုပ်ခံရသည်ဟု မြင်မက်ခဲ့ပါက သူတစ်ပါး၏ ရန်တွေ့ခြင်းကို ခံရတတ်၏။

၇၇။ သံယောဇဉ် အနှောင်အဖွဲ့ မက်မောခြင်း၊ ဆေးများလိမ်းကျံ ရခြင်းကို မက်ခဲ့ပါက ဥစ္စာပစ္စည်းများ အလျှံပယ်ရရှိ တတ်၏။

၇၈။ ဖန်ရည်စွန်းသော၊ ဆိုးထားသော အဝတ်ကို ဝတ်ဆင်ရ ခြင်း၊ ပန်းနီနီ ပန်ဆင်ရခြင်းတို့ကို မြင်မက်ခဲ့ပါက ဘေးတစ်ခုခု သင့်တတ်၏။

၇၉။ ဂုံညင်းဒိုးပစ်တမ်း ကစားရသည်ဟု မြင်မက်ခဲ့ပါက အကြီးအကဲများ၏ ချစ်ခင်ခြင်းကို ခံရတတ်၏။

၈၀။ ခြေတိုခြင်း၊ ကိုယ်မွေးရှည်ခြင်းတို့ကို မြင်မက်ခဲ့ပါက ဘုန်းတန်ခိုးအာနုဘော်များ ကြီးမားတတ်၏။

၈၁။ သူတစ်ပါးအား ခဲဖြင့်ပစ်သည်ကို မြင်မက်ခဲ့သော် ဥစ္စာ ပစ္စည်းများ ကုန်ကျတတ်၏။ သို့သော် ဥစ္စာပစ္စည်းများ ရတတ်၏။

၈၂။ ငှက်တော်ကို ဖမ်းမိသည်ဟု မြင်မက်ခဲ့ပါက ရာထူးရာခံ ရတတ်၏။

၈၃။ အရပ်လေးမျက်နှာမှ ပြေးထွက်လာသောသူခိုးအား ဖမ်းမိ သည်ဟု မြင်မက်ခဲ့ပါက ကြီးပွားချမ်းသာတတ်၏။

၈၄။ ကျောက်ဖျာဖြင့်မိုးထားသောအိမ်ကို မြင်မက်ခဲ့ပါက အများ သူငါ၏ ကိုးကွယ်အားထားရာ ဖြစ်တတ်၏။

၈၅။ ခြေသည်း၊ လက်သည်းတို့ ရှည်ထွက်လာသည်ကို မြင်မက် ခဲ့ပါက အသက်ရှည်တတ်၏။

၈၆။ ငါးဖမ်းရသည်၊ ဆန်နှံကျင်ဘက်လိုင်နှင့် အိပ်ရသည်ဟု မြင်မက်ခဲ့ပါက လာဘ်လာဘများ ရရှိတတ်၏။

၈၇။ ဆားကိုလျက်ရသည်ဟု မြင်မက်ခဲ့သော် သူတစ်ပါး၏ မှီခိုအားထားရာ ပုဂ္ဂိုလ် ဖြစ်တတ်၏။

၈၈။ မိန်းကလေးတစ်ဦး နားထွင်းမင်္ဂလာပြုလုပ်နေသည်ကို မြင်မက်ခဲ့သော် ရွှေငွေများ ရတတ်၏။

၈၉။ တောင်တက်ခြင်း၊ ခေါင်းဖြီးခြင်းတို့ကို မက်ခဲ့သော် သူ တစ်ပါး၏ မှီခိုအားထားရာ ပုဂ္ဂိုလ်ဖြစ်တတ်၏။

၉၀။ ကုန်းကမူကိုတက်ပြီးခါမှ ကျင်းရှိရာသို့ဆင်း၍ ခေါင်းလျှော် သည်ကို မြင်မက်ခဲ့ပါက အကြီးအကဲဖြစ်တတ်၏။

၉၁။ နနွင်း၊ စန္ဒကူးတို့ လိမ်းကျံခြင်း၊ ပန်းပန်ခြင်း၊ ကြာပန်းကို တွေ့ရခြင်းတို့ မြင်မက်သော် အဖျားဝေဒနာ စွဲကပ်တတ် ၏။

၉၂။ ကျောက်ဖျာထက်၌ နေထိုင်ရသည်ဟု မြင်မက်သော် ဘုန်းရှင်ကံရှင် ဖြစ်တတ်၏။ နာမည်ကျော် ဂုဏ်သတင်း မွှေးတတ်၏။

၉၃။ ချွေးထွက်ခြင်း၊ သွေးထွက်ခြင်းတို့ကို မြင်မက်သော် ဘုန်းတန်ခိုးအာဏာ ကြီးမားသူ ဖြစ်တတ်၏။

၉၄။ နွားကျောင်းနေရသည်ကို မြင်မက်ခဲ့သော် လူအများကို ကွပ်ကဲအုပ်ချုပ်ရသော အကြီးအကဲ ဖြစ်တတ်၏။

၉၅။ လက်ကောက်၊ နားတောင်း၊ ဆံထိုးဆံကျင်တို့အား ဝတ်ဆင်ရသည်ဟု မြင်မက်ခဲ့သော် သားကောင်းရတနာ ရရှိတတ်၏။

၉၆။ ရွှေအတိပြီးသော လက်ဖွဲ့ဝတ်ဆင်ရသည်ဟု မြင်မက်ခဲ့ပါက ဥစ္စာပေါကြွယ်သော အိမ်ထောင်ဘက်နှင့် ဖူးစာဆုံတတ်၏။

၉၇။ အညီအညွတ် ဘိသိက်သွန်းနေသည်ကို မြင်မက်ခဲ့ပါက အကြီးအကဲ ဖြစ်တတ်၏။

၉၈။ မြေကြီးကို ဖျာကဲ့သို့လိပ်ခြင်း၊ ခိုဖမ်းခြင်းတို့အား မြင်မက်ခဲ့ပါက အကြီးအကဲ ဖြစ်တတ်၏။

၉၉။ မန်ကျည်းသီးအား ခူးဆွတ်ရသည်ကို မြင်မက်ခဲ့ပါက အကြီးအကဲများ၏ သူကောင်းပြုခြင်းကို ခံရတတ်၏။

၁၀၀။ မြင်းမိုရ်တောင်အား ပတ်ရသည်ဟု မြင်မက်ခဲ့ပါက ရန်စွယ်အပေါင်းအား အနိုင်ရတတ်၏။

၁၀၁။ ရယ်စရာပြုလုပ်ရသည်ဟု မြင်မက်ခဲ့သော် ဝမ်းမြောက်ဖွယ်ကိစ္စများနှင့် ကြုံတွေ့ရတတ်၏။

၁၀၂။ မကာရုံးကို ဖမ်းမိခြင်း၊ အိမ်ရာထောင်ခြင်းတို့အားမြင်မက်ခဲ့သော် လာဘ်လာဘများ ရရှိတတ်၏။

၁၀၃။ ရွှေလက်ကောက်အား ဝတ်ဆင်ရသည်ဟု မြင်မက်ခဲ့သော် အကြီးအကဲတို့၏ ချီးမြှင့်မြှောက်စားခြင်းကို ခံရတတ်၏။

၁၀၄။ ထမင်းနှင့်တကွ သပိတ်လွယ်ရသည်ကို မြင်မက်ခဲ့သော် လာဘ်လာဘများ ဝင်လာတတ်၏။

၁၀၅။ သမုဒ္ဒရာကို အောင်မြင်စွာ ကူးခတ်နိုင်ခဲ့သည်ကို မြင်မက်ခဲ့သော် အကြီးအကဲ ဖြစ်တတ်၏။

၁၀၆။ သွားနာခြင်း၊ သွားနဲ့ခြင်း၊ အစွယ်ရှိသော ဦးချိုရှိသော သတ္တဝါများ၊ မျောက်၊ ဝက်တို့၏ နှိပ်စက်မှု ခံရခြင်းတို့အား မြင်မက်ခဲ့သော် ရာဇဝတ်ဘေး သင့်တတ်သည်။

၁၀၇။ လက်မောင်းနှင့် ရင်ဘတ်တို့ ကြော့ကွင်းဖွဲ့သည်ကို မြင်မက်သော် သားသမီးရတတ်၏။

၁၀၈။ အဆင်းလှသော၊ ခေါင်းတုံးတုံးထားသော မိန်းမနှင့် ထိတွေ့ရသည် စပ်ယှက်ရသည်ကို မြင်မက်သော် ယောက်ျားမြတ်တို့၏ဆရာ ဖြစ်တတ်၏။

၁၀၉။ သားသမီးရရှိသည်ဟု မြင်မက်ခဲ့သော် ဥစ္စာပစ္စည်းများ ရတတ်၏။ အတတ်ပညာများ တိုးပွားတတ်၏။

၁၁၀။ မိုးရေထဲ၌ မြူးတူးပျော်ပါးရသည်ဟု မြင်မက်ခဲ့သော် ဥစ္စာပစ္စည်းများ ရရှိတတ်၏။

၁၁၁။ ပန်းပန်ရသည်၊ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ရသည်၊ နေနှင့်လကို ပွေ့ဖက်ရသည်၊ လက်နက်ကို ကိုင်တွယ်ရသည်၊ တံခွန်တိုင်ရပ်တုကို ပွေ့ဖက်ရသည်၊ မြတ်သောသူကို ညှဉ်းပန်းရသည်။ သွေးကို ချိုးရသည်။ ခံတွင်းဖြင့်

လက်နက်ကို ယူရသည်ဟု မြင်မက်ခဲ့သော် ချမ်းသာ ကြွယ်ဝတတ်သည်။

၁၁၂။ ရဟန်းများ၊ ဘိုးတော်များ၊ နတ်များက 'အလိုဆန္ဒရှိ ရာပြည့်ဝစေ'ဟူ၍ ဆုပေးသည်ကို မြင်မက်ခဲ့လျှင် ထီပေါက်တတ်သည်။

၁၁၃။ ပိုးလောက်တွေနှင့်မစင်ကို အားရပါးရ စားသောက်ရခြင်း၊ လောက်တက်နေသော အစားအစာတစ်ခုကို အားရပါးရ စားသောက်ရခြင်း၊ ခန္ဓာကိုယ်ပေါ်၌ မစင်များပေကျံ နေခြင်း၊ မစင်တွင်းထဲသို့ ပြုတ်ကျခြင်း၊ လူတစ်ယောက်မှ မစင်ထုပ်အား လာပေးခြင်းတို့ကို မြင်မက်ခဲ့ပါက ထီပေါက်တတ်သည်။

၁၁၄။ နေ,လ,ကြယ်တို့အား ကိုယ်တိုင်ဆွတ်ယူခြင်း၊ ပုဂ္ဂိုလ် တစ်ယောက်က ဆွတ်ပေးခြင်း နေ,လ,ကြယ်တို့ ကြွေပြီး အိမ်ထဲသို့ကျခြင်းတို့အား မြင်မက်ခဲ့ပါက ထီပေါက် တတ်၏။

၁၁၅။ တောင်ကုန်း၊ တောင်ပို့၊ နံးခွက်ထဲ၌ရှိသော မြွေပွေး မြွေဟောက်တို့အား သတ်ပြီးစားရသည်ဟု မြင်မက်ခဲ့ ပါက ထီပေါက်တတ်၏။

၁၁၆။ ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်တစ်ဦးက ရွှေကြက်ဥ (သို့တည်း မဟုတ်) ပစ္စည်းတစ်ခုခုအား ပေးလာသည်ဟုမြင်မက် ခဲ့လျှင် ထီပေါက်တတ်၏။

၁၁၇။ နွားစီး၍ လှေျာက်လည်ခြင်း၊ လူစည်ကားသည့်အရပ်၌ နွားစီး၍ လှေျာက်လည်ခြင်း၊ နွားစီးသည်တို့အား ထင်ထင်ရှားရှား မြင်မက်ခဲ့လျှင် ထီပေါက်တတ်၏။

၁၁၈။ ပုဂ္ဂိုလ်တစ်ဦးဦးက သစ်ပင်ပေါ်မှ သစ်သီးကိုခူးပေးခြင်း၊ သစ်ပင်ပေါ်တက်၍ အသီးအား ခူးစားရခြင်း၊ အခြားသူ၏ အကူအညီဖြင့် သစ်သီးစားရခြင်းတို့ကို မြင်မက်ခဲ့ပါက ထီပေါက်တတ်၏။

၁၁၉။ သေသောသူ၏ အသားကို စားရခြင်း၊ လောက်တက်နေသော လူသေအလောင်းကို စားရခြင်း၊ လူ၏အူကို ထုတ်ယူစားရခြင်းတို့အား မြင်မက်ခဲ့ပါက ထီပေါက်တတ်ပါသည်။

၁၂၀။ ပုလဲ, ပတ္တမြားစသော တန်ဖိုးရှိ ပစ္စည်းတစ်ခုခုအား ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်တစ်ဦးဦးက လာရောက်ပေးသည်ကို မြင်မက်ခဲ့ပါက ထီပေါက်တတ်၏။

၁၂၁။ လူ၏ ရင်အားခွဲ၍ သွေးသောက်ခြင်း၊ ဥအမျိုးမျိုးကို စားရခြင်း၊ ငါးမျှားခြင်း၊ ဒေါင်းက ခေါင်းပေါ်သို့ မစင်စွန့်သွားခြင်း၊ အစာချီလာသည့်ငှက်က မိမိအား ၎င်း၏ အစာကိုပေးသွားခြင်းတို့အား မြင်မက်ခဲ့ပါက ထီပေါက်တတ်၏။

၁၂၂။ အိပ်မက်ထဲ၌ ဆင်တို့ နွားတို့ကို မက်ပါက ရိုးရာနတ်ကပေးသော နိမိတ်ဖြစ်၏။ ထိုသတ္တဝါများ၏ ချစ်ခင်မှုကိုရလျှင်ကောင်း၏။ ရန်လိုမှုညံ့၏။

၁၂၃။ အိပ်မက်ထဲ၌ မြွေကို မြင်မက်ခဲ့ပါက သိုက်ဆက်နိမိတ်ဖြစ်၏။ မြွေ၏ စောင့်ရှောက်မှုကိုရလျှင် ကောင်း၏။ ရန်လိုမူ ညံ့၏။

၁၂၄။ ဘုရားပေါင်း၊ ဘုရားပျက်များကို မြင်မက်ပါက သိုက်ဆက်နိမိတ်ဖြစ်၏။ လိုဏ်ခေါင်းတွင်း ဝင်ရောက်ခြင်း၊ ဘုရားကြို ဘုရားကြား ရောက်ရှိခြင်း၌ ဘေးအန္တရာယ် မမြင်မက်ပါက ကောင်း၏။ မြင်မက်ပါမူ မကောင်း။ ညံ့၏။

၁၂၅။ ခွေးကို အိပ်မက်မက်ပါ လောကီပညာဖြင့် ဖမ်းစားခံနေရပြီဟု မှတ်ယူရမည်။ ခွေးကိုက်မခံရက ဘာမျှမဖြစ်။ အကိုက်ခံရပြီဆိုပါမူ မကောင်း။ ညံ့၏။

သို့ဖြစ်၍ မိမိတို့၌ အညံ့များကြုံပြီးသကာလ၊ ဆိုးရွားလှစွာသော အိပ်မက်ကြောင့် နိမိတ်ဆိုးများအပေါ် စိုးရွံ့မှုရှိပါက ဘာသာတရားဖြင့် ကုစားနိုင်ကြပါသည်။

ဦးစွာ ဘုရားရှင်အား ကြည်ညိုလေးမြတ်စွာဖြင့် ပန်းရေဆီမီး ကပ်လှူပါ။

သရဏဂုံသုံးပါးကို သုံးခါရွတ်ဆို၍ မျက်နှာသစ်ပြီး သရဏဂုံသုံးပါးကိုပင် (၃၇)ခေါက်တိတိ ရွတ်ဆိုပါ။ သတ္တဝါဝေနေယျအပေါင်းအား မေတ္တာပို့ပါ။ ပြုပြုသမျှ ကုသလအတွက် အမျှအတန်း ပေးဝေပါ။

ထိုသို့ လေးနက်စွာ ယုံကြည်စွာလုပ်ဆောင်ခြင်းဖြင့် အိပ်မက်ဆိုးများနှင့် ကင်းဝေးသွားပါလိမ့်မည်။ နိမိတ်ဆိုးများနှင့်လည်း မကြုံဆုံနိုင်တော့ပါ။

စာဖတ်ပရိသတ်အားလုံး အိပ်မက်ကောင်းများမက်၍ နိမိတ်ကောင်းများနှင့် ကြုံဆုံကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်ကြပါစေသတည်း။ ။

* * *

## သဘာဝဆိုင်ရာ နိမိတ်များ (၁)

### သစ်ရွက်နိမိတ်

ဩကာသလောကထဲ၌ သဘာဝဆိုင်ရာတွေ စုဝေးလျက်ရှိကြ၏။ ထိုအထဲ၌ သစ်ပင်ပန်းမန်တွေလည်း အပါအဝင်။

ထိုအထဲ၌ ယခုလေ့လာတင်ပြမည့်ကိစ္စမှာ သစ်ရွက်ကိုကြည့်လျက် နိမိတ်ဖတ်သည့်ကိစ္စပဲ ဖြစ်၏။ သစ်ရွက်ကို ကိုယ်တိုင်မခူးပါနှင့်။ အခြားတစ်ယောက်ယောက်အား ခြံတွင်းမှဖြစ်စေ၊ အနီးအပါးမှဖြစ်စေ (သစ်ရွက်တစ်ရွက်) ခူးလာခိုင်းပါ။ ခူးလာသော သစ်ရွက်အပေါ် မူတည်လျက် လောကီပညာရှင်တို့က အောက်ပါနိမိတ်များကို သတ်မှတ်ခဲ့ကြသည်။

### ၁။ သစ်ရွက်သည် အရင်းက ပြတ်နေပါလျှင်

ခရီးသွားဖို့ရာမသင့်။ လူမမာရှိနေပါက ကျန်းမာရေးအခြေအနေ ထူးခြားမလာသေး၊ လက်ရှိပေါင်းသင်းနေသူများက လိမ်ညာဖို့ရာ ကြံစည်နေကြ၏။ လုပ်ငန်းတစ်ခုခုလုပ်ပါက

ငွေကြေးအရင်းအနှီးများစွာဖြင့် မစသင့်။ ချစ်သူတွေ့ပြီဆိုက သောကပေးမည့် ချစ်သူဖြစ်၏။ ပျောက်ဆုံးသွားသော ငွေကြေး ဥစ္စာပစ္စည်းများ ပြန်မရတတ်။ အိမ်မှ ထွက်သွားသောသူ ပြန်မလာသေး။ စသည့် နိမိတ်များပင် ဖြစ်ကြ၏။

## ၂။ သစ်ရွက်သည် အဖျားက ပြတ်နေပါလျှင်

ရည်ရွယ်ထားသော ခရီးကို သွားဖို့ရာသင့်၏။ လူမမာ ရှိနေပါက စိုးရိမ်ရသော်လည်း လတ်တလောအားဖြင့် ဘာမျှ မဖြစ်သေးပါ။ ယခုလတ်တလော ပေါင်းသင်းနေသူများအပေါ် လုံးဝယုံကြည်ဖို့ရာ မသင့်ပါ။ အယုံသွင်းပြီး လှည့်ပတ်လိမ်ညာ မည့်သူများ ဖြစ်ကြ၏။ စီမံကိန်းနှင့် လုပ်ဆောင်ရမည့် အလုပ် များကို ရှောင်ကြဉ်ပါ။ လတ်တလော အရောင်းအဝယ်လုပ်မည် ဆိုလျှင် သင့်ပါ၏။ ချစ်သောသူက လမ်းခွဲဖို့ရာ ကြံစည်နေ တတ်၏။ ပျောက်ဆုံးသွားသည့် ဥစ္စာပစ္စည်းများ ပြန်မရတတ် သေးပါ။ အိမ်မှထွက်သွားသောသူသည် စိတ်ညစ်ပြီး ပြန်လာတတ် ၏ စသည့်နိမိတ်များ ဖြစ်ကြ၏။

## ၃။ သစ်ရွက်၌ အပေါက်များပါလာပါက

သွားလိုသည့်ခရီးအား သွားနိုင်၏။ အထိုက်အလျောက် အကျိုးပေးတတ်၏။ လူမမာရှိပါက ပူပင်စရာမလိုတော့ပါ။ နေထိုင်ကောင်းသွားပါလိမ့်မည်။ တိုက်ကျွေးသောဆေးဝါးများ အစွမ်းအာနိသင် ထက်မြက်ပါလိမ့်မည်။ လာရောက်ပေါင်းသော

အပေါင်းအသင်းကို ယုံကြည်လိုက်ပါ။ လုပ်ငန်းအသစ်များကို စတင်အကောင်အထည်ဖော်နိုင်ပါသည်။ တွေ့သောချစ်သူသည် ကိုယ့်အပေါ် သစ္စာရှိမည့် ချစ်သူဖြစ်၏။ ပျောက်ဆုံးသွားသည်ဟု မှတ်ယူထားသောပစ္စည်းသည် တခြားဘယ်ကိုမျှ မရောက်ပါ။ အိမ်ထဲတစ်နေရာရာမှာပင် ရှိနေပါသေးသည်။ နေအိမ်မှထွက်သွားသောသူ ပြန်လာပါလိမ့်မည်။ တစ်ပါးသူလက်ထဲ ရောက်ရှိနေသော ဥစ္စာပစ္စည်းများ ကုန်ဆုံးသွားပါလိမ့်မည် စသောနိမိတ်များ ရရှိပါ၏။

၄။ သစ်ရွက်၌ အနာအဆာများ ကင်းမဲ့ပါလျှင်

စိတ်ချ၍သာ ခရီးသွားပါ။ အားလုံး ကောင်းမွန်အဆင်ပြေပါလိမ့်မည်။ လူမမာရှိပါက နေကောင်းသွားပါလိမ့်မည်။ စိတ်ချရပြီဟု ဆိုနိုင်၏။ ယခုလတ်တလော အပေါင်းအသင်းသည် ရိုးသားစွာ လာရောက်ပေါင်းခြင်းဖြစ်၏။ စီးပွားရေးလုပ်ငန်းများကို စိတ်ချလက်ချ လုပ်ကိုင်နိုင်၏။ ယခုလတ်တလော လုပ်ငန်းများ အောင်မြင်ပါလိမ့်မည်။ တွေ့သောချစ်သူသည် အိမ်ထောင်ဘက် ကျိန်းသေဖြစ်လာလိမ့်မည်။ ပျောက်ဆုံးနေသော ပစ္စည်းများ ပြန်လည်ရပါလိမ့်မည်။ နေအိမ်မှ ထွက်သွားသောသူ ပြန်လာပါလိမ့်မည် စသောနိမိတ်များ ဖြစ်ကြပါ၏။

၅။ အလယ်မှ ပြတ်နေသော သစ်ရွက်ဖြစ်ပါက

ခရီးမသွားပါနှင့်။ အန္တရာယ်ရှိသည်။ ဘေးဒုက္ခကြုံမည်။ လူမမာ လုံးဝအခြေအနေမကောင်းတော့ပါ။ အပေါင်းအသင်းက အကြီးအကျယ် ဒုက္ခပေးပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းလည်း ဆုံးရှုံးပျက်စီးလိမ့်မည်။ ချစ်သူသည် မာယာများပြီး ဖောက်ပြန်မည့်သူဖြစ်၏။ ပျောက်ဆုံးနေသော ပစ္စည်းများ ပြန်မရနိုင်တော့ပါ။ လမ်းဆုံးနေပါပြီ။ နေအိမ်မှ ထွက်သွားသောသူ လုံးဝပြန်မလာပါ။ အရှိသော နိမိတ်ဆိုးများ ဖြစ်ကြပါ၏။

## တိမ်နှင့်ဆိုင်သော နိမိတ်များ

တိမ်ဆိုသည်မှာ သဘာဝကောင်းကင်ယံ၌ စုဝေးဖွဲ့တည်လျက်ရှိသော ရေခိုးရေငွေ့များ ဖြစ်ကြ၏။ တိမ်တို့တွင် အရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြလေရာ ထိုထိုသော သဘာဝအခြေအနေကို ကြည့်ရှုလေ့လာလျက် နိမိတ်များရှိကြ၏။ ယခုတင်ပြမည့် တိမ်နှင့်ဆိုင်သော နိမိတ်များသည် လောကီသိပ္ပံကျမ်းအပေါ် အခြေပြုထားခြင်း ဖြစ်ပါသည်။

၁။ တိမ်သည် အနီရောင်ရှိလျက် လက်နက်ကိုင်သော လူရုပ်ပုံဖြစ်နေပါလျှင် စစ်မက်ဆိုင်ရာကိစ္စ၌ အနိုင်ရတတ်သည့် နိမိတ်ဖြစ်၏။

၂။ တိမ်သည် အမည်းရောင်သမ်းနေပါက စစ်မက်တာရှည်ဦးမည့် နိမိတ်ဖြစ်၏။

၃။ တိမ်သည် အဝတ်ခြုံထားသော မိန်းမသဏ္ဍာန်ဖြစ်နေပါက ရန်သူကို အောင်နိုင်သော နိမိတ်ဖြစ်၏။
၄။ တိမ်သည် ခေါင်းမပါသော လူရုပ်ဖြစ်နေပါက ဦးစီးခေါင်းဆောင် အထိအခိုက်ရှိမည့် နိမိတ်ဖြစ်၏။
၅။ တိမ်သည် ခြင်္သေ့ရုပ်ပုံဖြစ်နေပါက အရာရာအောင်မြင်မည့် နိမိတ်ဖြစ်၏။
၆။ တိမ်သည် နွားရုပ်ပုံဖြစ်နေပါက ဆုံးရှုံးမည့် နိမိတ်ဖြစ်၏။
၇။ တိမ်သည် နဂါးရုပ်ပုံ ဖြစ်နေပါက လုပ်ဆောင်ရမည့် အလုပ်များကို ရဲရဲသာ လုပ်ဆောင်ပါ။ ကျိန်းသေမုချ အောင်မြင်မည့် နိမိတ်ဖြစ်၏။
၈။ တိမ်သည် မြွေရုပ်ပုံဖြစ်နေပါက အစာရေစာများ ရှားပါးမည့် နိမိတ်ဖြစ်၏။
၉။ တိမ်သည် စစ်တန်ဆာဝတ်ထားသောသူနှင့် တူနေပါက အခြေအနေကို စောင့်ကြည့်ပါ။ ရှေ့တိုး၍ ရင်မဆိုင်ပါနှင့်။ စိတ်ရှည်သည်းခံခြင်းဖြင့် အောင်မြင်မည့်နိမိတ်ဖြစ်၏။
၁၀။ တိမ်သည် ငါးကြင်းရုပ်နှင့် တူပါက အစာရေစာများ ပေါများကြွယ်ဝမည့် နိမိတ်ဖြစ်၏။
၁၁။ တိမ်သည် ဒေါင်းရုပ်ပုံဖြစ်ပါက အားလုံးအပေါ် ယှဉ်ပြိုင်အနိုင်ရမည့် နိမိတ်ဖြစ်၏။
၁၂။ တိမ်၌ အစိမ်း, အပြာတန်းများရှိသည်ကို မြင်ရလျှင် ဆန်ရေစပါး ပေါများပြီး အဖျားအနာ နည်းပါးမည့် နိမိတ်ဖြစ်၏။

၁၃။ တိမ်၌ အစိမ်းအဝါရောင်များ ရောထွေးနေပါက ကုန်သွယ် လုပ်ငန်းများ စီးပွားတိုးတက်တော့မည့် နိမိတ်ဖြစ်၏။

၁၄။ တိမ်၌ အစိမ်း၊ အဖြူများ ရောယှက်ကာ လှိုင်းများသဖွယ် ဖြစ်နေပါက တိုင်းတစ်ပါးမှ သံတမန်များ ရောက်ရှိလာ တော့မည့် နိမိတ်ဖြစ်၏။

၁၅။ တိမ်သည် ပုဏ္ဏားရုပ်နှင့် တူနေပါက တစ်ပါးသူ ကုန်း တိုက်မည့် နိမိတ်ဖြစ်၏။

၁၆။ တိမ်သည် မိကျောင်းရုပ်ပုံဖြစ်နေပါက အခက်အခဲများနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၁၇။ တိမ်သည် လင်းပိုင်ရုပ်ဖြစ်နေပါက ဦးစီးခေါင်းဆောင်များ အခက်အခဲနှင့် ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်၏။

၁၈။ တိမ်သည် အနီရောင်သမ်းလျက် အပြောက်,အပြောက်များ ဖြစ်နေပါက တွားသွားသတ္တဝါများ ပေါများမည့်နိမိတ် ဖြစ်၏။

၁၉။ တိမ်၌ အစိမ်းရောင်တန်းများပေါ်နေသည်ကို မြင်ရပါက မိုးလယ်နှင့် မိုးနှောင်းကောင်းမည့် နိမိတ်ဖြစ်၏။

၂၀။ တိမ်သည် အဖြူရောင်သမ်းလျက်ရှိနေပါက အကြီးအကဲ တို့ထံမှ ဂုဏ်ပြုလက်ဆောင်များ ရရှိမည့်နိမိတ်ဖြစ်၏။

၂၁။ တိမ်သည် ထီးဖြူပုံဖြစ်လျက် အထွတ်ကျိုးနေပါက လူကြီးမိဘတို့ ဒုက္ခရောက် ပျက်စီးမည့်နိမိတ်ဖြစ်၏။

၂၂။ တိမ်သည် တံခွန်သဖွယ်ဖြစ်နေပါက မလိုမုန်းထားသူများ ဒုက္ခပြန်တွေ့စေမည့် နိမိတ်ဖြစ်၏။

၂၃။ တိမ်သည် ကြက်လျှာသဏ္ဌာန်ဖြစ်နေပါက သူခိုးသူဝှက်များ ထကြွမည့်နိမိတ်ဖြစ်၏။

၂၄။ တိမ်၌ အဖြူအပြာများ ရောယှက်ပြီး လိုင်းသဖွယ်ဖြစ်နေပါက ရပ်ဝေးမှ ဆွေမျိုးသားချင်းများ၊ ညှိကောင်းစောင်ကောင်းများ ရောက်ရှိလာတော့မည့် နိမိတ်ဖြစ်၏။

၂၅။ တိမ်အစုအဝေးအားလုံး သွေးသဖွယ်နီရဲနေပါက ထိတ်လန့်စရာများ ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၂၆။ တိမ်သည် နီရဲလျက် တောင်သဖွယ်ပုံသဏ္ဌာန် ဖြစ်လာပါက မကောင်းကြံမည့်သူ ရောက်လာမည့်နိမိတ်ဖြစ်၏။

၂၇။ တိမ်သည် မှောက်နေသော လှေရုပ်ပုံဖြစ်နေပါက ရေလမ်းခရီး၌ အန္တရာယ်ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၂၈။ တိမ်၌ အဖြူ၊ အပြာ အစက်အပြောက်များရှိလာပါက လူကြီးသူမများ ဘေးဒုက္ခသင့်တော့မည့် နိမိတ်ဖြစ်၏။

၂၉။ တိမ်သည် ဆင်၊ ကျား၊ ကျွဲ၊ သမင်၊ စွန်၊ လင်းတ၊ မိကျောင်း စသော အရုပ်များဖြစ်နေပါက သတ္တဝါအပေါင်း ဘေးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ကြရတော့မည့် နိမိတ်ဖြစ်၏။

၃၀။ တိမ်သည် ဆင်ချွန်းကဲ့သို့ နှစ်ခွဖြစ်နေပါက ကိုယ့်ထံရောက်လာသော ရပ်ဝေးညှိသည်များ ဘေးဒုက္ခတွေ့ရမည့် နိမိတ်ဖြစ်၏။

၃၁။ တိမ်သည် လှေသဖွယ် တန်းမတ်နေပါက အစစအရာရာ အေးချမ်းသာယာမည့် နိမိတ်ဖြစ်၏။

၃၂။ တိမ်၌ အနက်ရောင်၊ အပြာရောင်များ ရောထွေးယှက် သမ်းနေပါက မြို့ရွာများ မီးဘေးသင့်မည့် နိမိတ်ဖြစ်၏။

၃၃။ တိမ်သည် အဖြူအလယ်၌ နိမ့်ပြီး၊ အနားနှစ်ဘက်ထောင် လျက် အပြာရောင်၊ အစိမ်းရောင်များ သမ်းနေပါက သားကောင်းသမီးကောင်းများ ရရှိမည့် နိမိတ်ဖြစ်၏။

၃၄။ တိမ်သည် လက်တံသဖွယ်ဖြစ်ကာ အလယ်၌ အဖြူ ဘေးအနားက အပြာရောင်ကွပ်ထားသလိုမျိုး တွေ့မြင် ရပါက ခရီးထွက်ရန်မသင့်သော နိမိတ်ဖြစ်၏။

၃၅။ တိမ်သည် အနီရောင်များ သမ်းနေပါက အချင်းချင်း စိတ်ဝမ်းကွဲစရာများ ကြုံလာမည့် နိမိတ်ဖြစ်၏။

၃၆။ တိမ်သည် ပန်းပွင့်သဖွယ် ပုံသဏ္ဌာန်ရှိကာ အဖြူရောင် သမ်းနေပါက ဒုက္ခနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၃၇။ တိမ်သည် ကျွဲခေါင်းသဖွယ် ပုံသဏ္ဌာန်ဖြစ်ပေါ်နေသည် ကို မြင်တွေ့ရပါက စီးပွားလာဘ်လာဘများ ရရှိမည့် နိမိတ်ဖြစ်၏။

၃၈။ တိမ်သည် သက်တံပမာဖြစ်လျက် အနီရောင်က ပို၍ အားသာနေသည်ကို တွေ့မြင်ရပါလျှင် အခြားအရပ်တစ် ပါးမှ လက်ဆောင်ပစ္စည်းများ ရရှိမည့် နိမိတ်ဖြစ်၏။

၃၉။ တိမ်သည် တောင်သဖွယ်ဖြစ်ကာ တောင်ထိပ်၌ အရောင် တဝင်းဝင်း ဖြစ်နေပါက စိုးရိမ်ထိတ်လန့်ဖွယ်ရာများနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၄၀။ တိမ်တွင် အပြာရောင်နှင့် အဝါရောင် ရောယှက်လျက် အကျားကျား ဖြစ်နေပြီး ထိပ်၌ အရောင်တွေဝင်းနေလျှင် ခရီးယာယီ ထွက်ရမည့်နိမိတ်ဖြစ်၏။

**မိုးရွာတော့မယ် ဆိုပါလား...**

၁။ တင်းနေသော စောင်းကြိုးများ သူ့အလိုလို လျော့လာပါက

၂။ ယားနာ၊ ပွေးနာ၊ ဒူလာရှိသူများ သူ့အလိုလို ယားယံလာပါက

၃။ တွင်းအောင်းပုရွက်ဆိတ်များ အုံဖွဲ့လျက် တွင်းအပြင်သို့ ထွက်လာပါက

၄။ ပလူကောင်များ တောင်ပို့ဆီမှ တစ်ခဲနက်ပျံထွက်လာပါက

၅။ အနာကြီးရောဂါရှိသောသူများ အနာထူအမ်းကာ အရည်တရွှဲရွှဲဖြစ်လာပါက

၆။ ကျွဲနွားများ တစ်နေရာရာ၌ တစ်စုတစ်ဝေးတည်း ကျောခိုင်း၍နေပါက

၇။ ငန်း၊ ရေကြက်၊ ရေငှက်၊ ဝမ်းဘဲများ ညအခါ ဆူဆူညံညံ အသံပြုပါက

၈။ ပိတောက် (၃) ကြိမ်၊ ခအောင်း (၃) ကြိမ်၊ ကျည်း (၃) ကြိမ် ပွင့်ပြီးပါက

မကြာခင်ကာလအတွင်း မိုးရွာတော့မည့် နိမိတ်ဖြစ်ပါကြောင်း။ ။

* * *

## သဘာဝဆိုင်ရာ နိမိတ်များ (၂)

### နေနှင့်ဆိုင်သော နိမိတ်များ

ကမ္ဘာဦးလူတို့ မျှော်တ,ကြသည်တွင် နေ၊လတို့သည် အဓိကကျခဲ့၏။ လရောင်မရှိသည်ကို အသာထား၊ နေသာမရှိခဲ့ပါက ကမ္ဘာကြီးသည် မှောင်အတိပြီးကာ လူသားတို့ သက်ရှင်ရပ်တည်ဖို့ရာ လွယ်လိမ့်မည်မထင်ပေ။ နေ၏ကျေးဇူးကားကြီးမားလှပါဘိ။

အဆိုပါနေနှင့် ပတ်သက်၍ လောလီသိပ္ပံကျမ်းအလာအရ မှည်သို့သော နိမိတ်များရှိသည်ကို တင်ပြရပေဦးမည်။

၁။ နေ၌ ကြက်ခြေခတ်ပုံ မြင်ရလျှင် အိမ်ထောင်ဦးစီးဖြစ်သူ ကျန်းမာရေး ထိခိုက်မည့် နိမိတ်ဖြစ်၏။

၂။ နေ၌ တံခွန်ကြက်လျှာမြင်ရလျှင် မိသားစုအရေးကိစ္စများ၊ ဘေးဒုက္ခများ တွေ့ကြုံရတော့မည့် နိမိတ်ဖြစ်၏။

၃။ နေ၌ လုံ့ရုပ်ပုံကို တွေ့မြင်ရလျှင် အတိုက်အခိုက်များ တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၄။ နေသည် ဖြူရာမှ အဝါရောင်သမ်းလာလျှင် ဆန်ရေစပါး ရှားပါးမည့် နိမိတ်ဖြစ်၏။

၅။ နေသည် အလယ်ကအနီ၊ အောက်ကအမည်းဖြစ်လျှင် မိုးခေါင်မည့် နိမိတ်ဖြစ်၏။

၆။ နေသည် အလယ်၌အဖြူ၊ အနားပတ်လည် အလျှံတွေမြင် ရလျှင် မိုးလေ မမှန်သော နိမိတ်ဖြစ်၏။

၇။ နေသည် ဝါလျက် ဂိမ္ဘရတု၌ ထွက်လာပါက အပူကဲမည့် ကပ်ရောဂါကျရောက်မည့် မိုးနှောင်းကောင်းမည့် သတ္တဝါ တို့ ဥပါဒ်ကြုံမည့် နိမိတ်ဖြစ်၏။

၈။ ဝသန္တဥတုရာသီ၌ နေသည် ဖြူပြီးထွက်လာပါက မိုး ကောင်းမည်၊ ကျန်းမာရေးကောင်းမည့် နိမိတ်ဖြစ်၏။

၉။ နေတွင် အနီရောင်သမ်းပါက ဘေးဥပဒ်ကြုံမည့် နိမိတ် ဖြစ်၏။

၁၀။ နေတွင် အဝါရောင်သမ်းပါက သူဌေးသူကြွယ်များ သေ ပျောက်မည့် နိမိတ်ဖြစ်၏။

၁၁။ နေတွင် အဖြူရောင်လွှမ်းပါက အားကိုးအားထားပြုရ သူများ ဘေးဥပဒ်ကြုံမည့် နိမိတ်ဖြစ်၏။

၁၂။ နေတွင် အထက်ကအနီ၊ အောက်အဝါ၊ အလယ်က မည်းနေလျှင် ခရီးမထွက်သင့်၊ လုပ်ငန်းသစ်မစသင့်၊ ထွက်ပါက ပျက်စီးဆုံးရှုံးမှုများနှင့် တွေ့ကြုံရမည့် နိမိတ် ဖြစ်၏။

၁၃။ နေ၌ လူ့ခြေရာသဖွယ် တွေ့မြင်ရပါက ပျက်စီးဆုံးရှုံးမှုများနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၁၄။ နေ၌ ဝက်ရုပ်ကို မြင်တွေ့ရပါလျှင် သူခိုးခိုးခံရမည့် နိမိတ်ဖြစ်၏။

၁၅။ နေ၌ အောက်ဖက်ကအနီ၊ အလယ်က အမည်းသမ်းလျှင် နိုင်ငံကျော် အနုပညာရှင်များ ဘေးဒုက္ခကြုံမည့် နိမိတ်ဖြစ်၏။

၁၆။ နေ၌ အထက်ကအမည်း၊ ဘေးကအဖြူသမ်းသည်ကို တွေ့မြင်ရပါက ခရီးမထွက်သင့်။ ထွက်လျှင် ဘေးဒုက္ခကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၁၇။ ဆောင်းလရာသီ၌ နေသည် နီပြီးထွက်လာပါက သတ္တဝါများ ချူချာမည်၊ အသီးအပွင့် နည်းမည်၊ အထူးသဖြင့် အတောင်ရှိသော သတ္တဝါများ ဘေးဒုက္ခသင့်မည့် နိမိတ်ဖြစ်၏။

၁၈။ ဥတုသုံးပါး၌ နေသည် တစ်ခြမ်းအဖြူ၊ တစ်ခြမ်းအစိမ်းဖြစ်ပါက မိုးများမည့် နိမိတ်ဖြစ်၏။

၁၉။ မိုးကာလအတွင်း နေသည် နီလျက်ထွက်လာပါက မိုးသည် ခဏကလေးသာရွာ၍ ချက်ချင်းပြန်တိတ်သွားမည့် နိမိတ်ဖြစ်၏။

၂၀။ နေသည် လရောင်သဖွယ်ဖြူလျက် အစိမ်းအနီ၊ အပြာများသမ်းလာပါက မိုးကောင်းမည့် နိမိတ်ဖြစ်၏။

၂၁။ နေအနီး၌ ကြယ်တစ်လုံးထွက်လာပါက ထိတ်လန့်ဖွယ် သတင်းတစ်ခုခု ပေါ်ထွက်လာမည့် နိမိတ်ဖြစ်၏။

၂၂။ နေသည် ရဲရဲတွတ်သောအရောင်ဖြင့် အနောက်ဘက်သို့ ဝင်သွားပါက လူကြီးသူမတို့ ဘေးဥပဒ်သင့်မည့် နိမိတ်ဖြစ်၏။

၂၃။ နေသည် ဖြူ၍ အနက်ကြက်ခြေခတ် ဖြစ်နေပါက ခရီးယာယီထွက်ရမည့် နိမိတ်ဖြစ်၏။

၂၄။ နေ၌ အပြာရောင်များ တွေ့မြင်ရပါက မြို့ရွာအချို့ ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၂၅။ နေ၌ အစိုးသုံးသွယ်ရှိပြီး အပြာရောင်ကို တွေ့မြင်ရပါက တစ်ပြည်တစ်ရွာမှ ကျူးကျော်လာမည့် နိမိတ်ဖြစ်၏။

၂၆။ နေဝန်းထဲ၌ လကိုမြင်ရပါက စစ်မက်ထူပြောမည့် နိမိတ်ဖြစ်၏။

၂၇။ နေ၌ ဇီးကွက်သဏ္ဍာန် ငှက်ရုပ်ကို တွေ့မြင်ရပါက သူခိုးသူဝှက်များ ထကြွမည်။ သွေးထွက်သံယိုဖြစ်မည့် နိမိတ်ဖြစ်၏။

၂၈။ နေနှစ်စင်းထွက်သည်ကို တွေ့မြင်ရပါက ကြီးစွာသော လေပြင်းမုန်တိုင်းများ ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၂၉။ နေ၌ အမည်းရောင်များကို တွေ့မြင်ရပါက မီးဘေး အန္တရာယ်နှင့် တွေ့ကြုံရတော့မည့် နိမိတ်ဖြစ်၏။

၃၀။ နေသည် အလယ်ကဖြူလျက် အနားကနီနေလျှင် သားသည်မိခင်များ အခက်အခဲနှင့် ရင်ဆိုင်ရမည့် နိမိတ်ဖြစ်၏။

အခါကာလဆိုင်ရာ နိမိတ်များ

၁။ သင်္ကြန်အကျနေ့ မိုးတိမ်များရှိပါက မိုးဦးကောင်းမည့် နိမိတ်ဖြစ်၏။

၂။ သင်္ကြန်အကြတ်နေ့ မိုးတိမ်များရှိပါက မိုးလယ်ကောင်းမည့် နိမိတ်ဖြစ်၏။

၃။ သင်္ကြန်အတက်နေ့ မိုးတိမ်များရှိပါက မိုးနှောင်းကောင်း မည့် နိမိတ်ဖြစ်၏။

၄။ သင်္ကြန်ကျပြီး (၄၅) ရက်ကြာမှ မိုးရွာလျှင် 'ဖျောက်ဆိတ် မျက်နှာသစ်သည်'ဟုခေါ်ဆိုပြီး ထိုသို့ ဖျောက်ဆိပ်မျက်နှာ သစ်ပါက မိုးလယ်၊ မိုးနှောင်းကောင်းမည့် နိမိတ်ဖြစ်၏။

၅။ ပြာသိုလ၌ မိုးရွာလျှင် 'မိုးသန္ဓေပျက်'ဟုခေါ်၏။ ထိုမိုး ရွာပါက လာမည့်နှစ် မိုးခေါင်မည့် နိမိတ်ဖြစ်၏။

၆။ တပေါင်းလဆန်း (၁) ရက်နေ့၌ လေတိုက်ပါက မိုးဦး ကောင်းမည့် နိမိတ်ဖြစ်၏။

၇။ တပေါင်းလဆန်း (၂) ရက်နေ့၌ လေတိုက်ပါက မိုးလယ် ကောင်းမည့် နိမိတ်ဖြစ်၏။

၈။ တပေါင်းလဆန်း (၃) ရက်နေ့၌ လေတိုက်ပါက မိုးနှောင်း ကောင်းမည့် နိမိတ်ဖြစ်၏။

၉။ မိုးကာလ လျှပ်မပြက်ဘဲ ထစ်ချုန်း၍ရွာပါက မိုးပြတ်တော့ မည့် နိမိတ်ဖြစ်၏။

၁၀။ မိုးအလယ်ပိုင်း၊ အနောက်ဘက်ဆီမှ မိုးခြိမ်းသံမြည်ပါက
လျှင် မကြာခင်ကာလအတွင်း ရေကြီးတော့မည့် နိမိတ်
ဖြစ်၏။

၁၁။ ဝါထပ်လျှင် မိုးဦးခေါင်ပြီး နောက်–မိုးကောင်းကာ မကြာ
ခင် ရေကြီးတော့မည့် နိမိတ်ဖြစ်၏။

၁၂။ မိုးဦးကျ၌ တံငါသည်များ ငါးအရနည်းလျှင် မိုးကောင်းပြီး
ရေကြီးတော့မည့် နိမိတ်ဖြစ်၏။

၁၃။ မိုးရာသီ၌ မြွေပွေးများ သစ်ပင်ပေါ်သို့လည်းကောင်း၊
ဝါးရုံပေါ်သို့လည်းကောင်း တက်နေပါက မိုးလေကြီးတော့
မည့် နိမိတ်ဖြစ်၏။

၁၄။ မိုးရာသီ၌ တီကောင်များ လမ်းမပေါ်ထွက်ပါက မိုးကုန်
တော့မည့် နိမိတ်ဖြစ်၏။

၁၅။ ညအချိန် တောကြက် (၃) ကြိမ်တွန်သံကြားရပါက မိုး
ကုန်တော့မည့် နိမိတ်ဖြစ်၏။

၁၆။ တောင်ခါးပန်းတစ်ဝိုက် မြူခိုးများ ဝိုင်းပတ်လွှမ်းခြုံနေသည်
ကို မြင်ရလျှင် မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၁၇။ ထန်းပင်မှ ထန်းဖူးအထွက်စောသည်နှင့် ကြုံရလျှင်
မိုးဦးစောမည့် နိမိတ်ဖြစ်၏။

၁၈။ တည်ပင်၌ အသီးများများသီးပြီး အပျက်အစီးနည်းပါက
မိုးကောင်းမည့် နိမိတ်ဖြစ်၏။

ဘေးတွေ့စေမည့် နိမိတ်များ

၁။ ကြက်မ တွန်ပါက ကြက်ရှင် ဒုက္ခရောက်မည့် နိမိတ်ဖြစ်၏။ (ထိုကြက်မအား မသတ်ပါနှင့်၊ ဘေးလွတ်ရာသို့ လွှတ်ပေးလိုက်ပါ)

၂။ နွားငယ်တွန်ပါက နွားရှင် အခွင့်အရေးရမည့်၊ အကြီးအကဲ ဖြစ်မည့် နိမိတ်ဖြစ်၏။

၃။ တောတွင်းတိရစ္ဆာန်များ မြို့တွင်းသို့ဝင်လာပါက ထိုမြို့၌ အပြောင်းအလဲတစ်ခုမဟုတ် တစ်ခုနှင့် ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၄။ မြွေနှင့်ဖား၊ ကြောင်နှင့်ကြွက်၊ ကျားနှင့်ဝက်၊ ကျီးနှင့်ဇီးကွက် စသော မတည့်သည့် သတ္တဝါများ သင့်မြတ်နေသည်ကို မြင်ရလျှင် အစစအရာရာ အေးချမ်းတော့မည့် နိမိတ်ဖြစ်၏။

၅။ မြို့ရွာများ၌ ကိုးကွယ်လျက်ရှိကြကုန်သော အကိုးကွယ်ခံ ဘုရားရုပ်တုတော်မှ ချွေးထွက်ခြင်း၊ မျက်တောင်ခတ်ခြင်း၊ နှာတော်လှုပ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်းတို့ ဖြစ်ပေါ်လာလျှင် အဆိုပါမြို့ရွာများ ထူးကဲဖြစ်စဉ်နှင့် ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၆။ ခွေးနို့အား ကြောင်ကစို့လျှင်သော်လည်းကောင်း ဝက်နို့အား ခွေးကစို့လျှင်သော်လည်းကောင်း ရောဂါဘယ ရကပ်ဆိုက်တော့မည့် နိမိတ်ဖြစ်၏။

၇။ ကြခတ်ဝါးများ အသီးသီးပြီဆိုပါက အဆိုပါမြို့ရွာများ ကပ်သုံးပါးဘေးဆိုက်တော့မည့် နိမိတ်ဖြစ်၏။

၈။ အိမ်ခြံဝင်းထဲ၌ရှိသော သစ်ပင်ကြီးသည် အလိုလိုခြောက်သွေ့သွားပါက လေမတိုက်ပါဘဲ လဲပြိုကျသွားပါက အဆိုပါခြံဝင်းပိုင်ရှင် ဘေးဒုက္ခကြုံရမည့် နိမိတ်ဖြစ်၏။

၉။ တိရစ္ဆာန်၊ လူ စသဖြင့် သက်ရှိသတ္တဝါများ ခေါင်းနှစ်လုံး၊ ကိုယ်နှစ်ခု၊ ခြေလေးဘက်၊ လက်လေးဘက်စသည်ဖြင့် သဘာဝလွန်ပြီး မွေးဖွားလာခဲ့ပါက ဘေးအန္တရာယ်ကပ်သုံးပါး ဆိုက်ရောက်တော့မည့် နိမိတ်ဖြစ်၏။

၁၀။ ဆင်မ မုန်ယိုလျှင်သော်လည်းကောင်း၊ ဆင်မ အစွယ်ကြီးကြီး ရှည်ရှည်ပေါက်လျှင်သော်လည်းကောင်း အဆိုပါဆင်မ ရှိသည့် မြို့ရွာများ ဘေးသင့်မည့် နိမိတ်ဖြစ်၏။

၁၁။ ပိုးဟပ်၊ ကြမ်းပိုး၊ သန်း စသည်တို့ပေါများသောအိမ်ဆိုလျှင် သောကအပူနှင့် ရင်ဆိုင်ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၁၂။ အသီးအနံသည် သီးရိုးသီးစဉ်ထက် ဆန်းပြားစွာ သီးနေခဲ့ပါလျှင် အဆိုပါမြို့နယ်အဖို့ ချောက်ချားမှုနှင့် ကြုံမည့်နိမိတ်ဖြစ်၏။

၁၃။ လူအရိုးအား ခွေးစားနေလျှင်သော်လည်းကောင်း၊ စပါးကို ခွေးစားနေလျှင်သော်လည်းကောင်း ဘေးဒုက္ခနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

၁၄။ တိရစ္ဆာန်များ ဓာတ်တူသားစားသည်ကို တွေ့မြင်ရပါက အစာရေစာ ရှားပါးမည့် နိမိတ်ဖြစ်၏။

၁၅။ မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း၊ ကြောင် စသည်တို့ ပေါများလာလျှင် အစာရေစာ ရှားပါးမည့် နိမိတ်ဖြစ်၏။

## သည်နိမိတ်တွေလည်း မကောင်းပါ

အိမ်တွင်းသို့ လင်းဆွဲတစ်ကောင် ဝင်လာလျှင် ဦးထုပ်ကို ခုတင်ပေါ်သို့ တင်မိခဲ့လျှင်၊ ဖိနပ်ကွက်အော်သံ သုံးခါကြားရလျှင် နံနက်စာစားနေစဉ် သီချင်းဆိုမိလျှင်၊ မင်္ဂလာလက်ဆောင်ပစ္စည်းများအား မဆိုင်သူကို ပေးမိလျှင်၊ တံမြက်စည်းအား မီးရှို့မိခဲ့လျှင်၊ ညကာလ၌ ဥများအား အိမ်ထဲသို့ ယူခဲ့မိလျှင်၊ သောကြာနေ့၌ ခြေသည်းလက်သည်းများ လှီးမိခဲ့လျှင်၊ လက်အိတ်အောက်သို့ ပြုတ်ကျခဲ့လျှင်၊ ဆန်းစလအား ဘယ်ဘက်ပခုံးမှ ကျော်၍ ကြည့်မိခဲ့လျှင် နှစ်ဆန်းတစ်ရက်နေ့၌ အိမ်တွင်းရှိပစ္စည်းများအား အပြင်သို့ ထုတ်ယူမိခဲ့လျှင် ဒေါင်းဖို၏ အမွေးအတောင်များကို တွေ့မိခဲ့လျှင်၊ လက်ထပ်လက်စွပ်အား ချွတ်ထားမိခဲ့လျှင်၊ ပင်လယ်စင်ရော်ကို သတ်ခဲ့မိလျှင်၊ အိမ်မွေးကြက်မ ညဘက်တွန်လျှင်၊ ဝတ်စားထားသော အဝတ်အစားများအား မချွတ်ဘဲ ဖာထေးချုပ်မိခဲ့လျှင်၊ ဖိနပ်အားထိုင်ခုံ (သို့) စားပွဲပေါ်တင်ထားခဲ့လျှင်၊ လက်မှ ထီးလွတ်ကျသွားလျှင်၊ နေခင်းကြောင်တောင် ဖိးကွက်ကိုတွေ့ခဲ့မိလျှင်၊ မိမိအရပ်ထက်မြင့်သော စင်ပေါ်သို့ ခြေညှပ်

ဖိနပ်များ တင်ထားမိခဲ့လျှင်၊ စားပွဲပေါ်၌ ထီးတင်ထားခဲ့မိလျှင်၊ သစ်ကိုင်းတစ်ကိုင်း၌ အပွင့်နှင့်အသီး ယှဉ်တွဲထားမိလျှင်၊ လမ်းပေါ်၌ ယုန်ကိုတွေ့ခဲ့လျှင်၊ ခရမ်းရောင်မြင်းခွာပန်းသည် အချိန်မတော် ပွင့်ခဲ့လျှင်၊ မင်္ဂလာဆောင်အပြီး လောလောလတ်လတ် ဝက်ကိုတွေ့ခဲ့လျှင်၊ ဒွန်းစဏ္ဍားနှင့် ပက်ပင်းတိုးခဲ့လျှင်၊ ကြယ်သီးပေါက်မှားပြီး တပ်ခဲ့မိလျှင်၊ ဘယ်ဘက်ဖိနပ်ကို ဦးစွာစီးမိခဲ့လျှင်၊ အိမ်တွင်း၌ ထီးဖွင့်ထားမိခဲ့လျှင် ခြေထောက်တစ်ဖက်ကို မြေမှာမထိဘဲ စားပွဲပေါ်မှာ ထိုင်မိခဲ့လျှင်၊ ပုရစ်ကိုသတ်ခဲ့မိလျှင်၊ ပန်းချီကား ပြုတ်ကျသွားလျှင်၊ ရှပ်အင်္ကျီအား ပြောင်းပြန်ဝတ်မိခဲ့လျှင်၊ ခုတင်ပေါ်မှဆင်းရာ၌ ဘယ်ခြေနှင့်ကြမ်းပြင်အား ဦးစွာထိမိခဲ့လျှင်၊ မီးမွှေးသော မီးပြောင်းတစ်စုံ စားပွဲပေါ် တင်ထားမိခဲ့လျှင်၊ ကျပ်လွန်းသောလက်စွပ်အား ဝတ်ထားမိခဲ့လျှင်၊ လိပ်ပြာသုံးကောင်တွဲအား မြင်မိလျှင်၊ ပန်းအနီရောင်နှင့် အဖြူရောင်ကို ပူးတွဲသုံးမိလျှင် နိမိတ်မကောင်းဟူ၍ အနောက်တိုင်းပညာရှင်များက ယူဆကြလေ၏။

* * *

## သဘာဝဆိုင်ရာနိမိတ်များ (၃)

### သည်နိမိတ်တွေကျ ကောင်းပါသည်

လင်းဆွဲများ မှောင်ရီဖြိုးဖျအချိန်၌ ပျံသန်းလျှင်၊ ပျားလဘို့ (သို့မဟုတ်) ပျားအုံအား လက်ဆောင်အဖြစ် ရရှိလျှင်၊ သပိတ်လွယ်ငှက် အိမ်တွင်းသို့ ပျံသန်းဝင်ရောက်လာလျှင်၊ အဖြူရောင်လိပ်ပြာကို တွေ့မြင်ရလျှင်၊ အရွက်လေးရွက်ရှိသော လေးညှင်းပွင့်ကို မြင်ရလျှင်၊ ပုရစ်အော်မြည်သံကို ကြားရလျှင်၊ လှီးဖြတ်ပြီးသွားသော လက်သည်းခွံများကို မီးရှို့လျှင်၊ လေပြင်းမုန်တိုင်းကျခိုက် ဆံပင်ညှပ် (သို့မဟုတ်) ဆံပင်ဖြတ်လျှင်၊ ကောက်ရထားသောဆံညှပ်အား ချိတ်တစ်ခု၌ ထားမိလျှင်၊ ကောက်ရိုးစည်းကို မြင်ရလျှင်၊ ဆန်းစသော်တာလမင်းအား ညာဘက်ပခုံးပေါ်ကနေ ကျော်ပြီးကြည့်မိလျှင်၊ ထောင်နေသောသံကို ကောက်ရခဲ့လျှင်၊ လမ်းမပေါ်၌ ခဲတံကို ကောက်ရခဲ့လျှင်၊ ကနုကမာအခွံအပိုင်းအစများအား အိတ်ထောင်ထဲ ဆောင်ထားခဲ့လျှင်လည်းကောင်း။

ယုန်တစ်ကောင်၏ ခြေထောက်အား အဆောင်အဖြစ် ဆောင်ထားခဲ့လျှင်၊ ဦးရှာတုန်း မိုးရေထဲလမ်းလျှောက်လျှင်၊ မီးပူတိုက်မထားသော အခင်းများပေါ်၌ အိပ်မိခဲ့လျှင်၊ မှန်ကွဲသွားလျှင်၊ တောင်ဘက်အရပ်သို့ မျက်နှာမူ၍ အိပ်ခဲ့လျှင်၊ ခရမ်းနုရောင် ခေါင်းလောင်းပုံ ပန်းပွင့်ကို ရခဲ့လျှင်၊ ခွေးတစ်ကောင် အိမ်အထိ နောက်ကလိုက်ခဲ့လျှင်၊ အဝတ်အစားများအား အတွင်းအပြင် ပြောင်းပြန်ဝတ်မိလျှင်၊ မြင်းခွာသံတစ်ခု ကြားရလျှင်၊ အပ်(ပင်အပ်)တစ်ချောင်း ကောက်ရခဲ့လျှင်၊ အစေ့ (၉) စေ့ပါသော ပဲတောင့်ကို ရခဲ့လျှင်၊ ကြက်, ငှက်တို့၏ ညှပ်ရိုးတစ်ခု ရခဲ့လျှင်၊ ကြွက်နှစ်ကောင် တစ်ပြိုင်နက်တည်း ထောင်ခြောက်ထဲမိလာခဲ့လျှင်၊ နံနက်စာ မစားမီ သုံးကြိမ်နှာချေခဲ့လျှင်၊ တံမြက်စည်းတွေ့မိခဲ့လျှင်၊ အနောက်တိုင်းပညာရှင်များက ကောင်းသောနိမိတ်များဟူ၍ မှတ်ယူထားကြပါသည်။

## နိမိတ်မကောင်းတဲ့ သစ်

အိမ်ဆောက်သည့်အခါ၌ သုံးကောင်းသော သစ်များရှိသကဲ့သို့ မသုံးကောင်းသောသစ်များလည်း ရှိကြ၏။ မသုံးကောင်းသော သစ်များသည် နိမိတ်မကောင်းကြချေ။ မရှောင်ကြဉ်ဘဲ အသုံးပြုမိပါက စိတ်သောကရောက်စရာများနှင့်သာ ကြုံတွေ့ရတတ်ပါသည်။ အသုံးမပြုသင့်သော၊ နိမိတ်မကောင်းသော သစ်များမှာ–

(၁) မြောက်ကိုင်းခြောက်သစ်
(၂) ဗွဲချသစ်
(၃) ဘီလူးသစ်
(၄) ကောင်းကင်ရှုးသစ်
(၅) တံကျင်သစ်
(၆) ချောင်းကူးသစ်
(၇) သစ်နီသစ်
(၈) သစ်ခြောက်သစ်
(၉) သူတော်သစ်
(၁၀) နွယ်လိမ်သစ်
(၁၁) ငါးကြင်းမြီးသစ်
(၁၂) ရှုတံသစ်
(၁၃) မိချောင်းတင်သစ်
(၁၄) ချွတ်သစ်
(၁၅) မီးလောင်သစ်

စသည်တို့ ဖြစ်ကြပါ၏။

**နိမိတ်ကောင်း/ဆိုး အိပ်မက်မျိုး**

ဦးစွာ နိမိတ်ကောင်းသော အိပ်မက်များကို တင်ပြပါမည်။

(က)

၁။ ကလေးသူငယ်အား မြင်မက်ပါက ချမ်းသာသုခရမည်။
၂။ ကတ္တီပါကို မြင်မက်သော် ကံကောင်းမည်။

၃။ ကော်ဖီသောက်ရသည်ကို မြင်မက်သော် လာဘ်လာဘ ဝင်မည်။
၄။ ကုလားထိုင်ကို မြင်မက်လျှင် ရွှေငွေဥစ္စာရမည်။
၅။ ကုလားအုတ်ကို မြင်မက်လျှင် ချမ်းသာသုခ ရရှိလိမ့်မည်။
၆။ ကော်ဇောကိုမက်လျှင် အကြံအောင်မည်။ (ကြိုးစားဖို့တော့ လိုပါမည်။)
၇။ ကင်းမြီးကောက်ကို မက်ပါက ရွှေငွေများ ရရှိတတ်ပါသည်။
၈။ ကောက်ရိုးပုံကို မက်ပါက ချမ်းသာကြွယ်ဝတတ်ပါသည်။
၉။ ကောင်းကင်ကို မက်ပါက ချမ်းသာကြီးစွာ ရတတ်ပါသည်။
၁၀။ ကောင်းကင်ပေါ်သို့ ပျံတက်ရသည်ဟု မက်ပါက ကျော်စောထင်ရှားတတ်ပါသည်။
၁၁။ ကတ်ကြေးကို မက်ပါက ကျက်သရေမင်္ဂလာ ရှိတတ်ပါသည်။
၁၂။ ကိတ်မုန့်ကို စားရသည်ဟု မက်ပါက အလိုဆန္ဒပြည့်ဝ၍ ပျောက်သွားသည့်ပစ္စည်းဥစ္စာများ ပြန်လည်ရရှိတတ်ပါသည်။
၁၃။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပသည်ဟု မြင်မက်ပါက ဘုန်းတန်ခိုးကြီးမားတတ်ပါသည်။

၁၄။ ကိုယ်ကာယ ညစ်ထေးနေသည်ဟု မြင်မက်ပါက စွဲကပ်နေသောရောဂါများ ပျောက်ကင်းတတ်ပါသည်။
၁၅။ ကွမ်းစားရသည်ဟု မြင်မက်ပါက ပုဆိုးကောင်းရတတ်ပါသည်။
၁၆။ ကွမ်းသီးစားရသည်ဟု မြင်မက်ပါက သားသမီးရတနာရတတ်ပါသည်။
၁၇။ ကျားစွယ်ကို ပိုက်ထားရသည်ဟု မြင်မက်ပါက ရာထူးရာခံရတတ်ပါသည်။
၁၈။ ကျားသစ်ကို မြင်မက်ပါက နိုင်ငံရပ်ခြား သွားရတတ်ပါသည်။
၁၉။ ကျောက်ဖျာကို မျိုရသည်ဟု မြင်မက်ပါက ကျေးဇူးသတင်းပျံ့နှံ့တတ်ပါသည်။
၂၀။ ကျောက်ဖျာအုပ်မိုးခံရသည်ဟု မြင်မက်ပါက အများ၏ချစ်ခင်ခြင်းကို ခံရတတ်ပါသည်။
၂၁။ ကျောင်း၊ စာသင်ကျောင်းတို့ကို မြင်မက်ပါက ပညာရေးကံကောင်းတတ်ပါသည်။
၂၂။ ကျောင်းသခ်မ်းကို မြင်မက်ပါက အိမ်ကောင်းနှင့် နေထိုင်ရတတ်ပါသည်။
၂၃။ ကြက်ကိုမြင်မက်ပါက ချစ်ခင်နှစ်သက်သောသူနှင့် ဖူးစာဆုံတွေ့ရတတ်ပါသည်။
၂၄။ ကြက်မကို မြင်မက်ပါက ကုသိုလ်ကံကောင်းတတ်ပါသည်။

၂၅။ ကြက်သားစားရသည်ဟု မြင်မက်ပါက လာဘ်လာဘကြီးစွာ ရတတ်ပါသည်။

၂၆။ ကြက်ငှက်တို့၏ တောင်ပံကို စားသောက်ရသည်ဟု မြင်မက်ပါက ချမ်းသာတတ်ပါသည်။

၂၇။ ကြက်တွန်သံကြားရသည်ဟု မြင်မက်ပါကသတင်းကောင်းကြားရတတ်ပါသည်။

၂၈။ ကြယ်နက္ခတ်ကို မြင်မက်ပါက ထက်မြက်တတ်ပါသည်။

၂၉။ တောက်ပသောကြယ်ကို မြင်မက်ပါက ကံကောင်းတတ်ပါသည်။

၃၀။ ကြံစုတ်ရသည်ဟု မြင်မက်ပါက လာဘ်လာဘ ရရှိတတ်ပါသည်။

၃၁။ ကြာမျိုးငါးပါးကို မြင်မက်ပါက ဂုဏ်ကျက်သရေ တိုးပွားတတ်ပါသည်။

၃၂။ ကြိုးဆွဲချသေရသည်ကို မြင်မက်ပါက ချမ်းသာတတ်ပါသည်။

၃၃။ အလုပ်အကျွေးကို မြင်မက်ပါက နတ်အပေါင်း၏ ချစ်ခြင်းကို ခံရတတ်ပါသည်။

၃၄။ ကျွဲပြေးသည်ကို မြင်မက်ပါက ရန်သူတို့ ထွက်ခွာပြေးတတ်ပါသည်။

၃၅။ ကြွယ်ဝသည်ကို မြင်မက်ပါက ကောင်းကျိုးချမ်းသာရရှိတတ်ပါသည်။

၃၆။ ကြက်ခွပ်သည်ကို မြင်မက်လျှင် တရားတွေ့တတ်ပါသည်။
၃၇။ ကျွဲစီးရသည်ဟု မြင်မက်ပါက ကျေးကျွန်ရတတ်၏။

(ခ)

၁။ ခရာမှုတ်သံကို ကြားရသည်ကို မြင်မက်ပါက သတင်းကောင်း ကြားရတတ်ပါသည်။
၂။ ရေအပြည့်ထည့်ထားသော ခရားကိုမြင်မက်ပါက ကောင်းသောအတိတ်နိမိတ် ဖြစ်ပါသည်။
၃။ ခရီးသွားရသည်ဟု မြင်မက်လျှင် အကြံအောင်တတ်၊ လာဘ်လာဘ ရတတ်ပါသည်။
၄။ ခရုသင်းကို မြင်မက်ပါက ဘေးရန်များ ကင်းပျောက်တတ်ပါသည်။
၅။ ခရုသင်းကို မှုတ်ရသည်ဟု မြင်မက်ပါက ကျော်စောထင်ရှား၍ ငွေကြေးများ ဝင်လာတတ်ပါသည်။
၆။ ခဝါသည် အဝတ်လျှော်နေသည်ကို မြင်မက်ပါက မကြာခင် ကြီးပွားချမ်းသာပါတော့မည်။
၇။ ခါးပတ်ကြိုးကို မြင်မက်ပါက မကြာခင် အိမ်ထောင်ကျပါတော့မည်။
၈။ ခုန်ရလွှားရသည်ဟု မြင်မက်ပါက အလုပ်အကိုင် တိုးတက်ပါတော့မည်။

၉။ ခေါင်း(ဦးခေါင်း)ကို မြင်မက်ပါက ရွှေငွေရတနာများ ဝင်လာတတ်ပါသည်။

၁၀။ ခေါင်းဖြီးရသည်ဟု မြင်မက်ပါက ဘေးကင်းတတ်ပါ သည်။

၁၁။ ခေါင်းလောင်းသံကြားရသည်ဟု မြင်မက်ပါက သတင်း ကောင်း ကြားရတတ်ပါသည်။

၁၂။ ခေါင်းလောင်းထိုးရသည်ဟု မြင်မက်ပါက လက်ထပ်ရပါ လိမ့်မည်။

၁၃။ ခိုကို မြင်မက်ပါက အလုပ်အကိုင်များ တိုးတက်တတ်ပါ သည်။

၁၄။ ခိုက်ရန်ဖြစ်ပွားရသည်ဟု မြင်မက်ပါက မိတ်ကောင်းဆွေ ကောင်းများ တွေ့တတ်ပါသည်။

၁၅။ ခွေးကို မြင်မက်ပါက မျှော်လင့်ချက် ပြည့်ဝတတ်ပါသည်။

၁၆။ ခွေးရူးကို မြင်မက်ပါက အရောင်းအဝယ် ကောင်းမွန်တတ် ပါသည်။

၁၇။ ကြည်လင်သောရေများ စီးဆင်းနေသည့် ချောင်းကိုတွေ့ မြင်ရပါက အကြီးအကဲပုဂ္ဂိုလ် ဖြစ်တတ်ပါသည်။

၁၈။ ချိုးငှက်သားကို စားရသည်ဟု မြင်မက်ပါက လာဘ်လာ ဘများ ရရှိတတ်ပါသည်။

၁၉။ ချုဆည်းလည်းများ လှုပ်သည်ဟု မြင်မက်ပါက ဥစ္စာရ တတ်ပါသည်။

၂၀။ ချွေးထွက်သည်ဟု မြင်မက်ပါက ဘုန်းတန်ခိုးကြီးမားပြီး ငွေရတတ်ပါသည်။
၂၁။ ချွန်းကောင်းလက်နက် စွဲကိုင်ရသည်ဟု မြင်မက်ပါက အကြီးအကဲ ဖြစ်တတ်ပါသည်။
၂၂။ ခြေထောက်ကို မြင်မက်ပါက ခရီးသွားရတတ်ပါသည်။
၂၃။ ခြေကျင်းဝတ်ရသည်ဟု မြင်မက်ပါက သားကောင်းရတတ်ပါသည်။
၂၄။ ခြေအိတ်ဝတ်ရသည်ဟု မြင်မက်ပါက အမွေရတတ်ပါသည်။
၂၅။ ခြသေ့်ကို မြင်မက်ပါက ချမ်းသာကြီးတတ်၊ ဥစ္စာတတ်ပါသည်။

(ဂ)

၁။ ဂူဆောက်ရသည်ဟု မြင်မက်ပါက ချမ်းသာတတ်ပါသည်။
၂။ ဂူသင်္ချိုင်းတို့အကြား ရောက်ရှိနေသည်ဟု မြင်မက်ပါက အမွေရတတ်ပါသည်။
၃။ ဂုံညင်းထိုးတမ်း ကစားရသည်ကို မြင်မက်ပါက အကြီးအကဲ ခေါင်းဆောင်ဖြစ်တတ်ပါသည်။

(င)

၁။ ငါး(အရှင်)ကို မြင်မက်ပါက အောင်မြင်မှုများ ရရှိတတ်ပါသည်။

၂။ ငါးဖမ်းရသည်ဟု မြင်မက်ပါက ချမ်းသာတတ်ပါသည်။

၃။ ငါးစားရသည်ဟု မြင်မက်ပါက လာဘ်လာဘရတတ်၊ ဆန်ရေစပါး ပေါများတတ်ပါသည်။

၄။ ငတ်မွတ်ဆာလောင်သည်ဟု မြင်မက်လျှင် အတိတ်နိမိတ်ကောင်း ဖြစ်ပါသည်။

၅။ ငိုရသည်ဟု မြင်မက်လျှင် ရှေ့လျှောက်ချမ်းသာကတ်ပါသည်။

၆။ ငွေရသည်ဟု မြင်မက်လျှင် အရောင်းအဝယ်ကောင်းတတ်၊ စုတ်လာဘ်ဝင်တတ်ပါသည်။

၇။ ငွေအိတ်၌ ငွေအမြောက်အမြားရှိသည်ဟု မြင်မက်ပါက တစ်သက်တာလုံး ချမ်းချမ်းသာသာ နေသွားရတတ်ပါသည်။

၈။ ငှက်ကို မြင်မက်ပါက နှစ်သက်သောသူနှင့် ဖူးစာဆုံရတတ်ပါသည်။

၉။ ငှက်ငယ်၏ တေးဆိုသံကို ကြားရသည်ဟု မြင်မက်ပါက ချမ်းသာတတ်ပါသည်။

၁၀။ ငှက်ဖမ်းမိသည်ဟု မြင်မက်ပါက ငွေရမည်။ အမြတ်အစွန်းများ ရရှိတတ်ပါသည်။

၁၁။ ငှက်အသိုက်ကို မြင်မက်ပါက ဥစ္စာပစ္စည်းများ ရရှိတတ်ပါသည်။

၁၂။ ငှက်တော်ကို ဖမ်းဆီးရမိသည်ဟုမြင်မက်ပါက ရာထူးရာခံ များ ရရှိတတ်ပါသည်။

၁၃။ ငှက်ပျောပင်ကို စိုက်ရသည်ဟု မြင်မက်ပါက အကြီးအကဲ ဖြစ်တတ်ပါသည်။

၁၄။ ငရုတ်သီးစားရသည်ဟု မြင်မက်ပါက အများတကာအပေါ် ဩဇာညောင်းသည့် ဆရာတစ်ဆူ ဖြစ်တတ်ပါသည်။

(စ)

၁။ စပါးကို မြင်မက်ပါက စုတ်ဝင်တတ်ပါသည်။

၂။ စပျစ်သီးစားရသည်ဟု မြင်မက်ပါက မယားရတတ်ပါသည်။

၃။ စာကလေးငှက်ကို မြင်မက်ပါက ခရီးသွားရတတ်၊ အမြတ် ရရှိတတ်ပါသည်။

၄။ စာ (သင်ခန်းစာ) ကျက်မှတ်၍ အလွတ်ရသည်ဟု မြင် မက်ပါက သတင်းထူးကြားရတတ်ပါသည်၊

၅။ စာပို့လုလင်ကို မြင်မက်လျှင် မကြာမီ သတင်းထူးတစ်ခု ကို ကြားရတတ်ပါသည်။

၆။ စာစီစာကုံးရေးရသည်ဟု မြင်မက်လျှင် အိမ်ထောင်ဖက် ကောင်း ရရှိတတ်ပါသည်။

၇။ စာမေးပွဲဖြေဆိုရသည်ဟု မြင်မက်လျှင် ဇနီးများစွာ ရတတ် ပါသည်။

၈။ စာရေးရသည်ကို မြင်မက်လျှင် တောင့်တသောအရာများ ရရှိတတ်ပါသည်။
၉။ စာသင်ရသည်ကို မြင်မက်လျှင် ကျော်စောထင်ရှားတတ်ပါသည်။
၁၀။ စာအုပ်ဖတ်ရသည်ဟု မြင်မက်လျှင် ပညာကောင်းရရှိတတ်ပါသည်။
၁၁။ စည်တီးသံကြားရသည်ဟုမြင်မက်လျှင် သတင်းကောင်းကြားရတတ်ပါသည်။
၁၂။ စေတီပုထိုးကို မြင်မက်လျှင် အမွေအနှစ် ရရှိတတ်ပါသည်။
၁၃။ စက်ရုံကိုမြင်မက်ပါက ချမ်းသာတတ်ပါသည်။
၁၄။ စက်တိုင်ကို မြင်မက်ပါက အသက်ရှည်၍ အကြံအစည်များ အောင်မြင်တတ်ပါသည်။
၁၅။ စိတ်ဆိုးသည်ကို မြင်မက်လျှင် မိတ်ဆွေကောင်းတို့နှင့် တွေ့ရတတ်ပါသည်။
၁၆။ စိန်ကိုမြင်မက်လျှင် ခေတ္တခဏ စိတ်ချမ်းသာမှု ရတတ်ပါသည်။
၁၇။ စက္ကူစွန်ကိုမြင်မက်လျှင် ရာထူးတိုးတက်တတ်ပါသည်။
၁၈။ စွန်ပလွန်သီးကိုမြင်မက်ပါက အရောင်းအဝယ်ကိစ္စတွင် အမြတ်များ ရရှိတတ်ပါသည်။

(ဆ)

၁။ ဆန်ကိုမြင်မက်ပါက မကြာခင် ချမ်းသာပါလိမ့်မည်။
၂။ ဆပ်ပြာကို မြင်မက်ပါက အောင်မြင်ပါလိမ့်မည်။
၃။ ဆွေမျိုးများ ကျန်းမာစွာရှိနေသည်ဟု မြင်မက်ပါက ကောင်းသတင်းကို ကြားရတတ်ပါသည်။
၄။ ဆွဲကြိုးဆွဲရသည်ဟု မြင်မက်လျှင် စိတ်ချမ်းသာရတတ်ပါသည်။

(တ)

၁။ ညီအစ်ကိုမောင်နှမတို့အား မြင်မက်လျှင် မိတ်ကောင်းဆွေမွန် ရရှိတတ်ပါသည်။
၂။ တရားသူကြီးဖြစ်သည်ဟု မြင်မက်လျှင် ဂုဏ်ကြီးမြင့်တတ်ပါသည်။
၃။ တယောသံကြားရသည်ဟု မြင်မက်ပါက စိတ်ချမ်းသာမှု ရရှိတတ်ပါသည်။
၄။ တောတောင်ကို မြင်မက်ပါက ဆွေမျိုးများ ချစ်ခင်မှုကို ရရှိတတ်ပါသည်။
၅။ တောနက်ထဲ သွားရသည်ဟု မြင်မက်ပါက အလုပ်အကိုင် တိုးတက်တတ်ပါသည်။
၆။ တံခွန်လွှားရသည်ဟု မြင်မက်လျှင် ထင်ရှားကျော်စောတတ်ပါသည်။

၇။ တံတိုင်းဆောက်ရသည်ဟု မြင်မက်လျှင် မင်းစည်းစိမ် ခံစားရတတ်ပါသည်။
၈။ တံမြက်စည်းကို မြင်မက်ပါက မင်္ဂလာပြုရတတ်ပါသည်။
၉။ တောင်ထိပ်သို့ တက်နေရသည်ဟု မြင်မက်ပါက အကြီး အကဲ ဖြစ်တတ်ပါသည်။ ချမ်းသာသုခ ခံစားရတတ်ပါ သည်။
၁၀။ တစ္ဆေသရဲများ ထွက်ပြေးသည်ကို မြင်မက်ပါက ဘေး အန္တရာယ်များ ကင်းပျောက်တတ်ပါသည်။

(ထ)

၁။ ထမင်းစားရသည်ဟု မြင်မက်လျှင် လာဘ်လာဘ ရရှိ တတ်ပါသည်။
၂။ ထမင်းကို ရွှေခွက်နှင့် စားရသည်ဟုမြင်မက်လျှင် အကြီး အကဲ ဖြစ်တတ်သည်။ လာဘ်လာဘ ကြီးစွာရရှိတတ် ပါသည်။
၃။ ထီးဆောင်းရသည်ဟု မြင်မက်လျှင် အေးမြချမ်းသာပါ လိမ့်မည်။
၄။ ထောပတ်ကို မြင်မက်ပါက ထူးဆန်းအံ့ဩဖွယ်သတင်း ကို ကြားရတတ်ပါသည်။
၅။ ထောပတ်စားရသည်ဟု မြင်မက်ပါက မကြာမီ ချမ်းသာ ပါတော့မည်။

၆။ ထောင်ကျသည်ဟု မြင်မက်လျှင် မကြာမီ ဘေးဒုက္ခ အပေါင်းမှ ကင်းလွတ်ပါတော့မည်။
၇။ ထင်းကို မြင်မက်ပါက အောင်မြင်တတ်ပါသည်။ အကျိုးအမြတ် ရတတ်ပါသည်။
၈။ ထန်းပင်ကို မြင်မက်ပါက ချမ်းသာသုခရရှိမည်။ စုတ်ဝင်တတ်သည်။
၉။ ထန်းသီးစားရသည်ဟု မြင်မက်ပါက လာဘ်လာဘရတတ်၏။
၁၀။ ထန်းပင်ကို စီးရသည်ဟု မြင်မက်ပါက ရွှေငွေဥစ္စာများ ရရှိတတ်ပါသည်။

(ဒ)

၁။ ဒါနပြုရသည်ဟု မြင်မက်ပါက ကုသိုလ်ကံကောင်းတော့မည့် နိမိတ်ဖြစ်၏။
၂။ ဒေါင်းကို မြင်မက်ပါက လင်ကောင်း၊ မယားကောင်း ရရှိတတ်၏။
၃။ ဒုက္ခရောက်နေသည်ဟု မြင်မက်ပါက မကြာမီ ကြီးပွားချမ်းသာပါတော့မည်။

(ဓ)

၁။ ဓာတ်တော်များအား ဖူးတွေ့ပူဇော်ရသည်ဟု မြင်မက်ပါက တစ်နေ့တခြား ဘုန်းကျက်သရေ တိုးတက်ပါလိမ့်မည်။

(န)

၁။ နဂါးကို ဖမ်းဆီးရသည်ဟု မြင်မက်ပါက အနှောင့်အယှက်များစွာ တွေ့ရတတ်ပါသည်။

၂။ နာဖျားသည်ဟု မြင်မက်ပါက ချမ်းသာသုခ ရရှိတတ်ပါသည်၊

၃။ နာရီ (ခါးပိုက်ဆောင်)ကို မြင်မက်ပါက အရောင်းအဝယ်ကိစ္စ၌ အမြတ်အစွန်းရှိမည်။

၄။ နာရီထိုးသံကြားရသည်ဟု မြင်မက်ပါက ကောင်းမြတ်သော မင်္ဂလာနှင့် ကြုံတွေ့ရတတ်ပါသည်။

၅။ နားတောင်းဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်တတ်ပါသည်။

၆။ နားထွင်းရသည်ဟု မြင်မက်ပါက မိန်းမဖြစ်လျှင် လာဘ်ဝင်တတ်ပါသည်။

၇။ နေ-လကို မြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်ပါသည်။

၈။ နေထွက်လာသည်ကို မြင်မက်ပါလျှင် သတင်းကောင်းကို ကြားရတတ်ပါသည်။

၉။ နေမွန်းတည့်ချိန်ကို မြင်မက်ပါက အမျိုးခုနစ်ဆက်တိုင် ကောင်းစားတတ်ပါသည်။

၁၀။ နေကြတ်သည်ကို မြင်မက်ပါက ဘုန်းကျက်သရေများ တိုးတက်တတ်ပါသည်။

၁၁။ နေအိမ်ဖွဲ့သည်ကို မြင်မက်လျှင် ချမ်းသာပါလိမ့်မည်။

၁၂။ နေကို ရင်ခွင်ပိုက်ရသည်ဟု မြင်မက်လျှင် ဘုန်းတန်ခိုး ကြီးမားသောသားကို မွေးဖွားတတ်ပါသည်။
၁၃။ နံ့သာငါးပါးကို ရှူရသည်ဟု မြင်မက်လျှင် တစ်နေ့တခြား ဂုဏ်သတင်း ကြီးမားတတ်ပါသည်။
၁၄။ နို့စို့ရသည်ဟု မြင်မက်ပါက ကြံတိုင်းပေါက်၍ ပညာများ တိုးပွားတတ်ပါသည်။
၁၅။ နို့သောက်ရသည်ဟု မြင်မက်လျှင် ဥစ္စာများစွာ ရရှိတတ် ပါသည်။ သူတစ်ထူး၏ ကျေးဇူးကိုလည်း ပြုရတတ်ပါ သည်။
၁၆။ နို့ညှစ်ရသည်ဟု မြင်မက်လျှင် ကြွယ်ဝချမ်းသာတတ်ပါ သည်။
၁၇။ နူသည်ဟု မြင်မက်ပါက ကျိန်းသေမုချ ငွေရတတ်ပါသည်။
၁၈။ နူသည့်သူကိုမြင်မက်ပါကလည်း ငွေရတတ်ပါသည်။
၁၉။ နတ်များကို မြင်မက်ပါက ချမ်းသာကြီးတတ်ပါသည်။
၂၀။ နတ်သမီး သီချင်းဆိုသည်ကို မြင်မက်ပါက စည်းစိမ်ကြီး တတ်ပါသည်။
၂၁။ နန်းတော်ကို မြင်မက်ပါက အကြံအစည်များ အောင်မြင် တတ်ပါသည်။
၂၂။ နန်းပြာသာဒ်၌ နေထိုင်ရသည်ဟု မြင်မက်ပါက ချမ်းသာ သုခ ခံစားရပါတော့မည်။
၂၃။ နမ်းရှုပ်ရသည်ဟု မြင်မက်ပါက ကျေးဇူးပြုရတတ်ပါ သည်။

၂၄။ နွားကို မြင်မက်ပါက သားသမီး တိုးပွား၍ ဥစ္စာပစ္စည်းများ ရရှိတတ်ပါသည်။

၂၅။ နွားစီးရသည်ဟု မြင်မက်ပါက ချမ်းသာသုခ တိုးပွားတတ်ပါသည်။

၂၆။ နွားနို့သောက်ရသည်ဟု မြင်မက်ပါက ကျော်စောထင်ရှားတတ်ပါသည်။

၂၇။ နွားကျောင်းရသည်ဟု မြင်မက်ပါက အကြီးအကဲ ဖြစ်တတ်ပါသည်။

၂၈။ နှာခေါင်းသွေးထွက်သည်ဟု မြင်မက်ပါက သူတစ်ပါးတို့၏ မှီခိုရာဖြစ်မည်။

၂၉။ နှာချေရသည်ဟု မြင်မက်လျှင် အသက်ရှင်တတ်ပါသည်။

၃၀။ နှင်းပန်းကို မြင်မက်လျှင် ချမ်းသာသုခ မုချရရှိတတ်ပါသည်။

၃၁။ နိပ်စက်ခံရသည်ဟု မြင်မက်လျှင် သူများတကာ၏ ရိုသေမှုကို ခံရတတ်ပါသည်။

၃၂။ နှုတ်ခမ်းမွေးရှည်သည်ဟု မြင်မက်လျှင် အသက်ရှည်တတ်ပါသည်။

(ပ)

၁။ ပါးစပ်ကြီးကြီး မြင်မက်လျှင် မိတ်ဆွေကောင်းနှင့် တွေ့ရတတ်ပါသည်။

၂။ ပုရွက်ဆိတ်များကိုမြင်မက်လျှင် သားသမီးပေါများတတ်ပါသည်။
၃။ ပိတုန်းအတုပ်ခံရသည်ဟု မြင်မက်လျှင် ချမ်းသာတတ်၏။ ချစ်သူခင်သူ ပေါများတတ်၏။
၄။ ပန်းကန်ကိုမြင်မက်ပါက ဆွေမျိုးစုကို တွေ့ရတတ်ပါသည်။
၅။ ပုခက်စီးရသည်ကို မြင်မက်လျှင် ထင်ရှားကျော်စောတတ်ပါသည်။
၆။ ပုဆိုးဖြူကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် လူကြီးသူကြီး ဖြစ်တတ်ပါသည်။
၇။ ပုဆိုးသစ်ကို ဝတ်ဆင်ရသည်ဟု မြင်မက်ပါက ဘုန်းကျက်သရေ တိုးပွားတတ်ပါသည်။
၈။ ပုစွန်တုပ်ကို မြင်မက်ပါက အကြံအစည် အောင်မြင်၍ ချမ်းသာသုခများ တိုးပွားတတ်ပါသည်။
၉။ ပုလင်းကို မြင်မက်ပါက ပျော်ရွှင်သုခများနှင့် တွေ့ကြုံရတတ်ပါသည်။
၁၀။ ပေါင်မုန့်ကို စားရသည်ဟု မြင်မက်ပါက မိတ်ကောင်းဆွေမွန် ရတတ်၏။ အဝတ်အစားများ ပေါများတတ်၏။
၁၁။ ပန်းပွင့်များကို မြင်မက်ပါက ချမ်းသာသုခ ရရှိတတ်၏။
၁၂။ ပန်းကို နမ်းရှိုက်ရသည်ဟု မြင်မက်ပါက ဂုဏ်သတင်းပျံ့နှံ့တတ်၏။

၁၃။ ပန်းကို ပန်ဆင်ရသည်ဟု မြင်မက်ပါက လက်ထပ်ရတတ်၏။

၁၄။ ပန်းဖြူကို ဆင်မြန်းရသည်ဟု မြင်မက်ပါက အကြီးအကဲဖြစ်ရတတ်၏။

၁၅။ ပန်းခူးရသည်ဟု မြင်မက်ပါက ကျန်းမာရေးကောင်းတတ်၏။

၁၆။ ပန်းပဲဖိုဌ် ပေထုသံကြားရသည်ဟု မြင်မက်လျှင် အသက်ရှည်တတ် ချမ်းသာတတ်၏။

၁၇။ ပင့်ကူကိုမြင်မက်ပါက မျှော်လင့်ချက်များ ပြည့်ဝတတ်၏။

၁၈။ ပုဏ္ဏားကိုမြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်၏။

၁၉။ ပတ္တမြားကိုမြင်မက်လျှင် ကောင်းကျိုးချမ်းသာများ ရရှိတတ်၏။

၂၀။ ပတ္တမြားရတနာကို မြင်မက်လျှင် သားကောင်းရတနာရရှိတတ်၏။

၂၁။ ပွေးတစ်ကိုယ်လုံးပေါက်သည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားတတ်၏။

၂၂။ ပျားကို အိပ်မက်မက်ပါက အရောင်းအဝယ်ကိစ္စ၌ အမြတ်အစွန်းများ ရရှိတတ်၏။

၂၃။ ပျားဖမ်းရသည်ဟု မြင်မက်ပါက အကြံအစည်များ မုချအောင်မြင်တတ်၏။

၂၄။ ပျားရည်သောက်ရသည်ဟု မြင့်မက်ပါက ငွေများများရတတ်၏။

၂၅။ ပျားအုံကိုမက်လျှင် ချမ်းသာသုခများ ရရှိတတ်။
၂၆။ ပျံတက်ရသည်ဟု မြင်မက်လျှင် ဒုက္ခကင်း၍ ကောင်းကျိုးချမ်းသာများ ရရှိတတ်၏။
၂၇။ ပြာသာဒ်ထက်၌ အစာစားရသည်ဟု မြင်မက်ပါက အထူးကောင်း၏။
၂၈။ ပလွေသံကြားရသည်ဟု မြင်မက်ပါက ကလေးရတတ်၏။

(ဖ)

၁။ ဖရဲသီးစားရသည်ဟု မြင်မက်ပါက ရောဂါပျောက်ကင်း၍ အောင်မြင်မှုများ ရရှိတတ်၏။
၂။ ဖယောင်းတိုင်ကို မြင်မက်ပါက ကောင်းကျိုးချမ်းသာများ ရရှိတတ်၏။
၃။ ဖန်ခွက်ကိုမြင်မက်လျှင် မိန်းမရတတ်၏။
၄။ ဖွတ်ဥစားရသည်ဟု မြင်မက်လျှင် ကြွယ်ဝချမ်းသာတတ်၏။
၅။ ဖျာလိပ်လက်ဆောင်ရသည်ဟု မြင်မက်လျှင် လာဘ်လာဘ ရရှိတတ်၏။
၆။ ဖိနပ်စီးရသည်ဟု မြင်မက်လျှင် ချမ်းသာသုခနှင့် ပြည့်စုံတတ်၏။

(ဗ)

၁။ ဗျိုင်းကိုမြင်မက်ပါက ချစ်ကြိုက်သောသူကို ရတတ်ပါသည်။

(ဘ)

၁။ ဘိသိက်သွန်းလောင်းရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်တတ်ပါသည်။
၂။ ဘိလိယက်ထိုးရသည်ဟု မြင်မက်လျှင် ငွေရတတ်ပါသည်။
၃။ ဘီလူးကို မြင်မက်ပါက ရတ်တရက် ချမ်းသာတတ်ပါသည်။
၄။ ဘုရားရုပ်တုကို မြင်မက်လျှင် အကြီးအကဲတို့၏ မြှောက်စားခြင်းကို ခံရတတ်ပါသည်။
၅။ ဘုရားရှင်ကြွလာသည်ဟု မြင်မက်ပါက ကျော်စောထင်ရှားတတ်ပါသည်။
၆။ ဘုရားဖူးရသည်ဟု မြင်မက်ပါက ဘုန်းကျက်သရေတိုးတက်တတ်ပါသည်။
၇။ ဘီးများကို မြင်မက်ပါက အမွေအနှစ်များ ရရှိတတ်ပါသည်။
၈။ ဘီးများကိုမြင်မက်ပါက အမွေအနှစ်များ ရရှိတတ်ပါသည်။
၉။ ဘုန်းတော်ကြီးကို မြင်မက်ပါက ကောင်းကျိုးချမ်းသာသုခခံစားရတတ်ပါသည်။

(မ)

၁။ မစင်လိမ်းကျံခြင်း ခံရသည်ဟု မြင်မက်ပါက လာဘ်လာဘ ရရှိတတ်ပါသည်။

၂။ မသာလိုက်ပို့ရသည်ဟု မြင်မက်ပါက အမွေရတတ်သည်။ ဇုတ်,လာဘ်ဝင်တတ်သည်။

၃။ မိကျောင်းစီးရသည်ဟု မြင်မက်လျှင် ရန်သူအပေါ်တွင် အနိုင်ရတတ်၏။

၄။ မိကျောင်းစွယ်အား ပိုက်ရသည်ဟု မြင်မက်လျှင် အကြီးအကဲ ဖြစ်တတ်၏။

၅။ မိကျောင်းဖမ်းရသည်ဟု မြင်မက်လျှင် လာဘ်လာဘရတတ်၏။

၆။ မိကျောင်းသား စားရသည်ဟု မြင်မက်လျှင်လည်း လာဘ်လာဘ ရရှိတတ်ပါ၏။

၇။ မီးကိုမြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်၏။

၈။ မီးတောက်မီးလျှံကို မြင်မက်လျှင် ဘုန်းတန်ခိုးကြီးမားတတ်၏။

၉။ မီးရဲရဲတောက်နေသည်ကို မြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်၏။

၁၀။ မီးရှူးမီးပန်းကို မြင်မက်ပါက အောင်မြင်သည်။ ကလေးရတတ်သည်။

၁၁။ မီးပုံးပျံစီးရသည်ဟု မြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်ပါသည်။

၁၂။ မော်တော်ကားစီးရသည်ဟု မြင်မက်လျှင် မိန်းမရတတ်သည်။

၁၃။ မုတ်ဆိတ်အရှည်ကို မြင်မက်လျှင် တန်ခိုးကြီးမည်။ အသက်ရှည်တတ်ပါသည်။

၁၄။ မုတ်ဆိတ်အဖြူကို မက်လျှင် ကျော်စောတတ်ပါသည်။

၁၅။ မန်ကျည်းသီးစားရသည်ဟု မြင်မက်လျှင် သူကောင်းပြုခြင်းကို ခံရတတ်ပါသည်။

၁၆။ မင်္ဂလာဆောင်ရသည်ဟု မြင်မက်လျှင် ချမ်းသာသုခရတတ်ပါသည်။

၁၇။ မြာစွံသည်ဟု မြင်မက်လျှင် ချမ်းသာတတ်ပါသည်။

၁၈။ မြားထွင်းရသည်ဟု မြင်မက်လျှင် ရွှေငွေများ ရရှိတတ်ပါသည်။

၁၉။ မြားဖြင့် ရွယ်ရသည်ဟု မြင်မက်လျှင် ကျော်စောထင်ရှားတတ်ပါသည်။

(ယ)

၁။ ယားနာပေါက်သည်ဟု မြင်မက်လျှင် အလိုဆန္ဒပြည့်ဝတတ်ပါသည်။

၂။ ယုန်ကိုမြင်မက်လျှင် အမြတ်ရမည်။ မိတ်ဆွေရတတ်သည်။

၃။ ယုန်သားစားရသည်ဟု မြင်မက်လျှင် လာဘ်လာဘ ရတတ်ပါသည်။

(ရ)

၁။ ရထားကိုမြင်မက်လျှင် ရွှေငွေဥစ္စာ ရတတ်ပါသည်။
၂။ ရထားစီးရသည်ဟုမြင်မက်လျှင် မယား၊ လင် ရတတ်ပါသည်။
၃။ ရထားလမ်းကို မြင်မက်လျှင် ခရီးထွက်ရတတ်ပါသည်။
၄။ ရသေ့ရဟန်းကို မြင်မက်လျှင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ ချစ်ခင်ခြင်းကို ခံရတတ်ပါသည်။
၅။ ရေကြည်ကို မြင်မက်လျှင် အလွန်ချမ်းသာပါတော့မည်။
၆။ ရေကန်ကိုမြင်မက်လျှင် မိတ်ကောင်းဆွေမွန် ရရှိတတ်သည်။
၇။ ရေသောက်ရသည်ဟု မြင်မက်လျှင် ချမ်းသာစည်းစိမ် ရရှိတတ်ပါသည်။
၈။ ရေခဲကို မြင်မက်ပါက အကြံအစည်များ အောင်မြင်တတ်ပါသည်။
၉။ ရေကူးရသည်ဟု မြင်မက်ပါက အလိုဆန္ဒများ ပြည့်ဝတတ်ပါသည်။
၁၀။ ရေချိုးရသည်ဟု မြင်ပါက ကျန်းမာရေး ကောင်းမွန်တတ်ပါသည်။

၁၁။ ရေတွင်းကိုမြင်မက်ပါက ကြီးပွားချမ်းသာတတ်ပါသည်။
၁၂။ ရေမွှေးရှူရသည်ဟု မြင်မက်ပါက လိုလားတောင့်တမှုမှန်သမျှ ပြည့်ဝပါတော့မည်။
၁၃။ ရောဂါဖြစ်နေသည်ဟု မြင်မက်လျှင် ကျန်းမာရေးကောင်းတတ်ပါသည်။
၁၄။ ရှုးသွပ်သည်ဟု မြင်မက်လျှင် လာဘ်လာဘများ ရရှိတတ်ပါသည်။
၁၅။ ရန်သူကို အနိုင်ရရှိသည်ဟု မြင်မက်လျှင် အမှုခပ်သိမ်းပြေငြိမ်းတတ်ပါသည်။
၁၆။ ရန်ဖြစ်သည်ဟု မြင်မက်လျှင် မိတ်ဆွေကောင်းရတတ်ပါသည်။
၁၇။ ရှင်ဘုရင်ကို မြင်မက်ပါက ချမ်းသာသုခ ခံစားရတတ်ပါသည်။
၁၈။ ရှောက်သီးကို စားရသည်ဟု မြင်မက်ပါက လာဘ်လာဘရရှိတတ်ပါသည်။
၁၉။ ရှဉ့်ကိုမက်လျှင် သူခိုးမိတတ်ပါသည်။
၂၀။ ရွှေငွေကိုမက်လျှင် လင်ကောင်းမယားကောင်း ရရှိတတ်ပါသည်။
၂၁။ ရွှေဟင်္သာတရား ဟောသည်ကို မြင်မက်လျှင် ကျော်စောတတ်ပါသည်။ ဥစ္စာပစ္စည်းများ ရရှိတတ်ပါသည်။

(လ)

၁။ လကိုမြင်မက်ပါက အနာရောဂါများ ကင်းရှင်းဝတ်ပါသည်။

၂။ လကို ရင်ခွင်ပိုက်ရသည်ဟု မြင်မက်ပါက ဘုန်းကြီးသောသားကို ရတတ်၏။

၃။ လကြွတ်သည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေ တိုးတက်၏။

၄။ လသည် ရေအိုးထဲကျသည်ဟု မြင်မက်ပါက မြှောက်စားခြင်းခံရတတ်၏။

၅။ လအိမ်ဖွဲ့သည်ဟု မြင်မက်ပါက ချမ်းသာကြီးစွာ ဖြစ်တတ်၏။

၆။ လုယက်ခြင်းခံရသည်ဟု မြင်မက်ပါက ကြွယ်ဝသောသူဖြစ်တတ်၏။

၇။ လူသားစားရသည်ဟု မြင်မက်ပါက ကြွယ်ဝသောသူဖြစ်တတ်၏။

၈။ လူသေမှ စကားပြောသည်ဟု မြင်မက်ပါလျှင် သတင်းကောင်း ကြားရတတ်ပါသည်။

၉။ လေယာဉ်ပျံစီးရသည်ဟု မြင်မက်လျှင် အကြံအစည်များအောင်မြင်တတ်၏။ မိန်းမရတတ်၏။

၁၀။ လက်များကို မြင်မက်လျှင် ချမ်းသာတတ်၏။ အရောင်းအဝယ်ကိစ္စ၌ အမြတ်များ ရရှိတတ်၏။

၁၁။ လက်စွပ်ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် ဘုန်းကျက်သရေ တိုးတက်တတ်၏။

၁၂။ လက်ဆေးရသည်ဟု မြင်မက်လျှင် မကြာခင်ကာလအတွင်း ကြီးပွားချမ်းသာတော့မည်။

၁၃။ လက်ထပ်ရသည်ဟု မြင်မက်လျှင် ပျော်ရွှင်သုခနှင့် တွေ့ကြုံရတတ်၏။

၁၄။ လက်နက်အား မြေသို့စိုက်ရသည်ဟု မြင်မက်လျှင် ချမ်းသာတတ်၏။

၁၅။ လက်နှိပ်မီး အလင်းရောင်အား မြင်မက်လျှင် သုခတွေ့တတ်၏။

၁၆။ လက်ဖွဲ့ (ရွှေ) ဝတ်ရသည်ဟုမက်လျှင် မိန်းမရတတ်၏။

၁၇။ လင်းတကို မြင်မက်ပါက ဇော်ဂနီတို့၏ ချစ်ခင်ခြင်းခံရတတ်၏။ အမုန်းသံသယတို့ ကင်းစင်ပပျောက်တတ်၏။

၁၈။ လယ်ထဲ၌ စပါးသီးနှံတို့ကို မြင်မက်လျှင် အစားအသောက်တို့ ပေါများတတ်၏။

၁၉။ လိပ်သားစားရသည်ဟု မြင်မက်ပါက ခဲယဉ်းစွာ အောင်မြင်တတ်၏။

၂၀။ လိပ်ဥစားရသည်ဟု မြင်မက်ပါက ကြွယ်ဝချမ်းသာတတ်၏။

၂၁။ လိမ္မော်သီးစားရသည်ဟု မြင်မက်ပါက စိတ်ကျေနပ်ဖွယ်ဖြစ်တတ်၏။

၂၂။ လိင်တံရှည်သည်ကို မြင်မက်ပါက မယားရတတ်၏။ ချမ်းသာတတ်၏။

၂၃။ လောက်–ကိုယ်ပေါ်သို့တက်လာသည်ဟု မြင်မက်ပါက ကြွယ်ဝချမ်းသာတတ်၏။

၂၄။ လှူရတန်းရသည်ဟု မြင်မက်ပါက အလုပ်အကိုင် ရရှိတတ်၏။

၂၅။ လှည်းစီးရသည်ဟု မြင်မက်ပါက ကောင်းကျိုးချမ်းသာ ရရှိတတ်၏။

၂၆။ လှေကိုမြင်မက်ပါက မိတ်ဆွေရောက်လာတတ်၏။

၂၇။ လှေကိုစီးရသည်ဟု မြင်မက်ပါက ချမ်းသာတိုးတက်တတ်၏။

၂၈။ လှေခါးတက်ရသည်ဟု မြင်မက်ပါလျှင် ရာထူးတိုးတက်တတ်၏။

(ဝ)

၁။ ဝက်သားစားရသည်ဟု မြင်မက်လျှင် ကံကောင်းတတ်၏။

၂။ ဝက်ဝံသတ်ရသည်ဟု မြင်မက်လျှင် အကြံအောင်မြင်တတ်၏။

၃။ ဝဲနာတစ်ကိုယ်လုံးပေါက်သည်ဟု မြင်မက်လျှင် ငွေရတတ်၏။

(သ)

၁။ သခွားသီးစားရသည်ဟု မြင်မက်က လာဘ်လာဘရတတ်၏။

၂။ သပိတ်ကို မြင်မက်လျှင် လာဘ်လာဘ ရတတ်၏။

၃။ သမုဒ္ဒရာရေ ငြိမ်သက်နေသည်ကိုမြင်မက်လျှင် ကောင်းသောနိမိတ်ဖြစ်၏။

၄။ သမုဒ္ဒရာပြင်၌ ကူးခတ်ရသည်ဟု မြင်မက်လျှင် အကြီးအကဲဖြစ်တတ်၏။

၅။ သမုဒ္ဒရာရေကို သောက်ရသည်ဟုမြင်မက်လျှင် အလွန်ကျော်စောတတ်၏။

၆။ သမင်ကိုမြင်မက်ပါက သတင်းကောင်းကြားရတတ်၏။

၇။ သရက်ပင်ကို အသီးများနှင့် မြင်မက်ပါက ဥစ္စာတိုးတက်တတ်ပါသည်။

၈။ သရဖူကို မြင်မက်ပါက အကြီးအကဲများ၏ ချီးမြှင့်ခြင်းကို ခံရတတ်၏။

၉။ သရဖူဆောင်းရသည်ဟု မြင်မက်ပါက ရွှေငွေရတနာများ ရရှိတတ်၏။

၁၀။ သီချင်းဆိုရသည်ဟု မြင်မက်လျှင် သတင်းကောင်းကြားရတတ်၏။

၁၁။ သူငယ်ကို မြင်မက်လျှင် ကလေးရတတ်၏။ ချမ်းသာသုခရတတ်၏။

၁၂။ သူငယ်ကို ချီရသည်ဟု မြင်မက်လျှင် ချမ်းသာတတ်၏။
၁၃။ သူခိုးကို ခုတ်ရသည်ဟုမြင်မက်လျှင် အန္တရာယ်ကင်းရှင်းတတ်၏။
၁၄။ သူတောင်းစားကို မြင်မက်လျှင် ချမ်းသာသုခနှင့် ကြုံတတ်၏။
၁၅။ သူတောင်းစားဖြစ်ရသည်ဟု မြင်မက်လျှင် မကြာမီ ချမ်းသာလိမ့်မည်။
၁၆။ သေရသည်ဟုမြင်မက်လျှင် အသက်ရှည်မည်။ မိန်းမရမည်။
၁၇။ သေသောသူနှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် ကောင်းသောနိမိတ်ဖြစ်၏။
၁၈။ သေရည်သေရက်အား သောက်ရသည်ဟု မြင်မက်လျှင် ကျန်းမာရေး အထူးကောင်းမွန်နေလိမ့်မည်။
၁၉။ သော့တွဲကို မြင်မက်လျှင် ချမ်းသာတတ်၏။
၂၀။ သားကင် ငါးကင်တို့အား စားရသည်ဟုမြင်မက်လျှင် လာဘ်လာဘကြီးစွာ ရရှိတတ်ပါသည်။
၂၁။ သားသမီးရသည်ဟု မြင်မက်လျှင် ဥစ္စာများ ရတတ်၏။ ပညာများ ရတတ်၏။
၂၂။ သစ်ပင်အသီးအရွက်များကို မြင်မက်ပါက ဥစ္စာများ တိုးတက်ပြန့်ပွားတတ်၏။
၂၃။ သစ်ပင်ပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင်များ တိုးတက်ကြီးပွားမည့် နိမိတ်ဖြစ်၏။

၂၄။ သစ်ပင်ပေါ်သို့ တက်ထိုင်ရသည်ဟု မြင်မက်လျှင် ချမ်းသာသုခများ ရရှိတတ်ပါသည်၊

၂၅။ သစ်သီးစားရသည်ကို မြင်မက်လျှင် လာဘ်ကြီးရတတ်၏။

၂၆။ သစ်တော်သီးကို မြင်မက်ပါက အလိုဆန္ဒ ပြည့်ဝမည်။ အသက်ရှည်မည်။

၂၇။ သဘော်စီးရသည်ဟု မြင်မက်ပါက မိမိရရှိသော မိန်းမသည် အများတကာထက် ပို၍ထက်မြက်တတ်ပါသည်။

၂၈။ သိုးသတ္တဝါကို မြင်မက်ပါက လာဘ်လာဘ ရတတ်၏။

၂၉။ သံပရာသီးကို စားရသည်ဟုမြင်မက်ပါက ရန်စွယ်အပေါင်း ကင်းပျောက်တတ်ပါသည်။

၃၀။ သန်းများကို မြင်မက်လျှင် ရွှေငွေရတနာများ ဝင်လာတတ်ပါသည်။

၃၁။ သွေးကိုမြင်မက်ပါက ချမ်းသာကြီးမည်။ အမွေရတတ်ပါသည်။

၃၂။ သွေးသောက်ရသည်ဟုမြင်မက်လျှင် ချမ်းသာသုခနှင့် ပြည့်စုံပါတော့မည်။

၃၃။ သွေးထွက်သည်ဟု မြင်မက်ပါက ဘုန်းတန်ခိုး ကြီးတတ်ပါသည်။

၃၄။ သွေးစုနာပေါက်သည်ဟု မြင်မက်ပါက အသက်ရှည်တတ်ပါသည်။

(ဟ)

၁။ ဟင်းအမျိုးမျိုးကို စားသောက်ရသည်ဟု မြင်မက်ပါက လာဘ်ကြီးရတတ်ပါသည်။

၂။ ဟိုတယ်ကို မြင်မက်ပါက အေးမြချမ်းသာတတ်ပါသည်။

(အ)

၁။ အကိုင်းအခက်များကို မြင်မက်ပါက ကံကောင်းတတ်ပါသည်။

၂။ အချင်းကို စားရသည်ကို မြင်မက်လျှင် အလွန်ချမ်းသာကြွယ်ဝပါတော့မည်။

၃။ အပုပ်အစပ်ကို စားရသည်ဟုမြင်မက်က လာဘ်လာဘဝင်တတ်ပါသည်။

၄။ အပြစ်တင်ခံရသည်ဟု မြင်မက်ပါက ချီးမွမ်းခံရတတ်ပါသည်။

၅။ အမွေးရှည်သည်ကို မြင်မက်လျှင် ဘုန်းတန်ခိုးကြီးတတ်ပါသည်။

၆။ အမဲသားစားရသည်ဟု မြင်မက်လျှင် ချမ်းသာသုခ ရရှိတတ်ပါသည်။

၇။ အမဲလိုက်ရသည်ဟု မြင်မက်လျှင် ကောင်းသောနိမိတ်ဖြစ်ပါသည်။

၈။ အထက်မှ ကျသည်ဟု မြင်မက်လျှင် မကောင်းသောနိမိတ် ဖြစ်ပါသည်။

ဤကား အိပ်မက်နှင့်ပတ်သက်သော နိမိတ်အကောင်း အဆိုး အမျိုးမျိုးအနက်မှ ကောင်းသောနိမိတ်များကို အက္ခရာ အစဉ်အတိုင်း တင်ပြထားခြင်း ဖြစ်ပါသည်။ ဆက်လက်၍လည်း ဆိုးသောနိမိတ်များကို တင်ပြပါဦးမည်။ ။

* * *

## နိမိတ်ဆိုးသော အိပ်မက်များ (၁)

ရှေ့အခန်းစဉ်များ၌ နိမိတ်ကောင်းသော အိပ်မက်များကို လေ့လာရှာဖွေ တင်ပြခဲ့ပါ၏။ ကောင်းသည့်အိပ်မက်များကို တင်ပြခဲ့သည့်အလျောက် ဆိုးသောအိပ်မက်များကိုလည်း ဖော်ပြရန် လိုအပ်ပါ၏။ သည့်အတွက် အက္ခရာစဉ်၍ လေ့လာရှာဖွေ တင်ပြလိုက်ပါ၏။

(က)

၁။ ကခုန်ရသည်ဟု မြင်မက်က မကောင်းသောနိမိတ်ဖြစ်ချေ၏။

၂။ ကာလဝမ်းရောဂါဖြစ်သည်ဟု မြင်မက်လျှင် ဘေးဥပါဒ်တွေ့ကြုံရတတ်၏။

၃။ ကတ်ကြေးကို မြင်မက်ပါက ရန်စွယ်များရှိနေတတ်၏။

၄။ ကန္တာရကို ဖြတ်သွားရသည်ဟု မြင်မက်လျှင် ခက်ခဲစွာ ခရီးသွားရတတ်၏။

၅။ ကွင်းပြင်ကို မြင်မက်ပါက အလိမ်အကောက် ခံရတတ်၏။

၆။ ကျင်ကြီးစွန့်ရသည်ဟု မြင်မက်လျှင် ဥစ္စာပစ္စည်းများလျော့ တတ်ပါသည်။

၇။ ကျင်ငယ်စွန့်ရသည်ဟု မြင်မက်လျှင် ဂုဏ်သိက္ခာ လျော့က တတ်ပါသည်။

၈။ ကျန်းမာသည်ဟု မြင်မက်လျှင် မျှော်လင့်ချက်များ ပျက်စီး တတ်ပါသည်။

၉။ ကျားကိုမြင်မက်လျှင် မနာလိုသူများနှင့် တွေ့ကြုံရတတ်ပါ သည်။

၁၀။ ကျီးကန်းကို မြင်မက်ပါက အသေအပျောက်ဖြစ်မည်။ စိတ်ဒုက္ခ ဖြစ်တတ်သည်။

၁၁။ ကျီးကန်းစင်ထက်၌ နားသည်ကိုမြင်မက်ပါက နာဖျားတတ် ပါသည်။

၁၂။ ကျောက်တုံးကို မြင်မက်ပါက အကျိုးယုတ်တတ်ပါသည်။

၁၃။ ကျောက်ပျဉ်ကို မြင်မက်ပါက ခိုက်ရန်ဒေါသ ဖြစ်ပွားရ တတ်ပါသည်။

၁၄။ ကျောက်ဆောင်ကိုမြင်မက်ပါက စိတ်ပူပင်သောက များရ တတ်ပါသည်။

၁၅။ ကျောက်မီးသွေးကို မြင်မက်ပါက သူတစ်ထူး၏ မနာလိုမှုကို ခံရတတ်ပါသည်။

၁၆။ ကြက်တူရွေးကို မြင်မက်ပါက မကောင်းပြောခံရတတ်၏။

၁၇။ ကြက်သွန်ကို မြင်မက်ပါက ခိုက်ရန်ဒေါသ ဖြစ်တတ်၏။

၁၈။ ကြမ်းပိုးကို မြင်မက်ပါက အနှောင့်အယှက် အဖျက်အဆီး တွေ့ကြုံရတတ်ပါသည်။

၁၉။ ကြက်ချင်းခွပ်သည်ကို မြင်မက်လျှင် အမှုအခင်းဖြစ်တတ်ပါသည်။

၂၀။ ကြယ်တံခွန်ကိုမြင်မက်လျှင် မကောင်းသောနိမိတ်ဖြစ်၏။

၂၁။ ကြောင်ကို မြင်မက်လျှင် အလိမ်ခံရတတ်၏။ သူခိုးခိုးခံရတတ်၏။

၂၂။ ကြိုးကိုမြင်မက်လျှင် ငွေကြေးအတွက် အနှောင့်အယှက် ကြုံတွေ့ရတတ်၏။

၂၃။ ကြိုးဆွဲချသေရသည်ဟု မြင်မက်လျှင် စိတ်ရောဂါဝေဒနာ ခံစားရတတ်၏။

၂၄။ ကျွဲခတ်ခံရသည်ဟု မြင်မက်ပါက ရန်ဖြစ်တတ်၏။

၂၅။ ကြွက်ကိုမြင်မက်ပါက သစ္စာဖောက်ခြင်း ကဲ့ရဲ့ခြင်းတို့ ခံရတတ်၏။

၂၆။ ကြွေးမြီတင်သည်ဟု မြင်မက်ပါက အခက်အခဲများနှင့် တွေ့ကြုံရတတ်၏။

(ခ)

၁။ ခက်ရင်းကို မြင်မက်ပါက အရှုပ်အထွေး အလိမ်အညာများ နှင့် ကြုံတွေ့ရတတ်၏။

၂။ ခရုကို မြင်မက်ပါက အကျင့်ယုတ်သူနှင့် တွေ့ရတတ်၏။

၃။ ခရမ်းပင် အိမ်ဦးစိုက်သည်ကို မြင်မက်က နိမိတ်မကောင်း ပါ။

၄။ ခံတပ်ကို မြင်မက်ပါက အချုပ်အနှောင် အမှုအခင်းနှင့် တွေ့ကြုံရတတ်ပါသည်။

၅။ ခင်ပုတ်ငှက်သံ ကြားရသည်ဟု မြင်မက်ပါက အနာအဖျား နှင့် ကြုံတွေ့ရတတ်ပါသည်။

၆။ ခေါင်းဖြီးရသည်ဟု မြင်မက်ရလျှင် ကံမကောင်းပါ။

၇။ ခွေးကိုက်ခံရသည်ဟု မြင်မက်လျှင် အမှောင့်ပယောဂ ဖမ်းစားခြင်းကို ခံရတတ်သည်။

၈။ ခွေးကို ဟန်ပြသည်ဟု မြင်မက်လျှင် မကောင်းကြံခံရ တတ်သည်။

၉။ ခွေးဟောင်သည်ကို မြင်မက်လျှင် ရန်ဖြစ်တတ်၏။ အလိမ် အညာခံရတတ်၏။

၁၀။ ချီးမွမ်းခံရသည်ဟု မြင်မက်လျှင် အပြစ်တင်ခံရတတ်၏။ သတင်းဆိုးများ ကြားရတတ်၏။

၁၁။ ချုပ်နှောင်ခံရသည်ဟု မြင်မက်လျှင် သူတစ်ပါး၏အလိုသို့ လိုက်ရတတ်၏။

၁၂။ ချော့ကလက်စားရသည်ဟု မြင်မက်လျှင် နေထိုင်မကောင်း ဖြစ်ရတတ်၏။

၁၃။ ခြတောင်ပို့ကိုမက်လျှင် စိတ်ဒုက္ခဖြစ်တတ်၏။ နာဖျားမကျန်း ဖြစ်တတ်၏။

၁၄။ ခြင်တို့ကို မြင်မက်ပါက တစ်ပါးသူ၏ မလိုမုန်းထားခြင်း ခံရတတ်၏။

၁၅။ ခြေကျိုးသည်ကို မြင်မက်လျှင် ဆင်းရဲပင်ပန်းတတ်၏။

၁၆။ ခြသေ့်ဟောက်သံ ကြားရသည်ဟု မြင်မက်လျှင် ဘေးဒုက္ခ ကြုံရတတ်၏။

(ဂ)

၁။ ဂူလိုဏ်အတွင်း ဝင်ရသည်ဟု မြင်မက်လျှင် ဘေးဥပဒ် နှင့် တွေ့ကြုံရတတ်ပါသည်။

(င)

၁။ ငရဲကိုမြင်မက်လျှင် မကောင်းမှုအပေါင်းကို ရှောင်ကြဉ်ရန် သတိပေးခြင်းဖြစ်၏။

၂။ ငလျင်လှုပ်သည်ကို မြင်မက်လျှင် မကောင်းဘေးဥပဒ်နှင့် တွေ့ရတတ်၏။

၃။ ငါးမျှားချိတ်ကိုမြင်မက်လျှင် သစ္စာပျက်ခြင်းနှင့် ကြုံတွေ့ရတတ်၏။

၄။ ငါးအသေကိုမြင်မက်လျှင် သောကဒုက္ခများနှင့် ကြုံတွေ့ရတတ်၏။

၅။ ငှက်အချင်းချင်း ရန်ဖြစ်နေကြသည်ကိုမြင်မက်လျှင် မသွားလိုသောနေရာသို့ ထွက်ခွာပြောင်းရွှေ့ရတတ်၏။

၆။ ငှက်အသေကောင်ကို မြင်မက်လျှင် ဘေးဥပဒ်နှင့် တွေ့ကြုံရတတ်၏။

၇။ ငှက်ပျံသွားသည်ကို မြင်မက်လျှင် တဖြည်းဖြည်းဆုံးရှုံးတတ်ပါသည်။

၈။ ငှက်လှောင်အိမ်ကိုမြင်မက်လျှင် သစ္စာပျက်ခြင်းနှင့် ကြုံတွေ့ရတတ်၏။

(စ)

၁။ စပါးကိုမြင်မက်ပါက စကားဟောင်းကြောင့် ရန်ဖြစ်တတ်၏။

၂။ စာရင်းပျောက်သည်ကိုမြင်မက်လျှင် လှူလိမ်ခံရတတ်၏။

၃။ စားသောက်သည်ကိုမြင်မက်လျှင် သူတစ်ပါး၏ မကောင်းကြံစည်ခြင်းကို ခံရတတ်၏။

၄။ စက္ကူကို မြင်မက်ပါက စိုးရိမ်ကြောင့်ကြမှုနှင့် ကြုံရတတ်၏။

၅။ စစ်တုရင်ထိုးရသည်ဟု မြင်မက်လျှင် ရန်ပွားမည့် အနှောင့်အယှက်တွေ့မည့် နိမိတ်ဆိုးဖြစ်၏။

၆။ စွန်ငှက်ကို မြင်မက်လျှင် အမှုအခင်းဖြစ်တတ်၏။

၇။ စွန်ပလွန်သီးစားရသည်ဟု မြင်မက်လျှင် ချစ်သူ၏ အလိမ်အညာကို ခံရတတ်၏။

၈။ စုန်းမကို မြင်မက်လျှင် ဆင်းရဲဒုက္ခတွေ့ကြုံရတတ်၏။

(ဆ)

၁။ ဆရာလုပ်ရသည်ဟု မြင်မက်ရလျှင် ပစ္စည်းဆုံးရှုံးဘတ်ပါသည်။

(ဇ)

၁။ ဇာကိုမြင်မက်ပါက ရှိသမျှငွေများ ပြုန်းတီးကုန်တတ်ပါသည်။

၂။ ဇီးကွက်ကို မြင်မက်ပါက စိတ်ပူဆွေးရတတ်၏။

(တ)

၁။ တရားဟောရသည်ဟု မြင်မက်ပါက သူတစ်ပါး၏ အမျက်လိုခြင်း ခံရတတ်၏။

၂။ တလားပြာသာဒ်အတွင်း ဝင်ရသည်ဟုမြင်မက်ပါက မကောင်းနိမိတ်ဖြစ်၏။

၃။ တူကို မြင်မက်ပါက ဆင်းရဲပင်ပန်းတတ်၏။
၄။ တူရွင်းကို မြင်မက်ပါက ခိုက်ရန်ဖြစ်ပွားတတ်၏။
၅။ တောလိုက်ရသည်ဟု မြင်မက်ပါက အစွပ်အစွဲခံရတတ်ပါသည်။
၆။ တံခါးကို မြင်မက်ပါက စိတ်ဆင်းရဲသောက ရောက်ရတတ်ပါသည်။
၇။ တစ္ဆေသရဲကိုမြင်မက်လျှင် အမှောင့်ပယောဂနှင့် ကြုံတွေ့ရတတ်၏။
၈။ တွယ်အပ်ကို မြင်မက်ပါက ရန်ဖြစ်ပွားတတ်၏။

(ထ)

၁။ ထမင်းစားရသည်ဟု မြင်မက်ပါက ကြောင့်ကြမှုများဝင်လာတတ်ပါသည်။
၂။ ထမင်းဆိုင်လေးကို မြင်မက်ပါက ဆုံးရှုံးနစ်နာမှုများနှင့်ကြုံတွေ့ရတတ်ပါသည်။
၃။ ထီးကို မြင်မက်ပါက အနှောင့်အယှက် တွေ့ကြုံရတတ်၏။
၄။ ထီးမေ့ကျန်ခဲ့သည်ဟု မြင်မက်ပါက ရင်းထားသောကုန်များ ဆုံးရှုံးတတ်၏။
၅။ ထန်းရည်သောက်ရသည်ဟု မြင်မက်ပါ အလိမ်ခံရတော့မည်ဖြစ်၏။

၆။ ထန်းရည်ဆိုင်တွင် ရောက်နေသည်ဟု မြင်မက်ပါကလည်း အလိမ်ခံရတော့မည့် နိမိတ်ဖြစ်၏။
၇။ ထိတ်လန့်သည်ဟု မြင်မက်လျှင်လည်း မကောင်းပါ။
၈။ ထိမ်းမြားမင်္ဂလာပြုလုပ်ရန်အတွက် ပြင်ဆင်ရသည်ဟု မြင်မက်လျှင်လည်း မကောင်းသော နိမိတ်ဖြစ်၏။

(ဒ)

၁။ ဒေါင်းကနေသည်ကို မြင်မက်လျှင် အလိမ်ခံရပါတော့မည်။
၂။ ဒိန်ခဲကို မြင်မက်လျှင်လည်း အလိမ်ခံရပါတော့မည်။

(ဓ)

၁။ ဓာတ်ပုံ၊ ရုပ်ပုံများကို မြင်မက်ပါက သောကတွေ့ရမည့် နိမိတ်ဖြစ်၏။

(န)

၁။ နဂါးကို မြင်မက်ပါက ဘေးဥပါဒ်အန္တရာယ်နှင့် တွေ့ကြုံရပါတော့မည်။
၂။ နကျယ်ကောင်ကို မြင်မက်ပါက အနှောင့်အယှက်များစွာနှင့် တွေ့ကြုံရပါတော့မည်။

၃။ နန္ဒင်းလိမ်းကျံရသည်ဟု မြင်မက်လျှင် နာဖျားတတ်ပါသည်။

၄။ နားပင်းသည်ကို မြင်မက်လျှင် သူတစ်ပါး၏ အတင်းပြောခြင်းကို ခံရတတ်ပါသည်။

၅။ နေဝင်သည်ကို မြင်မက်လျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။

၆။ နောက်ချေးပုံကိုမြင်မက်ပါက အရှက်ရမည်။ ဘေးဒုက္ခများတွေ့ကြုံရမည်။

၇။ နောက်ပိုးဖြစ်သည်ဟု မြင်မက်ပါက ချစ်သူနှင့် ကွေကွင်းရတတ်ပါသည်။

၈။ နက်မှောင်သောအဝတ်ကို မြင်မက်လျှင် နိမိတ်မကောင်းပါ။

၉။ နိုင်ငံခြားသွားရသည်ဟု မြင်မက်လျှင် နေရာထိုင်ခင်းရွှေ့ရတတ်၏။

၁၀။ နှာခေါင်းပွဲသည်ဟု မြင်မက်လျှင် ဥစ္စာပစ္စည်းများ လျော့တတ်ပါသည်။

၁၁။ နှုတ်ခမ်းမွေးကို အိပ်မက်မက်ပါက တစ်ပါးသူ၏ စော်ကားခြင်းကို ခံရတတ်ပါသည်။

(ပ)

၁။ ပုရွက်ဆိတ်များကို မြင်မက်လျှင် ထုံကျင်ကိုက်ခဲ ဝေဒနာခံစားရတတ်၏။

၂။ ပုခက်လွှဲရသည်ဟု မြင်မက်လျှင် ကလေး၏အသက် အန္တရာယ် စိုးရိမ်ရတတ်၏။
၃။ ပုဆိန်ကိုမြင်မက်လျှင် အသေဆိုးနှင့် သေရတတ်၏။
၄။ ပုလဲကို မြင်မက်ပါလျှင် ငွေကျပ်တည်းတတ်၏။ မျက်ရည် ကျရတတ်၏။
၅။ ပုလင်းလွတ်ကို မြင်မက်လျှင် အနာအဖျားနှင့် ကြုံရတတ် ၏။
၆။ ပုလိပ်ကိုမြင်မက်လျှင် ဂုဏ်သိက္ခာများ ကျဆင်းတတ်၏။
၇။ ပတ်သံ (ဆိုင်းသံ) ကြားရသည်ဟု မြင်မက်လျှင် နာဖျား တတ်၏။
၈။ ပန်းပွင့်အနီရောင်ကို မြင်မက်ပါက နာဖျားတတ်၏။
၉။ ပန်းစည်းကိုမြင်မက်လျှင် အတိတ်နိမိတ်မကောင်းပါ။
၁၀။ ပင့်ကူကိုမြင်မက်ပါက ဒုက္ခတွေ့ရတတ်ပါသည်။
၁၁။ ပုတ်သင်ညိုကိုမြင်မက်ပါက အချိုကြီး အလိမ်အညာခံရ တတ်၏။
၁၂။ ပုန်းရည်ကြီးကို မြင်မက်ပါက စော်ကားရန်စခံရတတ်၏။
၁၃။ ပိုက်ဆံမြင်မက်ပါက မကောင်းသတင်း ကြားရတတ်၏။
၁၄။ ပွဲသဘင်ခံသည်ဟု မြင်မက်ပါက အသေအပျောက်နှင့် ကြုံရတတ်၏။
၁၅။ ပျားတုပ်ခံရသည်ဟု မြင်မက်ပါက ရန်သူနှင့်တွေ့ရတတ် ၏။

၁၆။ ပျော်ရွှင်ရယ်မောနေသည်ကို မြင်မက်ရပါက မျက်ရည်ပေါက်ကြီးငယ် ကျရတတ်၏။

၁၇။ ပြတင်းပေါက်ကို မြင်မက်လျှင် ဥစ္စာပျက်စီးတတ်၏။ ရန်ဖြစ်တတ်၏။

၁၈။ ပြက္ခဒိန်ကို မြင်မက်လျှင် ရှုတ်ချက်ဲရဲ့ ခံရတတ်၏။ ဆုံးရှုံးရတတ်၏။

၁၉။ ပြာများလိမ်းကျံခံရသည်ဟု မြင်မက်ပါက ဘေးဒုက္ခနှင့် တွေ့ကြုံရတတ်ပါသည်။

(ဖ)

၁။ ဖားများကို အိပ်မက်မက်ပါက အနှောင့်အယှက် တွေ့တတ်၏။ အဖျားအနာနှင့် ကြုံရတတ်၏။

၂။ ဖားပြုတ်ကို မြင်မက်လျှင် အသရေယုတ်တတ်၏။

၃။ ဖွဲကိုမြင်မက်လျှင် အကြံပျက်တတ်၏။

၄။ ဖွဲမီးတငွေ့ငွေ့လောင်နေသည်ကို မြင်မက်လျှင် အလွန်ပူပန်ရတတ်၏။

(ဗ)

၁။ ဗာဒံသီးစားရသည်ဟု မြင်မက်လျှင် မျက်ရည်ပေါက်ကြီးငယ်များ ကျတတ်၏။

(ဘ)

၁။ ဘိလိယက်ခုံကို မြင်မက်ပါက သွေးလေချောက်ချားတတ်၏။

၂။ ဘုရားစေတီတို့ ပြိုသည်ကိုမြင်မက်ပါက ဘေးဒုက္ခရောက်ရတတ်၏။

၃။ ဘိုင်စကယ်ကို မြင်မက်လျှင် အနှောင့်အယှက်နှင့် တွေ့ရတတ်၏။

၄။ ဘဏ်တိုက်ထဲရောက်နေသည်ဟု မြင်မက်လျှင် အလိမ်ခံရတတ်၏။

(မ)

၁။ မိကျောင်းကိုမြင်မက်ပါက ကြမ္မာဆိုးဝင်လာတတ်၏။

၂။ မီးခိုးကိုမြင်မက်ပါက အကျိုးစီးပွားများ ပျက်ပြားတတ်၏။

၃။ မီးခြစ်ကိုမြင်မက်လျှင် ရန်ဖြစ်တတ်၏။ အလိမ်ခံရတတ်၏။

၄။ မီးတောင်ကို မြင်မက်လျှင် အိမ်တွင်းပြဿနာများနှင့် ရင်ဆိုင်ရတတ်၏။

၅။ မီးတိုင်ထွန်းထားသည်ကို မြင်မက်လျှင် မာနထောင်လွှားမှု ဖြစ်တတ်၏။

၆။ မီးတိုင်မှမီးကို ငြိမ်းအောင်မှုတ်ရသည်ဟု မြင်မက်လျှင် သေပျောက်တတ်၏။

၇။ မီးငွေ့မှိန်မှိန်ကို မြင်မက်လျှင် အနာအဖျားနှင့် ကြုံရတတ်၏။
၈။ မီးလောင်သည်ဟု မြင်မက်လျှင် ဆုံးရှုံးပျက်စီးတတ်၏။
၉။ မီးပုံးပျံကို မြင်မက်လျှင် စိတ်ကူးနှင့် ရူးရတတ်၏။
၁၀။ မီးပုံးပျံစီးရသည်ဟု မြင်မက်လျှင် အလိမ်ခံရတတ်၏။
၁၁။ မော်တော်ဘုတ်ကို မြင်မက်လျှင် စိုးရိမ်ကြောင့်ကြဖြစ်တတ်၏။
၁၂။ မိုးရွာသည်ကိုမြင်မက်လျှင် အမွေကိစ္စအတွက် သောကရောက်ရတတ်၏။
၁၃။ မိုးကြိုးထစ်ချုန်းသည်ဟု မြင်မက်လျှင် အန္တရာယ်တွေ့ရတတ်၏။
၁၄။ မိုးတိမ်ကို မြင်မက်လျှင် ရန်သူနှင့်တွေ့ရတတ်၏။
၁၅။ မုန်လာဥကို မြင်မက်လျှင် အိမ်တွင်းရန်နှင့် ကြုံရတတ်၏။
၁၆။ မြားကို မြင်မက်လျှင် ခေတ္တခဏမျှ စိတ်ဒုက္ခနှင့် ကြုံတွေ့ရတတ်၏။

(ယ)

၁။ ယားယံသည်ဟု မြင်မက်လျှင် ဘေးဥပဒ်နှင့် တွေ့ကြုံရတတ်၏။
၂။ ယုန်ပြေးသည်ကို မြင်မက်လျှင် အကြွေးတင်တတ်၏။
၃။ ယပ်တောင်များကို မြင်မက်လျှင် ရန်ဖြစ်တတ်၏။

၄။ ယင်ကောင်များကို မြင်မက်ပါက ဂုဏ်တုဂုဏ်ပြိုင်များနှင့် ရင်ဆိုင်ရတတ်၏။ မနာလိုသူများနှင့် ကြုံတွေ့ရတတ်၏။

(ရ)

၁။ ရေနောက်ကျိနေသည်ကို မြင်မက်ပါက သောကတွေ့ရတတ်၏။

၂။ ရယ်မောရသည်ဟု မြင်မက်လျှင် မျက်ရည်ပေါက်ကြီးငယ်ကျရတတ်၏။

၃။ ရွှေ့နေကို မြင်မက်ပါက ရန်ဖြစ်တတ်၏။

၄။ ရွှေကိုမြင်မက်လျှင် မကောင်းကံကြမ္မာနှင့် ကြုံတွေ့ရတတ်၏။

၅။ ရွံ့နွံများ လူးကျံနေရသည်ကို မြင်မက်လျှင် နာဖျားတတ်၏။

(လ)

၁။ လ–ငပုပ်ဖမ်းထားသည်ကို မြင်မက်လျှင် စိတ်ဒုက္ခရောက်စရာများနှင့် ကြုံရတတ်၏။

၂။ လဟာပြင်ကို မြင်မက်ပါက မီးဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတတ်၏။

၃။ လူရှင်တော်ကို မြင်မက်ပါက အန္တရာယ်ပေးမည့်မိန်းမနှင့် တွေ့ရတတ်၏။

၄။ လေမုန်တိုင်းတိုက်ခတ်သည်ကို မြင်မက်ပါကဒုက္ခတွေ့ရတတ်၏။ သောကကြုံရတတ်၏။ (မကြာမီ လွတ်ကင်းမည်ဖြစ်၏)

၅။ လေပွေထသည်ကို မြင်မက်ပါက စိုးရိမ်သောက ရောက်ရတတ်၏။

၆။ လေးနှင့်မြားကို မြင်မက်ပါက မကောင်းသောကံကြမ္မာနှင့်ရင်ဆိုင်ရတတ်၏။

၇။ လည်ပင်းတိုသည်ကို မြင်မက်ပါက ရောဂါရတတ်၏။

၈။ လားသတ္တဝါကို မြင်မက်ပါက အမှုအခင်းကိစ္စ ရှုံးနိမ့်တတ်ပါသည်။

၉။ လက်ထိတ်၊ သံခြေကျင်းတို့ကို မြင်မက်ပါက ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံရတတ်ပါသည်။

၁၀။ လက်နက်ပစ္စည်းကို မြင်မက်ပါက ဆင်းရဲခြင်းနှင့် ကြုံတတ်ပါသည်။

၁၁။ လက်ပြတ်နေသည်ကို မြင်မက်ပါက ဆွေမျိုးသားချင်းတစ်ဦးဦး၏ နာရေးသတင်းကို ကြားရတတ်ပါသည်။

၁၂။ လက်ဝတ်လက်စားများ ဝတ်ဆင်ရသည်ဟု မြင်မက်ပါက နာဖျားတတ်ပါသည်။

၁၃။ လက်သည်းလှီးရသည်ဟု မြင်မက်ပါက နာဖျားတတ်ပါသည်။

၁၄။ လက်ဖက်ရည်သောက်ရသည်ဟု မြင်မက်ပါက စိတ်ဒေါသ များရတတ်ပါသည်။

၁၅။ လင်းနို့ကို မြင်မက်ပါက နာဖျား၍ ငွေကုန်ကြေးကျ များ တတ်ပါသည်။

၁၆။ လိပ်ကို မြင်မက်ပါက ရန်ပုန်းများနှင့် တွေ့ကြုံရတတ်ပါ သည်။

၁၇။ လိမ့်ကျသည်ဟု မြင်မက်ပါက အကြံအစည်များ ပျက်ပြား တတ်ပါသည်။

၁၈။ လိပ်ပြာကို မြင်မက်ပါက စိတ်ပျော့ခြင်း၊ စိတ်ပျက်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။

၁၉။ လှပသည်ဟု မြင်မက်ပါက အဆင်းယုတ်တတ်ပါသည်။

၂၀။ လှည်းဘီးကို မြင်မက်ပါက နိမိတ်မကောင်းပါ။

၂၁။ လှေခါးမှ ဆင်းရသည်ဟု မြင်မက်ပါက ဆင်းရဲရတတ်ပါ သည်။

၂၂။ လျှပ်စစ်ကို မြင်မက်လျှင် ချစ်သူနှင့် ရန်ဖြစ်ရတတ်ပါသည်။

၂၃။ လျှာကို မြင်မက်လျှင် အတင်းပြောခံရတတ်ပါသည်။

(ဝ)

၁။ ဝက်သားစားရသည်ဟု မြင်မက်ပါက စိတ်ညစ်ရတတ်ပါ သည်။

၂။ ဝက်ကလေးများကို မြင်မက်လျှင် လိမ်လည်ခြင်းခံရတတ်သည်။
၃။ ဝက်ပက်ခံရသည်ဟု မြင်မက်လျှင် ရန်တွေ့ခံရတတ်ပါသည်။
၄။ ဝက်ဝံကို မြင်မက်လျှင် ဘေးဥပဒ်နှင့် တွေ့ကြုံရတတ်ပါသည်။
၅။ ဝက်ဝံကိုက်ခံရသည်ဟု မြင်မက်ပါက ရန်သူ၏ နှိပ်စက်ခြင်းကို ခံရတတ်၏။
၆။ ဝံပုလွေကို မြင်မက်ပါက ရန်ငြိုးဖွဲ့ခြင်းကို ခံရတတ်၏။

(သ)

၁။ သကြားစားရသည်ဟု မြင်မက်ပါက ဆင်းရဲတတ်ပါသည်။
၂။ သမုဒ္ဒရာရေလှိုင်းတို့အား မြင်မက်လျှင် ဘေးဥပဒ်နှင့် တွေ့ကြုံရတတ်ပါသည်။
၃။ သူသေကောင် ထထိုင်သည်ကို မြင်မက်ပါက စကားဟောင်းများ ပေါ်တတ်ပါသည်။
၄။ သေနတ်လက်နက်ကို မြင်မက်ပါက ဆင်းရဲဒုက္ခ ဖြစ်တတ်ပါသည်။
၅။ သေရည်သေရက် သောက်ရသည်ဟု မြင်မက်ပါက သောကနှင့် တွေ့ကြုံရတတ်၏။

၆။ သော့ကို မြင်မက်ပါက အလုပ်အကိုင်ပျက်ခြင်း သောကများ ရခြင်းတို့နှင့် တွေ့ကြုံရတတ်ပါသည်။

၇။ သဲကိုမြင်မက်လျှင် အလုပ်အကိုင် မခိုင်မြဲတတ်ပါ။

၈။ သံကိုမြင်မက်လျှင် ဆင်းရဲတတ်၏။ အဖျားတာရှည်တတ်၏။

၉။ သံပရာသီးကို မြင်မက်လျှင် ခရီးဝေးသွားရတတ်၏။

၁၀။ သံပရာသီး စားရသည်ဟု မြင်မက်လျှင် နာဖျားတတ်၏။

၁၁။ သားသတ်ရုံကို မြင်မက်လျှင် နာဖျားတတ်၏။

၁၂။ သစ်ပင်ကျိုးကျသည်ကို မြင်မက်လျှင် ဘေးတွေ့တတ်၏။

၁၃။ သစ်ရွက်ခြောက်များကို မြင်မက်လျှင် အစစအရာရာ ဆုံးရှုံးတတ်၏။

၁၄။ သစ်တော်သီးစားရသည်ဟု မြင်မက်လျှင် သောကပူဆွေး ရောက်ရတတ်၏။

၁၅။ သတ်ရဖြတ်ရသည်ဟု မြင်မက်လျှင် ပျက်စီးတတ်၏။

၁၆။ သက်တံခေါင်းပေါ်မှာ မြင်မက်လျှင် စိတ်ဒုက္ခရောက်ရ တတ်၏။

၁၇။ သင်တုံးဓားကိုမက်လျှင် ကံဆိုးမိုးမှောင်ကျတတ်၏။

၁၈။ သင်္ဘောပျက်သည်ကို မြင်မက်လျှင် ဉစ္စာပစ္စည်းများ ပျက်စီး ဆုံးရှုံးတတ်၏။

၁၉။ သုသာန်ကို မြင်မက်လျှင် စိတ်ဆင်းရဲရတတ်၏။

၂၀။ သွားအနည်းငယ်ကျိုးသည်ကို မြင်မက်လျှင် နာဖျားတတ်၏။

၂၁။ သွားအားလုံးကျိုးသည်ဟု မြင်မက်လျှင် အသေအပျောက်နှင့် ကြုံတတ်၏

၂၂။ သွပ်ကို အိပ်မက်မြင်မက်လျှင် ချစ်သူ၏ သစ္စာဖောက်ခြင်းကို ခံရတတ်၏။

၂၃။ သမ်းဝေနေသည်ကို မြင်မက်လျှင် လက်ရှိအလုပ်အကိုင်အပေါ် စိတ်မဝင်စားဘဲ ငြီးငွေ့နေတတ်သည်။

(အ)

၁။ အကိုင်းအခြောက်များကို မြင်မက်လျှင် အနှောင့်အယှက်များနှင့် တွေ့ကြုံရတတ်၏။

၂။ အညစ်အကြေးကိုမက်လျှင် ဆင်းရဲဒုက္ခ တွေ့ကြုံရတတ်၏။

၃။ အနိဋ္ဌာရုံ ခံစားရမည်ဟူ၍ မြင်မက်ခဲ့ပါလျှင် အနာအဖျားနှင့် ကြုံတွေ့ပါတော့သည်။

သို့ဖြစ်ပါ၍ နိမိတ်ကောင်း နိမိတ်ဆိုးကို ကြိုတင်ခွဲခြားသိမြင်ထားခြင်းအားဖြင့် မကောင်းသောအန္တရာယ်များ ကျရောက်မလာမီ ဖြေစရာရှိသည်ကိုဖြေရန် ရှောင်ရှားသင့်သည်တို့ကို ရှောင်ရှားနိုင်ကြစေရန် လေ့လာတင်ပြလိုက်ရခြင်း ဖြစ်ပါတော့၏။

* * *

## သတ္တဝါတို့မှပြသော နိမိတ်များ

သတ္တဝါဟူ၍ ညွှန်းဆိုရာ၌ အင်းဆက်ပိုးကောင်များ၊ ပိုးမွှားများ၊ ကျေးငှက်များ၊ တောတွင်းတိရစ္ဆာန်များ၊ ရေနေသတ္တဝါများ၊ အိမ်မွေးတိရစ္ဆာန်များ စသည်ဖြင့် အားလုံးအကျုံးဝင်သက်ဆိုင်ပါသည်။ ၎င်းတို့၏ အမူအကျင့်များကို အခြေပြု၍ နိမိတ်ဖတ်နိုင်ပါသည်။ ရှေးပညာရှိများက ၎င်းတို့၏ နေထိုင်စားသောက်မှု၊ သွားလာမှု စသည်တို့အပေါ် အကဲခတ်လျက် ရှေ့အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်ခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

**မိုးလေဝသဆိုင်ရာ နိမိတ်များ**

၁။ ငှက်ငယ်တို့၏ အမြီးအရင်း၌ အနက်တန်းကလေးများ ဖြစ်ပေါ်လာပါက မိုးနည်း၍ လေထန်တော့မည့် နိမိတ်ဖြစ်ပါသည်။

၂။ ကြောင်ပျံ့မသည် ဓိးရှိပြီးသကာလ သုံးကောင်မွေးခဲ့လျှင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးပါးစလုံးကောင်းမည့် နိမိတ်ဖြစ်၏။

၃။ ကြောင်ပျံ့မသည် နှစ်ကောင်တည်းမွေးပါက မိုးဦး၊ မိုး လယ်ကောင်းပြီး မိုးနှောင်းညံ့မည့် နိမိတ်ဖြစ်၏။

၄။ ကြောင်ပျံ့မသည် တစ်ကောင်တည်း မွေးပါက မိုးဦးသာ ကောင်းပြီး မိုးလယ်နှင့် မိုးနှောင်းတို့ ညံ့မည့်နိမိတ်ဖြစ်၏။

၅။ လယ်ပုစွန်လုံးများ တွင်းဝကို ကျင်းပကဲ့သို့ပြုလုပ်ပါက သည်နှစ်လေထန်မည့် နိမိတ်ဖြစ်၏။

၆။ တောင်ပို့ကဲ့သို့ လုပ်ထားလျှင်မူ လေအလာနည်း၍ မိုး ကောင်းမည့် နိမိတ်ဖြစ်၏။

၇။ တွင်းဝကို ပိတ်ထားခဲ့ပါမူ မိုးကုန်ပြီဆိုသော နိမိတ်ဖြစ်၏။

၈။ မြေနိမ့်နိမ့်၌ တွင်းလုပ်ထားပါက ရေနည်းမည့်နိမိတ်ဖြစ် ၏။

၉။ ရေနှင့်နီးစပ်သော နေရာ၌ ဖောက်ထားပါက မိုးခေါင်မည့် နိမိတ်ဖြစ်၏။

၁၀။ ပျားကောင်များ ၎င်းတို့၏ ပျားအုံကို ခပ်နိမ့်နိမ့်လုပ်ထား ပါက မိုးကြီး၍ လေထန်မည့်နိမိတ်ဖြစ်၏။

၁၁။ လယ်ပုစွန်လုံးများ တွင်းကို ကုန်းမြင့်မြင့်၌ လုပ်ထားပါက ရေကြီးမည့် နိမိတ်ဖြစ်၏။

၁၂။ ငှက်ကလေးများ၏ အမြီးဖျားနက်လာပါက မိုးဦးအကျ စောပြီး လေထန်မည့် နိမိတ်ဖြစ်၏။

၁၃။ အနက်တန်းကလေးများသည် အမြီးတစ်ချောင်းလုံး မစိပ် မကျဲ တစ်ညီတစ်ညွတ်တည်း ရှိနေပါက မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်း သုံးပါးစလုံး ကောင်းမည့်နိမိတ်ဖြစ်၏။

၁၄။ အနက်တန်းနှင့် အဝါတန်း ရောနေပါက လေထန်မည့် နိမိတ်ဖြစ်၏။

၁၅။ ဖားများ ရေ၌မနေဘဲ ကုန်းပေါ်တွင်သာနေ၍ အော်သံနည်းနေပါက မိုးခေါင်မည့် နိမိတ်ဖြစ်၏။

၁၆။ ပုတ်သင်ညိုတစ်ကောင်လုံး စိမ်းနေပြီဆိုပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၁၇။ ပီလားကောင်များ အပင်နိမ့်နိမ့်၌ ဥပါက ရေနည်းမည့် နိမိတ်ဖြစ်၏။

၁၈။ ပီလားကောင်များ အပင်မြင့်မြင့်ပေါ်တက်၍ ဥပါက ရေများမည့် နိမိတ်ဖြစ်၏။

၁၉။ ဖွဲချေး အလုံးတစ်တန်းတည်း၌ အစက်တစ်စက်ရှိနေလျှင် မိုးကောင်းမည့် နိမိတ်ဖြစ်၏။

၂၀။ ကရင်နီကောင်များ အုံတည်ဆောက်မှု နိမ့်ပါက ရေအလာနည်း၍ မြင့်ပါက ရေအလာများပြီး ရေကြီးမည့်နိမိတ်ဖြစ်၏။

၂၁။ ဝါဆိုဝါခေါင်၌ အိမ်ပေါ်သို့ ပုရွက်ဆိတ်များ အုံဖွဲ့လာပါက ရေကြီးမည့် နိမိတ်ဖြစ်၏။

၂၂။ ပုရွက်ဆိတ်များ ၎င်းတို့၏ အစားအစာများကို ယူဆောင်၍ မြန်မြန်ပြောင်းရွှေ့နေပါက ရေမြန်မြန်တိုးတော့မည့် နိမိတ်ဖြစ်၏။

၂၃။ မိုးတွင်းသမယ၌ ပုရွက်ဆိတ်များ ရေမိုးအောက်၌ဝင်ပြီး အုံဖွဲ့နေသည်ကို တွေ့ရလျှင် မိုးခေါင်မည့် နိမိတ်ဖြစ်၏။

၂၄။ နတ်တော်၊ ပြာသို၊ တပို့တွဲလများ၌ ဖားပြုတ်အော်ပါက အော်သည့်ရက်မှစတင်၍ ရက် (၁၂၀) အတွင်း မိုးဦးကျတော့မည့် နိမိတ်ဖြစ်၏။

၂၅။ မိုးခေါင်နေရာမှ ဖွတ်၊ လင်းမြွေများ အပြင်ထွက်ပါက ဖြုတ်များ၊ ခြင်များအထများပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၂၆။ ကျွဲ၊ နွား၊ မြင်း စသည်တို့ လေလာရာဘက်သို့ ကျောခိုင်းနေပါက မကြာခင် မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၂၇။ ငှက်တွေ ရေချိုး၍ ပျားအုံများထုံးကဲ့သို့ဖြူလျက် ခြအိမ်တို့ များပြားလာပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၂၈။ ပုဇဉ်းကောင်လေးများ မြေနှင့်နီးကပ်စွာပျံကြ၍ ပုရစ်များ အော်ပြီးပျံလျက်၊ ယင်မမည်းရိုင်းများ၊ မှက်ကြားများ၊ ယင်ကြီးများ ပိုးနံ့ကောင်များ ပေါ်ထွက်လာကြလျှင် မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၂၉။ စားဖားများ အဆက်မပြတ် အော်နေပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၃၀။ ကင်းမြွေများ ထွက်လာပါက သုံးရက်အတွင်း မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၃၁။ ပုရွက်ဆိတ်များအုံဖွဲ့ပြီး တွင်းပြင်ထွက်နေပါက ပလူကောင်များ တောင်ပို့တွင်းမှ တစ်ခဲနက်ပျံလာပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၃၂။ သစ်ပင်များ၌ ပင့်ကူမျှင်များ သွယ်တန်းလာပါက မိုးကုန်တော့မည့် နိမိတ်ဖြစ်၏။

၃၃။ မျှော့များ လယ်ကွင်းပြင်၌ ရေပြင်ပေါ်ကူးခတ်နေလျှင်လည်းကောင်း၊ စပါးပင်ပေါ် တွယ်ကပ်တက်နေလျှင်သော်လည်းကောင်း လေပြင်းမုန်တိုင်းကျမည့် နိမိတ်ဖြစ်၏။

၃၄။ နွားချေးထိုးပိုး (ဒီပိုး)ကောင်လေးများ ဥရန် စတင်ကျင်းဖောက်နေပြီဆိုလျှင် မိုးမှန်တော့မည့် နိမိတ်ဖြစ်၏။

၃၅။ ငါးရံ့များ၏ ဝမ်းဗိုက်၌ ဥတွေရှိပါက မိုးကျန်နေသေးကာ ပြာသိုလအထိ မိုးရွာနိုင်သေးသည်ဆိုသော နိမိတ်ဖြစ်၏။

## ခေါက်ရှာငှက်နှင့်ဆိုင်သော နိမိတ်များ

မြေပြင်နှင့် နီးကပ်စွာ ပျံသန်းလိုက် အမြင့်သို့ပျံတက်လိုက်ဖြင့် အခေါက်ခေါက်အခါခါ မမောနိုင်မပန်းနိုင် ပျံသန်းနေသောငှက်မှာ ခေါက်ရှာငှက် ဖြစ်ပါသည်။ ၎င်းငှက်၏ လှုပ်ရှား

မှုသဘာဝကို အကဲခတ်လေ့လာ၍ ရှေးပညာရှိကြီးများက အောက်ပါအတိုင်း နိမိတ်ဖတ်ခဲ့ကြပါသည်။

၁။ ခရီးသွားလာနေခိုက် ခေါက်ရှာငှက်သည် အရှေ့မှ အသံပြုပါက သွားလာရေးခရီးလမ်း အဆင်ပြေ၍ အလိုဆန္ဒများ ပြည့်ဝစေမည့် နိမိတ်ဖြစ်သည်။

၂။ ခေါင်းပေါ်မှ ပျံသန်းသွားပါက လာဘ်လာဘ ပြည့်ဝမည့် နိမိတ်ဖြစ်၏။

၃။ လက်ဝဲဘက်မှ ပျံသန်းသွားပါမူ ရန်သူတွေ့မည့် နိမိတ်ဖြစ်၏။

၄။ လက်ျာဘက်မှ ပျံသန်းသွားပါမူ ခင်ပွန်းကောင်းနှင့်တွေ့ရမည့် နိမိတ်ဖြစ်၏။

၅။ အနောက်ဘက်မှ ပျံသန်းသွားပါမူ လာဘ်လာဘရမည့် နိမိတ်ဖြစ်၏။

၆။ အရှေ့ဘက်မှ ပျံသန်းသွားပါမူ ဘေးအန္တရာယ် ကျရောက်မည့် နိမိတ်ဖြစ်၏။

၇။ အနောက်ဘက်မှ ထိတ်လန့်စွာ အော်မြည်ပါမူ လာဘ်လာဘရမည့် နိမိတ်ဖြစ်၏။

၈။ အရှေ့ဘက်မှ ထိတ်လန့်စွာအော်မြည်ပါမူ ခရီးရှေ့မဆက်သင့်သော နိမိတ်ဖြစ်၏။

၉။ လက်ဝဲဘက်မှ ထိတ်လန့်စွာ အော်မြည်ပါမူ မကောင်းသတင်း ကြားရမည့်နိမိတ် ဖြစ်၏။ သတိပြု လေ့လာမှတ်သား ဆင်ခြင်ကြပါကုန်။

## ရွှေကျီးသာသည့် နိမိတ်များ

မလိုသူတွေက အဆင်းအရောင်နက်မှောင်သော အဆိုပါငှက်အား 'ကျီးကန်း'ဟု ဆိုကြ၏။ မေတ္တာသက်ဝင်သူတွေကမူ 'ရွှေကျီးကလေး'၊ 'ရွှေကျီးညို'ဟူ၍ ခေါ်ဝေါ်ကြ၏။ ကျီးငှက်သည် အမျိုးချစ်သော သတ္တဝါဖြစ်ပါ၏။ ၎င်း၏ မြည်သံနှင့်ပတ်သက်၍ နိမိတ်များကို လေ့လာတင်ပြလိုက်ပါ၏။

### ၁။ နံနက် (၆) နာရီမှ နံနက် (၉) နာရီအတွင်း

- အရှေ့အရပ်ဆီမှ ကျီးသာသံကြားပါက အလိုဆန္ဒပြည့်စုံမည်။ ခရီးသွားရမည့် နိမိတ်ဖြစ်၏။
- အရှေ့တောင်အရပ်ဆီမှ ကျီးသာသံကြားပါက ဖူးစာဘက်တွေ့ရမည်၊ ရန်ဘယာများ ငြိမ်းအေးစေမည့် နိမိတ်ဖြစ်၏။
- တောင်ဘက်အရပ်ဆီမှ ကျီးသာသံကြားပါက လာဘ်လာဘရမည်။ ဖူးစာဘက်တွေ့ရမည်။ ချမ်းသာတော့မည့် နိမိတ်ဖြစ်၏။
- အနောက်တောင်အရပ်ဆီမှ ကျီးသာသံကြားပါက အလိုဆန္ဒပြည့်စုံစေမည့် နိမိတ်ဖြစ်၏။

- အနောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဖူးစာဘက် တွေ့ရမည့်၊ လာဘ်လာဘ အနည်းငယ်ရမည့် နိမိတ်ဖြစ်၏။
- အနောက်မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက အကြီး အကဲ၏ ဆုပေးခြင်းခံရမည့် နိမိတ်ဖြစ်၏။
- မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဘေးရောက်မည့်၊ သူခိုးသူဝှက် ညှဉ်းဆဲမည့်နိမိတ်ဖြစ်၏။ (အသံသာပါက ဥစ္စာရတတ်၏။)
- အရှေ့မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဆွေမျိုးသား ချင်းတို့နှင့် တွေ့ဆုံရမည့် နိမိတ်ဖြစ်၏။ (အသံမသာယာ ပါက မီးဘေးသင့်တတ်၏။)

## ၂။ နံနက် (၉) နာရီမှ မွန်းတည့် (၁၂) နာရီအတွင်း

- အရှေ့အရပ်ဆီမှ ကျီးသာသံကြားပါက ဧည့်သည်လာမည့် နိမိတ်ဖြစ်၏။ (ကြမ်းတမ်းသော အသံဖြစ်ပါက သူခိုးခိုး ခံရတတ်၏။ ရောဂါဝေဒနာ ခံစားရတတ်၏။)
- အရှေ့တောင်အရပ်ဆီမှ ကျီးသာသံကြားပါက ခိုက်ရန်ဖြစ် ပွားမည့် နိမိတ်ဖြစ်၏။ (အသံသာပါက အရည်အချင်း ပြည့်ဝသည့် ဖူးစာဘက်နှင့် ဆုံစည်းတတ်၏။)
- တောင်အရပ်ဆီမှ ကျီးသာသံကြားပါက ချစ်သူလာမည့် နိမိတ်ဖြစ်၏။

- အနောက်တောင်အရပ်ဆီမှ ကျီးသာသံကြားပါက ဘေးရောက်မည့် နိမိတ်ဖြစ်၏။
- အနောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဖူးစာဘက်၊ လာဘ်လာဘ၊ စားသောက်ဖွယ်ရာတို့ ရရှိမည့်နိမိတ်ဖြစ်၏။
- အနောက်မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဥစ္စာပစ္စည်းများ ရရှိမည့် နိမိတ်ဖြစ်၏။
- မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဆွေမျိုးသားချင်းများ ရောက်ရှိလာမည့်၊ ရန်စွယ်အပေါင်း အောင်မြင်စေမည့် နိမိတ်ဖြစ်၏။
- အရှေ့မြောက်အရပ်မှ ကျီးသာက ခိုးသူဘေးနှင့် ကြုံရမည့် မီးဘေးသင့်မည့် နိမိတ်ဖြစ်၏။ (အသံသာပါက အကြီးအကဲ၏ မ,စခြင်းကို ခံရတတ်၏။)

၃။ မွန်းတည့် (၁၂) နာရီမှ မွန်းလွဲ(၃) နာရီအတွင်း

- အရှေ့အရပ်ဆီမှ ကျီးသာသံကြားပါက အသံမကောင်းလျှင် ခိုးသူဘေးသင့်မည့်၊ အသံသာပါက အမှုကိစ္စအောင်မြင်မည့် နိမိတ်ဖြစ်၏။
- အရှေ့တောင်အရပ်ဆီမှ ကျီးသာသံကြားပါက အခက်အခဲများနှင့် ရင်ဆိုင်ရမည့် နိမိတ်ဖြစ်၏။
- တောင်အရပ်ဆီမှ ကျီးသာသံကြားပါက အမှုအမျိုးမျိုး အောင်မြင်မည့် နိမိတ်ဖြစ်၏။

- အနောက်တောင်အရပ်ဆီမှ ကျီးသာသံကြားပါက မီးဘေး သင့်မည့် နိမိတ်ဖြစ်၏။
- အနောက်အရပ်ဆီမှ ကျီးသာသံကြားပါက လာဘ်ရမည့်၊ ပျောက်ဆုံးမည့်ပစ္စည်း ပြန်ရမည့်၊ ဆွေမျိုးသားချင်းတို့ ရောက်ရှိလာကြမည့် နိမိတ်ဖြစ်၏။
- အနောက်မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက ဥစ္စာ ရမည့်၊ သတင်းကောင်းကြားရမည့် နိမိတ်ဖြစ်၏။ (အသံ မသာပါက လေကြီးမိုးကြီး ကျတတ်၏။)
- မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက (အသံသာလျှင်) ဥစ္စာရမည့် နိမိတ်ဖြစ်၏။
- အရှေ့မြောက်အရပ်ဆီမှ ကျီးသာသံကြားပါက အမှုကိစ္စ အောင်မြင်မည့် ဥစ္စာရမည့် နိမိတ်ဖြစ်၏။

၄။ မွန်းလွဲ (၃) နာရီမှ ညနေ (၆) နာရီအတွင်း

- အရှေ့အရပ်မှ ကျီးသာလျှင် ဥစ္စာရမည့်၊ မင်းပူဇော်ခံရ မည့် နိမိတ်ဖြစ်၏။
- အရှေ့တောင်အရပ်မှ ကျီးသာလျှင် ရန်အပေါင်းအောင် မြင်မည့် နိမိတ်ဖြစ်၏။
- တောင်အရပ်မှ ကျီးသာလျှင် ကြီးကဲသူရောက်လာမည့် နိမိတ်ဖြစ်၏။ (အသံမသာလျှင် ခိုးသူဘေးသင့်တတ်၏။ ရောဂါရတတ်၏။)

- အနောက်တောင်အရပ်မှ ကျီးသာလျှင် အလိုဆန္ဒ ပြည့်ဝမည့် နိမိတ်ဖြစ်၏။ (အသံမသာလျှင် လမ်းခရီး၌ ခိုးသားဓားပြနှင့် ရင်ဆိုင်ဒုက္ခရောက်ရတတ်၏။)
- အနောက်အရပ်မှ ကျီးသာလျှင် ဥစ္စာလာဘ်လာဘရမည့် အိမ်ထောင်ကျမည့်၊ ခရီးလမ်းပန်း အဆင်ပြေမည့်၊ ကြီးပွားတိုးတက်မည့် နိမိတ်ဖြစ်၏။
- အနောက်မြောက်အရပ်မှ ကျီးသာလျှင် ကွာရှင်းပြီး လင်မယားတို့ ပြန်လည်သင့်မြတ်မည့် နိမိတ်ဖြစ်၏။
- မြောက်အရပ်မှ ကျီးသာလျှင် ခရီးသွားသူ ပြန်ရောက်မည့်၊ သတင်းကောင်းကြားရမည့်၊ ကျက်သရေတိုးပွားမည့် နိမိတ်ဖြစ်၏။
- အရှေ့မြောက်အရပ်မှ ကျီးသာလျှင် လာဘ်ရမည့်နိမိတ်ဖြစ်၏။ (အသံမသာလျှင် သတင်းဆိုးကြားရတတ်၏။)

## ပျားစွဲသည့် နိမိတ်များ

ပျားနှင့်ပတ်သက်၍ ရှေးလောကီပညာရှင်များက အနိဋ္ဌသတ္တဝါအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ပျားစွဲခြင်းနှင့်ပတ်သက်ပြီး မကောင်းသောနိမိတ်ဟူ၍ ယူဆကြ၏။ ပျားစွဲနိမိတ်များကို လေ့လာကြည့်ကြပါကုန်။

၁။ ဘယ်ဘက်လက်၌ ပျားစွဲပါက ငွေဝင်မည့် နိမိတ်ဖြစ်၏။
၂။ ညာဘက်လက်၌ ပျားစွဲပါက စီးပွားပျက်မည့် နိမိတ်ဖြစ်၏။

၃။ အိမ်ခေါင်မိုးပေါ်၌လည်းကောင်း ထုပ်ပေါ်၌လည်းကောင်း ပျားစွဲပါက စီးပွားပျက်မည့် နိမိတ်ဖြစ်၏။

၄။ အထက်ဖျားဝါးပေါ်၌ ပျားစွဲပါက ရှိသမျှစည်းစိမ်ဥစ္စာတို့ ကုန်သွားမည့် နိမိတ်ဖြစ်၏။

၅။ အရှေ့မှလာပြီး ပျားစွဲပါက အငြင်းအခုံများ ဖြစ်ပွားမည့် နိမိတ်ဖြစ်၏။

၆။ အရှေ့တောင်မှလာပြီး ပျားစွဲပါက ငွေရမည့်နိမိတ်ဖြစ်၏။

၇။ တောင်မှလာပြီး ပျားစွဲပါက ပျက်စီးဆုံးရှုံးမည့် နိမိတ်ဖြစ်၏။

၈။ အနောက်တောင်မှလာပြီး ပျားစွဲပါက သူခိုးခိုးခံရမည့် နိမိတ်ဖြစ်၏။

၉။ အနောက်မှလာပြီး ပျားစွဲပါက အိမ်ထောင်ကျမည့် နိမိတ်ဖြစ်၏။

၁၀။ အနောက်မြောက်မှလာပြီး ပျားစွဲပါက ငွေဝင်မည့်နိမိတ်ဖြစ်၏။

## ကင်းခြေများနှင့် ပတ်သက်သည့်နိမိတ်များ

ကင်းခြေများဆိုသည်ကို စာရှုသူတို့ တွေ့ဖူးပါလိမ့်မည်။ ရှည်ရှည်မျောမျောဖြစ်ပြီး ခြေချောင်းများပါဝင်သည့် အဆိပ်ရှိသတ္တဝါဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ နိမိတ်ဖတ်ထားသည်ကိုလည်း တင်ပြရပါဦးမည်။

၁။ ကင်းခြေများ ရှေ့မှဖြတ်ပြေးပါက ရပ်ဝေးမှ တပည့်များက လာရောက်ပူဇော်ကြမည့် နိမိတ်ဖြစ်ပါသည်။

၂။ ကင်းခြေများ ရှေ့သို့ပြုတ်ကျပါက တပည့်အပေါင်းတို့ ဒုက္ခနှင့် ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၃။ ကင်းခြေများနောက်မှ လိုက်လာသည်ကို မြင်တွေ့ရပါက တပည့်များ၏ ကျေးဇူးဆပ်ခြင်း၊ ချီးမြှောက်ခြင်းတို့ကို ခံယူရမည့် နိမိတ်ဖြစ်၏။

## ငှန်းနှင့်ပတ်သက်သော နိမိတ်များ

ငှန်းသတ္တဝါသည် အုပ်စုဖွဲ့နေလေ့ရှိသော အိမ်မွေးတိရစ္ဆာန်ဖြစ်သည်။ အနားကပ်လာသူ မှန်သမျှအား ထိုးဆိတ်တတ်ပြီး အသံကျယ်စွာ အောင်မြင်တတ်၏။ ငှန်းနှင့်ပတ်သက်၍ လောကီပညာရှင်တို့က အောက်ပါအတိုင်း နိမိတ်များဖတ်ခဲ့ကြပါ၏။

၁။ လမ်းသွားရင်း ငှန်းအုပ်တွေ့ရပါလျှင် ဆရာကောင်း (သို့မဟုတ်) သူတော်စင်နှင့် တွေ့ရမည့် နိမိတ်ဖြစ်၏။

၂။ ငှန်းအုပ် နေပူစာလှုံနေသည်ကို တွေ့မြင်ရပါလျှင် သောကနှင့် ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၃။ မိမိ၏ရှေ့၌ ငှန်းထီးတစ်ကောင် ဖြတ်ပြေးသည်ကို တွေ့ကြုံရပါက အန္တရာယ်တစ်စုံတစ်ခုနှင့် တွေ့ကြုံရတော့မည့် နိမိတ်ဖြစ်၏။

## ပုတ်သင်ညိုနှင့်ပတ်သက်သော နိမိတ်များ

ပုတ်သင်ညိုသည် လူတို့နှင့် မစိမ်းသော သတ္တဝါဖြစ်၏။ ခေါင်းညိတ်တတ်သော၊ အရောင်ပြောင်းတတ်သော သတ္တဝါဖြစ်၏။ ၎င်းနှင့်ပတ်သက်၍ ဖတ်ခဲ့သော နိမိတ်များကိုလည်း လေ့လာကြည့်ကြပါဦး။

၁။ ရှေ့မှ ပုတ်သင်ညို ပြုတ်ကျလာသည်ကိုလည်းကောင်း ဖြတ်ပြေးသွားသည်ကိုလည်းကောင်း မြင်တွေ့ရပါက ကျိန်း သေပေါက်ရလိမ့်မည့် ငွေကြေးကိစ္စ ပျက်ပြယ်မည့်၊ တွေ့ဆုံ ရန် ချိန်းဆိုထားသူနှင့် လွဲချော်မည့် နိမိတ်ဖြစ်၏။

၂။ ခြေကြားမှ ပုတ်သင်ညို ဖြတ်ပြေးသွားပါက တစ်ပါးသူ မကောင်းပြောခြင်း၊ ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းတို့ကို ခံရမည့် နိမိတ်ဖြစ်၏။

၃။ ပုတ်သင်ညို အသေကောင်ကို မြင်တွေ့ရပါက ချစ်သူ၏ အထင်လွဲမှုကို ခံရခြင်း၊ အိမ်ထောင်ဘက်၏ စွပ်စွဲခြင်း အား ခံရမည့်နိမိတ်ဖြစ်၏။

## ကျီးကန်းနိမိတ်... လာပြန်ပြီ

၁။ ကျီးကန်းတစ်ကောင် ခေါင်းပေါ်မှ ဖြတ်ပျံသည်နှင့် ပါက သွားလာနေသော လမ်းခရီး၌ အန္တရာယ်တွေ့ ရမည့် နိမိတ်ဖြစ်သည်။

၂။ ကျီးကန်းတစ်ကောင် အော်ဟစ်ပြီး ရှေ့မှပျံသွားသည်ကို မြင်ရပါက ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ဝမ်းပမ်းတသာ ဆုံတွေ့ကြရမည့် နိမိတ်ဖြစ်၏။

၃။ ကျီးကန်းတစ်ကောင် ခွေးသေကောင်အား စားနေသည်ကို မြင်တွေ့ရပါက ထီပေါက်မည့် နိမိတ်ဖြစ်၏။ ထို့အတူ သွားရာခရီးလမ်း၌ အစာရေစာ ရှားပါးလိမ့်မည့် နိမိတ်လည်းဖြစ်၏။

## ခွေးကလည်း တစ်မျိုး

၁။ အိမ်မွေးတိရစ္ဆာန်ဖြစ်သော ခွေးသည် မြောက်အရပ်မှ အိမ်ခေါင်ပေါ်သို့တက်၍ မြောက်အရပ်သို့ မျက်နှာမူပြီး အူပါက မြောက်အရပ်သို့ပင် ပြန်လည်ဆင်းသက်ပါက အိမ်ရှင်အတွက် စီးပွားတက်မည့် နိမိတ်ဖြစ်၏။

၂။ ခေါင်မိုးပေါ်ရောက်နေသော အဆိုပါခွေးသည် အနောက်ဘက်သို့ဆင်းပါက အိမ်ရှင်အတွက် ကြွယ်ဝမည့်နိမိတ်ဖြစ်၏။

၃။ အဆိုပါခွေးသည် အရှေ့အရပ်သို့ မျက်နှာမူ၍ အူမည်၊ ပြီး အရှေ့အရပ်သို့ပင် ပြန်လည်ဆင်းသက်ပါက အိမ်ရှင်အဖို့ ပျက်စီးရာပျက်စီးကြောင်း နိမိတ်ပင်ဖြစ်တော့၏။

## ဆိတ်နှင့်ဆိုင်သော နိမိတ်များ

(ဆိတ်ဆိုတာ အိမ်မွေးတိရစ္ဆာန်ပါ။ စီးပွားဖြစ် မွေးမြူသူတွေအတွက် နို့နဲ့အသားကို ရရှိစေတဲ့ တိရစ္ဆာန်ပါ။ ပါးစပ်ထဲရောက်တာမှန်သမျှ အငြိမ်မနေ ဝါးနေတတ်တဲ့ သတ္တဝါနဲ့ ပတ်သက်ပြီး နိမိတ်ဖတ်ထားတာတွေကလည်း စိတ်ဝင်စားစရာပါ။ ကိုင်း... ဖတ်ကြည့်လိုက်ပါဦး)

၁။ မြက်စားနေသောဆိတ်ကို တွေ့မြင်ရပါက ဆောင်ရွက်လျက်ရှိသောကိစ္စများ အောင်မြင်မည့် နိမိတ်ဖြစ်၏။

၂။ ဆိတ်မ မိခင်ကြီးကို ဆိတ်ရင်သွေးကလေးက အော်ဟစ်မြည်တမ်းပြီး လိုက်လံရှာဖွေနေသည်နှင့်ကြုံရပါက ချစ်သူနှင့်လွဲရမည့် နိမိတ်ဖြစ်၏။

၃။ သွားမည့်လမ်းခရီး၌ ဆိတ်အုပ်ကြီး ဖြတ်ပြေးသွားပါက အုတ်မြစ်ချထားသော စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့ရမည့် နိမိတ်ဖြစ်၏။

၄။ ဆိတ်သိုးမှ လိုက်လံဝှေ့ခြင်းကို ခံရပါက စက်ပစ္စည်းကိရိယာများ ဝင်လာမည့်နိမိတ်ဖြစ်၏။

၅။ အနောက်ဘက်ဆီမှ ဆိတ်အုပ်များ ဖြတ်ပြေးသွားပါက စီးပွားရေးလုပ်ငန်းများ တိုးတက်တော့မည့် နိမိတ်ဖြစ်၏။

၆။ သွားလာရင်းနှင့် ဆိတ်သတ်နေသည်ကို ကြုံတွေ့ရပါက စက်မှုလုပ်ငန်းများနှင့် အကျိုးပေးမည့် နိမိတ်ဖြစ်၏။

## ကြောင်နှင့်ကြွက်တို့ နိမိတ်များ

ကြောင်နှင့်ကြွက်ဟူသည် နေ့နံတူ တိရစ္ဆာန်များ ဖြစ်ကြသည်ဆိုသော်ငြား မတည့်ကြ။ ကြောင်၏ ရန်ရှာသတ်ဖြတ်ခြင်းကို ခံရသော သတ္တဝါသည် ကြွက်ဖြစ်၏။ သည့်အတွက် ကြွက်ဒုက္ခကို ရင်စည်း၍ခံကြရသူများအဖို့ ကြောင်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် ပစားပေးကာ ကြွက်နှိမ်နင်းရေးတာဝန်ကို ပေးအပ်ထားခဲ့၏။ ဤ၌ ကြောင်နှင့်ကြွက်တို့၏ နိမိတ်များမှာ စိတ်ဝင်စားစရာ ကောင်းလှပါ၏။ ကြည့်ပါလော့။ ဖတ်ပါလော့။

၁။ ရှေ့၌ ကြောင်တစ်ကောင် ဖြတ်ပြေးသွားသည်ကို မြင်ရလျှင် အချိန်းအချက်ပြုလုပ်ထားသည့်ကိစ္စ၌ လူချင်းလွဲသွားမည့် နိမိတ်ဖြစ်၏။

၂။ ခရီးသွားခါနီး ကြောင်တစ်ကောင် မြူးတူးနေသည်ကိုတွေ့ရလျှင် ရည်ရွယ်ချက်များ အောင်မြင်မည့် နိမိတ်ဖြစ်၏။

၃။ ခရီးသွားနေသည့်အခိုက် ကြောင်အော်သံကိုကြားရလျှင် ငွေကြေးများ ဆုံးရှုံးမည့်၊ လုယက်ခြင်းခံရမည့် နိမိတ်ဖြစ်၏။

၄။ ခြေထောက်ကြားမှ ကြောင်ဖြတ်ပြေးသွားလျှင် အလုပ်အကိုင် အကြံအစည်များ ပျက်စီးမည့် နိမိတ်ဖြစ်၏။

၅။ ကြောင်မကြီးမှ ကလေးမွေးသည်ကို မြင်ရလျှင် စီးပွားလာဘ်လာဘများ တိုးပွားမည့် နိမိတ်ဖြစ်၏။

၆။ ကြောင်နှစ်ကောင် ဒေါသတကြီးနှင့် တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲသတ်ပုတ်နေသည်ကို မြင်ရလျှင် ငွေကြေးကိစ္စနှင့်စပ်လျဉ်း၍ စကားများရမည့် နိမိတ်ဖြစ်၏။

၇။ ကြောင်က ကြွက်ကိုချီလျက် မိမိ၏အရှေ့၌ လာချလျှင် ကြွေးဟောင်းများရမည့်၊ အမွေရမည့် နိမိတ်ဖြစ်၏။

၈။ အနောက်ဘက်ဆီမှ ကြောင်နှင့်ကြွက် ဖြတ်ပြေးသည်ကို မြင်ရလျှင် ရင်ဆိုင်နေရသော အမှုကိစ္စများ နိုင်မည့်နိမိတ်ဖြစ်၏။

၉။ ကြောင်မကြီးက ကြောင်ငယ်ကို ချီယူသွားသည်ကို မြင်ရလျှင် အိမ်ပြောင်းရွှေ့ရမည့် နိမိတ်ဖြစ်၏။

၁၀။ ကြောင်မကြီး၏နောက်သို့ ကြောင်သားပေါက်ကလေးများ ပြေးလိုက်လာကြသည်ကို မြင်ရလျှင် ရာထူးတိုးတက်မည့် ဌာနပြောင်းရွှေ့ရမည့် နိမိတ်ဖြစ်၏။

၁၁။ ခရီးသွားနေရင်းမှ ကြောင်သေကို မြင်ရလျှင် ငွေကြေးလာဘ်လာဘများ ရရှိမည့် နိမိတ်ဖြစ်၏။

၁၂။ ရှေ့၌ ကြွက်သေပြုတ်ကျလာသည်ကို တွေ့မြင်ရပါလျှင် ကြံစည်လုပ်ကိုင်ထားသမျှ လုပ်ငန်းကိစ္စအဝဝတို့ အောင်မြင်မည့် နိမိတ်ဖြစ်၏။

၁၃။ ရှေ့မှ ကြွက်ဖြတ်ပြေးသွားပါလျှင် ရရှိရန်ကြွေးများ ဆုံးရှုံးသွားမည့် နိမိတ်ဖြစ်၏။

၁၄။ ခြေကြားမှ ကြွက်ဖြတ်ပြေးသွားလျှင် အကြံအစည်များ ပျက်သွားတော့မည့် နိမိတ်ဖြစ်၏။

၁၅။ ခရီးသွားလာနေစဉ် ကြွက်သေအပုပ်နံ့ရလျှင်သော်လည်းကောင်း၊ ကြွက်ပုပ်ကိုမြင်ရလျှင်သော်လည်းကောင်း စီးပွားဥစ္စာများ တိုးတက်မည့် နိမိတ်ဖြစ်၏။

၁၆။ ကြွက်များ အတွဲလိုက်ဖြစ်နေသည်ကို တွေ့မြင်ရပါက ထီထိုးပေးပါ။ ထိုနိမိတ်သည် ထီကျိန်းသေပေါက်မည့် နိမိတ်ဖြစ်၏။

၁၇။ ကြွက်သည် ဘဲဥကိုချီ၍ ပြေးသွားသည်အား မြင်တွေ့ရပါသလား။ မြင်တွေ့ရသည်ရှိသော် ငွေကြေးများ အဝတ်အစားများ ရရှိမည့်နိမိတ်ဖြစ်၏။

၁၈။ ကြွက်အကိုက်ခံရပါက လက်ဝယ်ပိုင်ဆိုင်ထားသော သိမ်းဆည်းထားသော ငွေကြေးများ အခိုးခံရမည့်နိမိတ်ဖြစ်၏။

၁၉။ ဝတ်ဆင်သော အဝတ်အထည်များ ကြွက်ကိုက်ခံရပါသလား။ အကိုက်ခံထားရသော အဝတ်များအား ဝတ်မည်ဆိုပါက သည်အတိုင်းပြန်မဝတ်ပါလေနှင့်။ အကိုက်ခံထားရသည့်နေရာကို မီးရှို့ပစ်ပါ။ ဖာထေးလိုပါက ဖာထေးပါ။ ပြီးမှ ဝတ်ဆင်ပါ။ ထိုသို့ အဝတ်အစားထည်များ ကြွက်ကိုက်ခံရခြင်းသည် လူလိမ်ခံရတော့မည့် နိမိတ်ဖြစ်၏။

## ဖျိုင်းပျံသည့်နိမိတ်

၁။ ခရီးသွားနေရင်းမှ ဖျိုင်းရှေ့ကပျံသည်ကို ကြုံရလျှင် ဘေး အန္တရာယ် ကင်းပသည့် နိမိတ်ဖြစ်၏။

၂။ ဖျိုင်းသည် လက်ျာဘက်မှပျံမူ ချစ်သူနှင့်တွေ့ရမည့်နိမိတ် ဖြစ်၏။

၃။ ဖျိုင်းသည် လက်ဝဲဘက်မှပျံမူ သတင်းကောင်းကြားရမည့် နိမိတ်ဖြစ်၏။

၄။ ဖျိုင်း အိမ်ထဲသို့ဝင်ပါက နိမိတ်မကောင်းပါ။ (သည့်အတွက် ခေါခွက်သုံးခု၊ သင်ပုတ်သုံးခု၊ တန်ဆောင်သုံးခု သုံးတိုင် ပြု၍ မီးထွန်းပေးပါ။ သုံးရက်တိုင် ကင်ပွန်းရေစင်ဖျန်းပါက လာဘ်လာဘများ ရွှင်လန်းတတ်ပါ၏။)

## စွန်ရဲနားနိမိတ်

စွန်ရဲဟူသည် ကောင်းကင်ထက်ဝယ် လေဟုန်စီးရင်း သားကောင်ရှာဖွေသည့် ငှက်တစ်မျိုးဖြစ်ပါသည်။ စွန်ရဲနှင့်ပတ် သက်၍လည်း နိမိတ်ဖတ်ဆရာတို့က ခွင်းချန်ခြင်းမပြုခဲ့ကြပါ။ ဆရာတို့၏ နိမိတ်ဖတ်ခြင်းကား အောက်ပါအတိုင်း ဖြစ်လေ သတည်း။

၁။ အိမ်ရှင်၏ လက်ဝဲဘက်မှဖြစ်စေ၊ လက်ျာဘက်မှဖြစ်စေ စွန်ရဲသည် အိမ်တွင်းသို့ဝင်လာပါလျှင် လာဘ်လာဘရမည့် နိမိတ်ဖြစ်၏။

၂။ စွန်ရဲသည် အိမ်၏ အရှေ့တောင်၌ နားပါက အိမ်ရှင်အတွက် ဖျားနာမည့်နိမိတ်ဖြစ်၏။

၃။ စွန်ရဲသည် အိမ်ခေါင်မိုးပေါ် လာရောက်နားပါက အိမ်ရှင်၏ အမိအဖများ အသက်အန္တရာယ်နှင့် ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၄။ စွန်ရဲသည် အိမ်၏ တောင်အရပ်၌နားပါက အိမ်ရှင်အတွက် သေဘေးနှင့် ကြုံရတတ်သည့် နိမိတ်ဖြစ်၏။

၅။ စွန်ရဲသည် အိမ်၏ အနောက်တောင်အရပ်၌နားပါက အိမ်ရှင်အတွက် ခိုင်းစေရမည့်သူများ ရရှိမည့်နိမိတ်ဖြစ်၏။

၆။ စွန်ရဲသည် အိမ်၏ အနောက်မြောက်အရပ်၌ နားပါက အိမ်ရှင်အတွက် အစေအပါး၊ ကျွဲ၊ နွားတို့ ရရှိမည်ဆိုသော နိမိတ်ဖြစ်ပါသည်။

၇။ စွန်ရဲသည် အိမ်၏ မြောက်အရပ်၌နားပါက အိမ်ရှင်အတွက် သတင်းကောင်းကြားရမည့် နိမိတ်ဖြစ်ပါသည်။

၈။ စွန်ရဲသည် အရှေ့မြောက်အရပ်၌ နားပါက အဝတ်ကောင်း ပုဆိုးကောင်းများ ရရှိမည့် နိမိတ်ဖြစ်၏။

## လာပြန်ပြီ… ကြွက်နိမိတ်

၁။ ခြေဖျားလက်ဖျားတို့အား ကြွက်ခဲမည်ဆိုလျှင် အခိုင်းအစေများရမည့် နိမိတ်ဖြစ်၏။

၂။ ခြေမကို ကြွက်ခဲလျှင် ဥစ္စာရမည့် နိမိတ်ဖြစ်၏။

၃။ သလုံးသားကို ကြွက်ခဲလျှင် အိမ်ရှင်နာဖျားမည့်၊ အိမ်ရှင်၏ အိမ်ထောင်ဘက် ဘေးသင့်မည့် နိမိတ်ဖြစ်၏။

၄။ ပုဆစ်ကို ကြွက်ခဲလျှင် ရောဂါအနာတရဖြစ်မည့်၊ နာဖျားမည့် နိမိတ်ဖြစ်၏။

၅။ လည်ကုပ်ကို ကြွက်ခဲလျှင် အစေအပါးရမည့်၊ အဆွေခင်ပွန်းတို့နှင့် မိတ်ပျက်မည့် နိမိတ်ဖြစ်၏။

၆။ ခေါင်းကို ကြွက်ခဲလျှင် ဥစ္စာပစ္စည်းရမည့်၊ ဘေးယယာရန်စွယ်အပေါင်း ငြိမ်းစေမည့် နိမိတ်ဖြစ်၏။

၇။ ခြေသန်းလက်သန်းကို ကြွက်ခဲလျှင် ဥစ္စာပစ္စည်းများ ပျောက်ဆုံးမည့် နိမိတ်ဖြစ်၏။

၈။ လက်ျာခြေညှိုးအား ကြွက်ခဲလျှင် ဥစ္စာပစ္စည်းများ ပျောက်ဆုံးမည့် နိမိတ်ပင်ဖြစ်၏။

၉။ လက်သည်းခြေသည်းအား ကြွက်ခဲလျှင် နာဖျားမည့်နိမိတ်ဖြစ်၏။

၁၀။ မျက်နှာအား ကြွက်ခဲလျှင် ချမ်းသာမည့်နိမိတ်ဖြစ်၏။

၁၁။ ဝမ်းဗိုက်အား ကြွက်ခဲလျှင် လာဘ်လာဘများရမည့် နိမိတ်ဖြစ်၏။

၁၂။ ကိုယ်အနံ့အား ကြွက်ခဲလျှင် ဥစ္စာပစ္စည်းများရမည့် နိမိတ်ဖြစ်၏။

၁၃။ ကြွက်သံတစီစီကြားနေရလျှင် မကောင်းသတင်းများ ကြားရတော့မည့် နိမိတ်ဖြစ်၏။

## ဘဲနှင့်ဆိုင်သော နိမိတ်များ

၁။ ရှေ့မှ ဘဲအုပ်ဖြတ်သွားပါလျှင် အစားကောင်းများ စားရတော့မည့် မိတ်ဆွေကောင်းများနှင့် တွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၂။ ခြေကြားမှ ဘဲဖြတ်သွားပါလျှင် ဆရာကောင်းနှင့် တွေ့ကြုံရတော့မည့် နိမိတ်ဖြစ်၏။

၃။ အနောက်ဘက်ဆီမှ ဘဲလိုက်လာပါက ဆောင်ရွက်နေသည့် ကိစ္စများ အောင်မြင်တော့မည့် နိမိတ်ဖြစ်၏။

၄။ သွားရင်းလာရင်းမှ ဘဲအသေကို တွေ့မြင်ရပါလျှင် ငွေကြေးများ ရလာတော့မည့် နိမိတ်ဖြစ်၏။

၅။ သွားရင်းလာရင်းမှ ဘဲသတ်နေသည်ကို တွေ့မြင်ရပါလျှင် ငွေကြေး အလိမ်ခံရတော့မည့် နိမိတ်ဖြစ်၏။

၆။ ဘဲအော်သံအား အဝေးဆီမှ ကြားလိုက်ရလျှင် ရပ်ဝေးမှ သတင်းဆိုးများ ကြားရတော့မည့် နိမိတ်ဖြစ်၏။

၇။ ဘဲကလေးများ ရေကူးနေသည်ကို တွေ့မြင်ရလျှင် သွားလိုရာခရီးလမ်း ဖြောင့်ဖြူးမည့်နိမိတ်ဖြစ်၏။

၈။ ဘဲကလေးများ ရေငုပ်နေသည်ကို တွေ့မြင်ရလျှင် သွားလိုရာခရီးလမ်း ကြန့်ကြာလိမ့်မည့် နိမိတ်ဖြစ်၏။

၉။ မမျှော်လင့်ပါဘဲ ဘဲသားဟင်းစားရပါလျှင် စီစဉ်ထားရှိမှုများ အစစအရာရာ အဆင်ပြေမည့် နိမိတ်ဖြစ်၏။

## မပြီးသေးတဲ့ ပျားစွဲနိမိတ်

၁။ ပျားသည် အိမ်အမိုး၊ ခေါင်၊ ထုပ်၊ လှေကား၊ အမြင့်၊ နံရံတို့၌ စွဲခဲ့ပါလျှင် မကောင်းသော နိမိတ်ဟု မှတ်ယူရပါမည်။

၂။ အိပ်ရာအောက်၊ သင်ဖြူးဖျာအောက်၊ ထမင်းအိုးတို့၌ ပျားစွဲခဲ့ပါလျှင် ကောင်းသောနိမိတ်ဖြစ်ပါ၏။

၃။ အိမ်အရှေ့၌ ပျားစွဲလျှင် သေကြေပျက်စီးတတ်သော နိမိတ်ဖြစ်၏။

၄။ အိမ်အနောက်တောင်၌ ပျားစွဲလျှင် သူခိုးခိုးခံရမည့် နိမိတ်ဖြစ်၏။

၅။ အိမ်အရှေ့တောင်၌ ပျားစွဲလျှင် မီးလောင်ခံရမည့် နိမိတ်ဖြစ်၏။

၆။ အဝတ်ပုဆိုးတို့၌ ပျားစွဲလျှင် ကြွယ်ဝမည့် နိမိတ်ဖြစ်၏။

၇။ ရေအိုး၌ ပျားစွဲပါမူ သူဌေးဖြစ်မည့် နိမိတ်ဖြစ်၏။

## ထပ်လာပြန်ပေါ့ ကြောင်နိမိတ်

၁။ မွန်းတည့်ချိန်၌ ကြောင်အော်လျှင် အိမ်ရှင်နေမကောင်းဖြစ်မည့် နိမိတ်တည်း။

၂။ မွန်းလွဲချိန်၌ ကြောင်အော်လျှင် အိမ်ရှင်ငွေဝင်မည့် နိမိတ်ဖြစ်၏။

၃။ နေဝင်ချိန် ကြောင်အော်လျှင် အိမ်ရှင်ဘေးသင့်မည့် နိမိတ်ဖြစ်၏။

၄။ သန်းခေါင်ချိန် ကြောင်အော်လျှင် အိမ်ရှင်မ ဘေးသင့်မည့် နိမိတ်ဖြစ်၏။

၅။ မိုးသောက်ချိန် ကြောင်အော်လျှင် အိမ်ရှင်၏ လက်အောက်ငယ်သားများက အိမ်ရှင်အား ဒုက္ခပေးမည့် နိမိတ်ဖြစ်၏။

၆။ နေထွက်ချိန် ကြောင်အော်ပါက ဥစ္စာပစ္စည်းများ အခိုးခံရမည့် နိမိတ်ဖြစ်၏။

၇။ အိမ်တွင်း ကြောင်အချင်းချင်း အော်မြည်ကိုက်ခဲ သတ်ပုတ်လျှင် အိမ်ရှင်၏ပစ္စည်းများ အခိုးခံရမည့် နိမိတ်ဖြစ်၏။

၈။ ကြောင်မကြီးမှ ကြောင်ကလေးများ မွေးသည့်အခါ တောင်းထဲ၊ ပုပ်ထဲ၌ မွေးလျှင် တောင်းပြည့်၊ ပုပ်ပြည့် အစားအစာရမည့် နိမိတ်ဖြစ်၏။

၉။ အဝတ်ကြားထဲ မွေးလျှင် အဝတ်အစားမျိုးစုံရမည့် နိမိတ်ဖြစ်၏။

၁၀။ အခြားအိမ်မှကြောင်မ၊ မိမိအိမ်သို့ လာရောက်မွေးလျှင် စီးပွားလာဘ်လာဘများကောင်းမည့် နိမိတ်ဖြစ်၏။

၁၁။ ကြောင်မသည် တစ်နေရာ၌ ကြောင်ကလေးများ မွေးဖွား ခဲ့ပြီး မိမိအိမ်၌ မိသားစုအလိုက်လာနေလျှင် စီးပွားဥစ္စာ တိုးတက်တော့မည့် နိမိတ်ဖြစ်၏။

၁၂။ ခြေ၊ လက် အားလုံး အဖြူ၊ အမြီး၊ ဒူး၊ နှာရောင်တိုသည့် ကြောင်ကိုမွေးပါလျှင် စီးပွားတိုးတက်မည့် နိမိတ်ဖြစ်၏။

၁၃။ မိမိမွေးထားသောကြောင်သည် နေအိမ်မှ ထွက်သွားပါက ပျောက်သွားပါက ပြောင်းရွှေ့သွားပါက စီးပွားလာဘ်လာဘ များ ကျဆင်းတော့မည့် နိမိတ်ဖြစ်၏။

## အိမ်မြှောင်နှင့်ဆိုင်သော နိမိတ်များ

၁။ အိမ်မြှောင်သည် အမြင့်တစ်နေရာမှ ပြုတ်ကျပြီး လူ၏ လက်ဝဲဘက်က ကိုယ်ပေါ်သို့တက်လျှင် မကောင်းသော နိမိတ်ဖြစ်၏။

၂။ အိမ်မြှောင်သည် ဖဝါးအောက်မှ ခြေဖမိုးပေါ်သို့တက်ပါက အလုပ်အကျွေးများ ရရှိမည့် နိမိတ်ဖြစ်၏။

၃။ အိမ်မြှောက်သည် လက်ဝဲဒူးပေါ်သို့ တက်လာပါက အလုပ် အကျွေးများ ရရှိမည့် နိမိတ်ပင်ဖြစ်၏။

၄။ အိမ်မြှောင်သည် ရင်ဘတ်သို့တက်လာပါက ဥစ္စာပစ္စည်းကို သာမက အဆွေခင်ပွန်းကောင်းကိုပါ ရရှိမည့်နိမိတ်ဖြစ်၏။

၅။ အိမ်မြှောင်သည် လည်ပင်းပေါ်သို့ တက်လာပါက ရတနာ ရွှေငွေများ ရရှိမည့် နိမိတ်ဖြစ်၏။

၆။ အိမ်မြှောင်သည် နဖူးပေါ်တက်လာပါက အသက်ရှည်၍ သူတစ်ပါး၏ ပူဇော်မှုကို ခံယူရမည့် နိမိတ်ဖြစ်၏။

၇။ အိမ်မြှောင်သည် ကျောကုန်းပေါ်သို့တက်လာပါက သူကြွယ် တို့၏ ပူဇော်ခြင်းကို ခံယူရမည့် နိမိတ်ဖြစ်၏။

၈။ အိမ်မြှောင်သည် ပခုံးပေါ်သို့ ရောက်လာပါက ရွှေငွေ၊ အဝတ်တန်ဆာများ ရရှိလာမည့် နိမိတ်ဖြစ်၏။

၉။ အိမ်မြှောင်သည် လည်ကုပ်ပေါ်သို့ ရောက်လာပါက အဝတ် တန်ဆာများ ရရှိမည့် နိမိတ်ဖြစ်၏။

၁၀။ အိမ်မြှောင်သည် ပါးပေါ်သို့လည်းကောင်း နားပေါ်သို့လည်း ကောင်း၊ ပေါင်ပေါ်သို့လည်းကောင်း ကျရောက်ခဲ့လျှင် အိမ်ထောင်ဘက်နှင့် ကွဲတတ်သည့် နိမိတ်ဖြစ်၏။

၁၁။ အိမ်မြှောင်သည် လက်ပေါ်သို့ ကျရောက်လာခဲ့ပါက အနှောင်အဖွဲ့ခံရမည့် နိမိတ်ဖြစ်၏။

၁၂။ အိမ်မြှောင်သည် ကျောကုန်းပေါ်သို့ ကျရောက်ခဲ့ပါက ရောဂါကြီးတစ်ခုခု စွဲကပ်တော့မည့် နိမိတ်ဖြစ်၏။

## ငှက်တော်ကလည်း နိမိတ်နှင့်

ငှက်တော်ဆိုသည်မှာ လူတို့ကို အကူအညီပေးသော မိတ်ဆွေငှက်စာရင်း၌ အပါအဝင်ဖြစ်၏။ ကျေးလက်တောရွာ များ၌ ငှက်တော်ကို တွေ့နိုင်၏။ ၎င်းငှက်တော်တို့သည် လယ်ယာလုပ်ငန်းခွင်၌ ကျွဲနွားတို့၏ ခန္ဓာကိုယ်ပေါ်၌ နားကာ

ကျွဲနွားတို့ကို ဒုက္ခပေးမည့် ပိုးကောင်တို့အား ဖယ်ရှားပေးကြကုန်၏။ ငှက်တော်နှင့်ပတ်သက်၍ ဆရာ၊ ဆရာတို့ နိမိတ်ဖတ်ခဲ့သည်မှာလည်း မှတ်သားစရာပါပေ။

၁။ ငှက်တော်သည် အိမ်ထဲသို့ ဝင်ရောက်လာပါက အမှုလုပ်ကျေးကျွန်များ ရရှိမည့်နိမိတ်ဖြစ်၏။

၂။ ငှက်တော်သည် နေလွဲမှ အိမ်တွင်းသို့ဝင်လာပါမူ ဥစ္စာပစ္စည်းများ ရရှိမည့် နိမိတ်ဖြစ်၏။

၃။ ငှက်တော်သည် သူငယ်အိပ်ဆိတ်ချိန် အိမ်တွင်းသို့ဝင်လာမူ မကောင်းပါ။ မီးလောင်မည့် နိမိတ်ဖြစ်ပါ၏။

၄။ ငှက်တော်သည် သန်းခေါင်ယံအချိန်၌ အိမ်တွင်းသို့ဝင်လာပါမူ လာဘ်လာဘများ ရရှိမည့် နိမိတ်ဖြစ်ပါသည်။

၅။ ငှက်တော်သည် ကြက်ဦးတွန်ချိန်ရောက်ခါမှ အိမ်တွင်းသို့ ဝင်လာပါမူ ချစ်သူနှင့် ကွေကွင်းရမည့် နိမိတ်ဖြစ်၏။

## ချေဆိုတာလည်း နိမိတ်နှင့်

၁။ အရှေ့အရပ်ဆီမှ ချေဟောက်သံကြားလျှင် ရန်သူမျိုးငါးပါးနှင့် တွေ့တော့မည့် နိမိတ်ဖြစ်၏။

၂။ အနောက်အရပ်ဆီမှ ချေဟောက်သံကြားလျှင် သတင်းကောင်းတစ်ခု ကြားရတော့မည့် နိမိတ်ဖြစ်၏။

၃။ လက်ဝဲဘက်မှ ချေဟောက်သံကြားလျှင် ဘေးတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၄။ ချေသည် အိမ်တွင်းသို့လည်းကောင်း အိမ်ပေါ်သို့လည်းကောင်း ဝင်ထွက်လာပါက ရန်သူနှင့်ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်ချေ၏။

## အခန်းဆက် ကြွက်နိမိတ်

၁။ ခြေဖမိုးပေါ် ကြွက်လျှောက်သွားပါက ကြွယ်ဝတော့မည့် နိမိတ်ဖြစ်၏။

၂။ ဒူးခေါင်းပေါ် ကြွက်လျှောက်သွားပါက အခိုင်းအစေရတော့မည့် နိမိတ်ဖြစ်၏။

၃။ ပုဆစ်ပေါ် ကြွက်လျှောက်သွားပါက အပူဇော်ခံရမည့် နိမိတ်ဖြစ်၏။

၄။ ပေါင်ပေါ်သို့ ကြွက်လျှောက်သွားပါက ဥစ္စာရမည့် နိမိတ်ဖြစ်၏။

၅။ ချက်ပေါ်သို့ ကြွက်လျှောက်သွားပါက အဝတ်အစားရမည့် နိမိတ်ဖြစ်၏။

၆။ ဝမ်းဗိုက်ပေါ်သို့ ကြွက်လျှောက်သွားပါက ဥစ္စာရမည့်နိမိတ်ဖြစ်၏။

၇။ သားမြတ်ပေါ်သို့ ကြွက်လျှောက်သွားပါက သမီးကညာရမည့် နိမိတ်ဖြစ်၏။

၈။ ရင်ဘတ်နှင့် လည်ပင်းပေါ် ကြွက်လျှောက်သွားပါက အောင်မြင်မှုရမည့် နိမိတ်ဖြစ်၏။

၉။ ဦးခေါင်းပေါ် ကြွက်လျှောက်သွားပါက ငွေဝင်မည့်နိမိတ် ဖြစ်၏။

## မြင်းမှာလည်း နိမိတ်ရှိသည်

၁။ မြင်းပြေးနေသည်ကို မြင်ရပါက ရပ်ဝေးမှ အရေးတကြီး သံကြိုးစာ ရောက်လာတော့မည့် နိမိတ်ဖြစ်၏။

၂။ မြင်းဟီသံကို ဆက်တိုက်ကြားရပါက အမှုကိစ္စများ အနိုင်ရမည်၊ ခရီးယာယီထွက်ရမည့် နိမိတ်ဖြစ်၏။

၃။ မြင်းတစ်ကောင်အား အခြားသောမြင်းတစ်ကောင်က အတင်းကာရော ပြေးလိုက်နေသည်ကို မြင်ရပါက မိန်းမ၏ အနှောင့်အယှက် စွပ်စွဲခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

၄။ မြင်းသေကို မြင်ရပါက အိမ်ထောင်ဘက် ဖျားနာတော့မည့် နိမိတ်ဖြစ်၏။

၅။ မြင်းများ ရှေ့မှအုပ်စုလိုက် ဖြတ်ပြေးသွားပါက အမွေရမည်။ ပညာကောင်းရမည့် နိမိတ်ဖြစ်၏။

## လင်းတနှင့်ဆိုင်သော နိမိတ်များ

လင်းတဆိုသောငှက်သည် အပုပ်အစပ်စားသော သတ္တဝါဖြစ်၏။ လူသေကောင်များ မြှုပ်နှံရာ သုသာန်၊ သချိုင်းကုန်းတို့၌ ကျက်စားလေ့ရှိ၏။ ဦးခေါင်းနှင့် လည်တစ်လျှောက်၊ အမွေးအမျှင်များ ကင်းမဲ့သဖြင့် အကျည်းတန်လွန်းသောငှက်ဟု ဆိုကြ

သည်။ ထို့ပြင် အသေကောင်များရှိရာသို့ အခြားအခြားသော ငှက်များက သတင်းပေးမှ သွားရောက်စားသောက်သဖြင့် 'ငှက်ဘုန်းကြီး'ဟုလည်း ဆိုကြပြန်သည်။ အဆိုပါလင်းတနှင့် ပတ်သက်၍ နိမိတ်ဆိုင်ရာကလေးများကို တင်ပြပါဦးမည်။

၁။ လင်းတသည် အရှေ့အရပ်သို့ မျက်နှာမူ၍ နားပြီဆိုလျှင် အိမ်ရှင် ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၂။ လင်းတသည် အရှေ့တောင်အရပ်သို့ မျက်နှာမူ၍ နားပြီဆိုလျှင် ရန်သူတို့ ဘေးသင့်တော့မည့် နိမိတ်ဖြစ်၏။

၃။ လင်းတသည် တောင်အရပ်သို့ မျက်နှာမူ၍နားလျှင် အိမ်ရှင် ဒုက္ခတွေ့မည့် နိမိတ်ဖြစ်၏။

၄။ လင်းတသည် အနောက်အရပ်သို့ မျက်နှာမူ၍ နားပြီဆိုလျှင် အခိုင်းအစေရမည့်၊ ဥစ္စာပစ္စည်းများဝင်လာမည့် နိမိတ်ဖြစ်၏။

၅။ လင်းတသည် မြောက်အရပ်သို့ မျက်နှာမူ၍နားလျှင် လာဘ်ရမည့် နိမိတ်ဖြစ်၏။

၆။ လင်းတသည် အရှေ့မြောက်အရပ်သို့ မျက်နှာမူ၍နားလျှင် အကြီးအကဲများ၏ ဂုဏ်ပြုချီးမြှင့် မြှောက်စားခြင်းကို ခံရမည့် နိမိတ်ဖြစ်၏။

၇။ လင်းတသည် အနောက်မြောက်အရပ်သို့ မျက်နှာမူ၍နားလျှင် ဥစ္စာပစ္စည်းများ ရရှိမည့် နိမိတ်ဖြစ်၏။

၈။ လင်းတသည် အရှေ့အရပ်မှ ခေါင်းပြုလျှင် အကြီးအကဲများ၏ မစမှုခံရမည့်၊ ဥစ္စာပစ္စည်းများ ရရှိမည့်နိမိတ်ဖြစ်၏။

၉။ လင်းတသည် တောင်အရပ်မှ ခေါင်းပြုလျှင် အဖျားအနာအသေပျောက်ရှိမည့် နိမိတ်ဖြစ်၏။

၁၀။ လင်းတသည် အနောက်တောင်အရပ်မှ ခေါင်းပြုလျှင် ရန်ဘယာများ ကင်းပျောက်မည့်၊ သူခိုးခိုးခံရမည့် နိမိတ်ဖြစ်၏။

၁၁။ လင်းတသည် အနောက်မြောက်အရပ်မှ ခေါင်းပြုလျှင် ခိုက်ရန်ဖြစ်ပွားမည့် နိမိတ်ဖြစ်၏။

၁၂။ လင်းတသည် အနောက်အရပ်မှ ခေါင်းပြုလျှင် ရွှေ၊ ငွေများဝင်လာမည့် နိမိတ်ဖြစ်၏။

၁၃။ လင်းတသည် မြောက်အရပ်မှ ခေါင်းပြုလျှင် အစေအပါးရရှိမည့် နိမိတ်ဖြစ်၏။

၁၄။ လင်းတသည် တောင်အရပ်မှ ခေါင်းပြုလျှင် ပူဇော်ချီးမြှောက်မည့်သူ ရောက်ရှိလာတော့မည့် နိမိတ်ဖြစ်၏။

၁၅။ လင်းတသည် အစာ (သို့မဟုတ်) တစ်စုံတစ်ခုကိုချီပြီး အိမ်တွင်းသို့ ဝင်လာခဲ့ပါမူ သူဌေးဖြစ်တော့မည့် နိမိတ်ဖြစ်၏။

## ကြွက်နှင့်ဆိုင်သော နိမိတ်များ

၁။ လမ်းသွားနေတုန်း ကြွက်တွန်သံကြားရပါက လိုရာကိစ္စ မှန်သမျှ အောင်မြင်ပြီးမြောက်တော့မည့် နိမိတ်ဖြစ်၏။

၂။ ရှေ့က ကြွက်ငယ်ကလေးကို ကြွက်ကြီးက လိုက်လံထိုး ဆိတ်နေသည်ကို တွေ့မြင်ရလျှင် အထက်လူကြီး၏ ငြိုငြင်မှုအား ခံရတော့မည့် နိမိတ်ဖြစ်၏။

၃။ အရှေ့ဘက်မှ ကြွက်မ ဖြတ်ပြေးသည်ကိုမြင်ပါက မိန်းမ (သို့မဟုတ်) ရည်းစားနှင့် ခွဲခွာရတော့မည့် နိမိတ်ဖြစ်၏။

၄။ ကြွက်သားအုပ်မ ပြေးလာသည်ကိုမြင်ရလျှင် ပစ္စည်းဥစ္စာ ရတနာများ အစုလိုက်အပြုံလိုက် ဝင်လာတော့မည့် နိမိတ်ဖြစ်၏။

၅။ အနောက်ဘက်ဆီမှ ကြွက်တွန်သံကိုကြားရပါက ရည်မှန်းချက်များ သဲထဲရေသွန်ဖြစ်မည့် နိမိတ်ဖြစ်၏။

၆။ ရှေ့က ကြွက်ဖနှစ်ကောင်၊ တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီး ခွပ်နေသည်ကို တွေ့မြင်ရလျှင် ရန်ဖြစ်မည့်၊ အမှုနိုင်တော့မည့် နိမိတ်ဖြစ်၏။

၇။ ကြွက်အသေအား လောက်များတဖွေးဖွေး တက်နေသည်ကို မြင်ရလျှင် ရွှေငွေဥစ္စာတစ်ခုခု ကောက်ရတော့မည့် နိမိတ်ဖြစ်၏။

၈။ ကြွက်မနှစ်ကောင် ခွပ်နေသည်ကိုမြင်ရလျှင် မျှော်လင့်မထားပါဘဲနှင့် ရန်ပြုခြင်းခံရမည့် နိမိတ်ဖြစ်၏။

## ခွေးနှင့်ဆိုင်သော နိမိတ်များ

၁။ ခွေး ဖင်တရွတ်ဆွဲနေသည်ကို မြင်ရပါက (ခွေးဖင်သီပါက) မိတ်ဆွေဟောင်း ရောက်လာမည့် နိမိတ်ဖြစ်၏။

၂။ ခွေးနှစ်ကောင် ကိုက်ခဲသတ်ပုတ်နေသည်ကို မြင်ရပါက အမှုအခင်း ကျရောက်လာမည့် နိမိတ်ဖြစ်၏။

၃။ လမ်းသွားနေစဉ် ခွေးအလိုက်ခံရပါက တပည့်တပန်းများ၊ လက်အောက်ငယ်သားများ၏ ကျေးဇူးကန်းခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

၄။ ခွေးသားပေါက်ကလေးများကို ခွေးမိခင်ကြီးက ကိုက်ချီသယ်မနေသည်ကို တွေ့မြင်ရပါလျှင် ဂုဏ်သရေရှိသူတစ်ဦးတစ်ယောက်ယောက်မှ မ,စတော့မည့် နိမိတ်ဖြစ်၏။

၅။ ခွေးကိုက်ခြင်းခံရပါက မမျှော်လင့်ပါဘဲနှင့် လက်အောက်ငယ်သားများ၏ စွပ်စွဲပြောဆိုခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

၆။ ခပ်ဝေးဝေးဆီမှ ခွေးအူသံကို ကြားရပါက မကောင်းပြောဆိုမှုခံရခြင်း၊ တရားစွဲဆိုခံရခြင်းတို့နှင့် ကြုံမည့်နိမိတ်ဖြစ်၏။

၇။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ၍ ခြေသည်းလက်သည်းတို့မည်းနေသည့်ခွေး၊ တစ်ကိုယ်လုံးနီပြီး ခြေလေးဘက်၊ အမြီး, နှာတံတို့ဖြူကာ ခြေသည်းလက်သည်း စုစုပေါင်း (၂၀) ရှိနေသည့် ခွေး၊ နားရွက်ရှည်ပြီး ပုတ်သင်အမြီး

ကဲ့သို့ အမြီးရှိခွေး၊ မျက်စိက ကြက်မောက်ပွင့်သဖွယ် နီရဲလျက် တစ်ကိုယ်လုံး ကြောင်ကြောင်ကျားကျားရှိသော ခွေး စသည့်ခွေးတို့ကို မွေးမြူပါက ခွေးရှင်အဖို့ သူဌေးဖြစ်မည့် နိမိတ်တည်း။

၈။ ပစ္စည်းထားသည့်နေရာ၊ စပါးထားသည့်နေရာ၊ စားသောက်စရာများထားသော နေရာ စသည်တို့၌ ခွေးသားပေါက်ပါက စီးပွားဥစ္စာများ ဖြစ်ထွန်းမည့်နိမိတ်တည်း။

၉။ လှေကားအောက်၌ ခွေးသားပေါက်ပါကလည်း စီးပွားဥစ္စာများ ဖြစ်ထွန်းမည့်နိမိတ်တည်း။

၁၀။ အိမ်အောက်တည့်တည့်၌ ခွေးသားပေါက်ပါက ငွေရမည့် နိမိတ်ဖြစ်၏။ (သို့သော် ကြာရှည်မရတတ်ပါ)

၁၁။ မီးဖိုချောင်၌ ခွေးသားပေါက်ပါက သားမယား၊ ရွှေငွေ ရတနာတို့ တိုးပွားမည့် နိမိတ်ဖြစ်၏။ ထို့အတူ မီးလောင်ခံရမည့် နိမိတ်လည်းဖြစ်၏။

၁၂။ အိမ်ဦးခန်း၌ ခွေးသားပေါက်ပါက အိမ်ရှင်ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၁၃။ အိမ်မ၏ အလယ်၊ သို့မဟုတ် အနောက်ဘက်၌ ခွေးသားပေါက်ပါက အိမ်ရှင်မ ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၁၄။ အိပ်ရာပေါ်၌ ခွေးသားပေါက်ပါက ခွေးရှင် ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၁၅။ အိမ်ခြေရင်း၌ ခွေးသားပေါက်ပါက သားသမီးများ ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၁၆။ ကြမ်းပြင်၌ ခွေးသားပေါက်ပါက လင်မယား ခွဲခွာရတော့မည့် နိမိတ်ဖြစ်၏။

၁၇။ ဥရုတိုင်၌ ခွေးသားပေါက်ပါက ခွေးရှင်ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၁၈။ အခါမဲ့မိတ်လိုက်ပြီး ခြံတွင်းဝင်ရောက်၍ ခွေးသားပေါက်ပါက အိမ်ရှင် ခိုက်တော့မည့်နိမိတ်ဖြစ်၏။

၁၉။ သားပေါက်သောခွေး၌ အထီးတစ်ကောင်၊ အမလေးကောင် ဖြစ်နေပါက ခွေးရှင် ထိခိုက်တော့မည့် နိမိတ်ဖြစ်၏။

၂၀။ အခါမဲ့မိတ်လိုက်၍ တစ်နှစ်တည်း၌ နှစ်ကြိမ်, သုံးကြိမ် ခွေးသားပေါက်ပါက ခွေးရှင် ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

## စာကလေးနှင့်ပတ်သက်သော နိမိတ်များ

၁။ သွားလာနေရင်း အရှေ့မှ စာကလေးတစ်အုပ် ဖြတ်ပျံသွားသည်ကို မြင်တွေ့ရပါက အကြီးအကဲ၏ ချီးမြှောက်ခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

၂။ စာကလေးတစ်ကောင် မြေလူးနေသည်၊ ဖုတ်လူးနေသည်ကို တွေ့မြင်ရပါက သားသမီးတစ်ဦးဦး ဝမ်းဗိုက်ပိုင်းဆိုင်ရာ ဝေဒနာခံစားရမည့် နိမိတ်ဖြစ်၏။

၃။ စာကလေးတစ်ကောင် အသိုက်ဆောက်လုပ်နေသည်ကို တွေ့မြင်ရပါက အိမ်ခြေများ တိုးချဲ့ရတော့မည့် နိမိတ်ဖြစ်၏။

၄။ စာကလေးတစ်အုပ် အစာလုကောက်နေသည်ကို တွေ့မြင်ရပါက စီးပွားဥစ္စာ ဆုံးရှုံးမည့်၊ အလုပ်အကိုင်များ လွဲချော်ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

## အပြီးမပိတ်သေးသည့် ကျီးနိမိတ်

၁။ ကျီးသည် ရှေ့မှောက်သို့ ရောက်ရှိလာပြီး သားစိမ်း၊ ငါးစိမ်းများ အန်ချပါက ဥစ္စာပစ္စည်းများ ရရှိတော့မည့် နိမိတ်ဖြစ်၏။

၂။ ကျီးသည် မြေကြီးများအန်ချပါက မြေလာဘ်ရမည့်နိမိတ်ဖြစ်၏။

၃။ ကျီးသည် ထန်းလျက်သော်လည်းကောင်း၊ ထန်းလျက်နှင့်ရောသည့် ထမင်းကိုသော်လည်းကောင်း အန်ပါက ဥစ္စာများရရှိတော့မည့် နိမိတ်ဖြစ်၏။

၄။ ကျီးသည် နို့ထမင်း၊ နို့ရည်၊ နို့စမ်း၊ ငါးတို့အန်ပါက မိန်းမဖြစ်သူအဖို့ လာဘ်လာဘရရှိမည့် နိမိတ်ဖြစ်၏။

၅။ ကျီးသည် ပိုးကောင်ကို အန်ပါက စပါးမျိုးလာဘ်ရမည့် နိမိတ်ဖြစ်၏။

၆။ ကျီးသည် သကာတို့ကို အန်ချပါက သားသမီး၊ မိန်းမ အဆွေခင်ပွန်းတို့ လာဘ်လာဘရရှိတော့မည့် နိမိတ်ဖြစ်၏။

၇။ ကျီးသည် မြေတို့ကိုချီယူလာပြီး ထိုမြေတို့ အိမ်တွင်းသို့ ကျပါက မြေလာဘ်ဝင်တော့မည့် နိမိတ်ဖြစ်၏။

၈။ ကျီးသည် အိမ်တွင်းသို့ဝင်လိုက် အိမ်ပြင်သို့ထွက်လိုက် လုပ်နေပါက ခရီးသွားနေသည့်သူ ပြန်ရောက်လာတော့မည့် နိမိတ်ဖြစ်၏။

၉။ ကျီးသည် မြေပြင်၌ ၎င်း၏ခြေဖြင့် အရေးအကြောင်းများ ခြစ်ပြနေသည်ကို တွေ့မြင်ရပါက အတတ်ပညာတစ်ခုခု ရရှိတော့မည့် နိမိတ်ဖြစ်၏

၁၀။ ကျီးသည် ဖုတ်၊ မြေ၊ စပါး၊ ပန်းတို့အား နှုတ်သီးအပြည့် သယ်ယူလာပြီး အသံပြုပါက လာဘ်လာဘဥစ္စာများရတော့မည့် နိမိတ်ဖြစ်၏။

၁၁။ ကျီးသည် ရောင်းချနေသော ပစ္စည်းတစ်ခုခုကို ကိုက်ချီသွားပါက ဆိုင်ရှင်အဖို့ ဘေးဖြစ်တော့မည့်၊ ရောဂါဝေဒနာ တစ်ခုခု တိုးပွားတော့မည့် နိမိတ်ဖြစ်၏။

၁၂။ ကျီးသည် သားငါးတို့ကို မမြင်ရဘဲ လင်းတတို့နှင့် လုံးထွေးကာ စစ်သည်တို့၏ အလယ်သို့ ဝင်ရောက်လာပါက မငြိမ်မသက်ဖြစ်တော့မည့် နိမိတ်ဖြစ်၏။

၁၃။ ကျီးသည် အတောင်နှစ်ဖက်ကို အောက်သို့ချပြီး ကောင်းကင်၌ လှည့်လည်မြည်တွန်နေပါက ဘေးအန္တရာယ်ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၁၄။ ကျီးများ ဒေါသတကြီးဖြင့် တစ်ကောင်အပေါ်တစ်ကောင် တက်နေသည်ကို တွေ့မြင်ရပါက အနာရောဂါကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၁၅။ ကျီးသည် တစ်ကိုယ်လုံး သွေးလူးကာ အိမ်ထံခါးဝ၌ မြည်နေပါက အိမ်ရှင်၏ ကလေး ဘေးဖြစ်တတ်သည့် နိမိတ်ဖြစ်၏။

၁၆။ ကျီးသည် ပကတိသဘောအားဖြင့်လည်းကောင်း၊ မြူးတူး၍ သော်လည်းကောင်း အတောင်နှစ်ဖက်ကိုလှုပ်ပြီး အသံမြည်ပါက မကောင်းကျိုးနှင့် ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်၏။

၁၇။ ကျီးသည် အသေကောင်အားလည်းကောင်း၊ မြက်ပင်တို့ကိုလည်း ယှူငင်လျက် မကောင်းသည့်အသံနှင့် မြည်နေပါမူ မီးဘေးအန္တရာယ် ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၁၈။ ကျီးသည် အိမ်ခေါင်မိုးထက်၌ ခြေနှင့်ရေးခြစ်နေပါက အိမ်ထောင်ရေး ဖောက်ပြန်နေသည်ကို သတိပေးနေသော နိမိတ်ဖြစ်၏။

၁၉။ ကျီးသည် အကြောင်းမဲ့သက်သက် စုရုံးကာ မြည်နေကြလျှင်သော်လည်းကောင်း ကျီးများ ပြိုဆင်းလာလျှင်သော်လည်းကောင်း မြို့ရွာများ ပျက်စီးတော့မည့် နိမိတ်ဖြစ်၏။

၂၀။ ကျီးများ အ–ကာလညအခါ၌ စုရုံးပြီး မြည်နေပါက မငြိမ်မသက်ဖြစ်တော့မည့် နိမိတ်ဖြစ်၏။

၂၁။ ကျီးများ ညဆည်းဆာအခါကာလ၌ အထက်ကောင်းကင်၌ မြည်သံပြုပါက ဘေးအန္တရာယ် ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

## ဇီးကွက်နှင့်ဆိုင်သော နိမိတ်များ

ဇီးကွက်ကို အချို့က မင်္ဂလာလာဘ်ကောင်အဖြစ် သဘောထားကာ အိမ်၌ ဇီးကွက်ရုပ်များ ဆောင်တတ်ကြ၏။ အရုပ်မှ တစ်ရုပ်တည်းမဟုတ်။ အဖို၊ အမ စုံတွဲနှစ်ရုပ်။ ကချို့ကျတော့လည်း ဇီးကွက်အား ညငှက်အဖြစ် သဘောပိုက်ကာ ငှက်ဆိုးဟူ၍ ယူဆကြသည်။ ဇီးကွက်ဝင်လာမှာကိုပင် လန့်နေကြ၏။ စင်စစ် ဇီးကွက်ဟူသည် လူနှင့် ခပ်ကင်းကင်းနေသော သတ္တဝါဖြစ်၏။ လူနှင့် နီးလာပါက ကံကြမ္မာအကောင်းထက် ကံကြမ္မာအဆိုးကများသည်ကို လေ့လာတွေ့ရှိရပါ၏။ သည့်အတွက် ဇီးကွက်နှင့်ဆိုင်သော နိမိတ်တို့အား လေ့လာရှာဖွေ တင်ပြလိုက်ပါ၏။

၁။ ဇီးကွက်သည် တစ်နေရာတည်း၌နားလျက် လေးညဆက်တိုက် အော်မြည်နေပါက ရပ်ရွာတုန်လှုပ်ချောက်ချားစေတတ်သည့် နိမိတ်ဖြစ်၏။

၂။ ညဥ့်အခါ အိမ်ရှေ့ဘက်ဆီမှ ဇီးကွက်အော်မြည်သံကြားရလျှင် မိသားစုထဲမှ တစ်ဦးဦး ဘေးဒုက္ခအန္တရာယ် ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၃။ အိမ်တစ်အိမ်၏ ရှေ့ဆီမှနေ သုံးရက်ဆက်တိုက် ဇီးကွက်၏ အော်မြည်သံကို ကြားရပါက သူခိုးခိုးခံရမည့်၊ စီးပွားပျက်မည့်၊ လုပ်ငန်းများထိခိုက်ဆုံးရှုံးမည့် နိမိတ်ဖြစ်၏။

၄။ ဇီးကွက်သည် သုံး၊ လေးရက်မျှမကဘဲ ခုနစ်ရက်ဆက်တိုက် အော်မြည်ပါမူ အိမ်နှင့် မိသားစုတို့ ဒုက္ခကျရောက်မည့် နိမိတ်ဖြစ်၏။

၅။ အရဏ်တက်ချိန်၌ ဇီးကွက်နှင့် အထိခံရလျှင် ကုသိုလ်ကံကောင်းမည့် နိမိတ်ဖြစ်၏။

၆။ ဇီးကွက်တစ်ကောင် အိမ်ပေါ်၌သေနေပါက အဦးဆုံးတွေ့မြင်ရသူအတွက် ဒုက္ခရောက်စေမည့် နိမိတ်ဖြစ်၏။

၇။ ညအခါ၌ လူနာ၏ခေါင်းရင်း၌ ဇီးကွက်လာရောက်နားပါက ကျန်းမာရေးကောင်းပြီး ရောဂါကင်းရှင်းမည့် နိမိတ်ဖြစ်၏။

၈။ ကိုယ်ဝန်ရှိသည့် အမျိုးသမီးကို ဇီးကွက်လာထိပါက သားယောကျ်ားလေးမွေးမည့် နိမိတ်ဖြစ်၏။ မထိဘဲ အနားသို့ ဇီးကွက်ရောက်လာလျှင်မူ သမီးမိန်းကလေးဖွားမြင်မည့် နိမိတ်ဖြစ်၏။

၉။ အိမ်တစ်အိမ်အိမ်၌ ဇီးကွက်သည် အသိုက်လာ၍လုပ်ပါက ထိုအိမ်အဖို့ လာဘ်ရွှင်စီးပွားတိုးတက်မည့် နိမိတ်ဖြစ်၏။

၁၀။ မီးဖိုချောင်အတွင်းသို့ ဇီးကွက်ဝင်လာပါက စားကောင်းသောက်ဖွယ်ရာများ စားရသောက်ရတော့မည့် နိမိတ်ဖြစ်၏။

၁၁။ ရေအိုးစင်၌ ဇီးကွက်လာနားခဲ့ပါက အိမ်ရှင်အဖို့ ရေနှင့်ဆက်စပ်ပတ်သက်သော လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရတော့မည့် နိမိတ်ဖြစ်၏။

၁၂။ လူပျို (သို့မဟုတ်) အပျိုတစ်ယောက်အဖို့ ဇီးကွက်နှင့်ထိတွေ့မိပါက ကာမစည်းစိမ်ကို ခံစားရမည့် နိမိတ်ဖြစ်၏။

၁၃။ အိပ်ပျော်နေသူတစ်ဦး၏ ခုတင်ပေါ်သို့ ဇီးကွက်လာနားပါက အချစ်ရေးကိစ္စ ပေါ်ပေါက်တော့မည့် နိမိတ်ဖြစ်၏။

၁၄။ တရားရုံး၌ တရားရင်ဆိုင်နေရစဉ် ဇီးကွက်လာနားပါက အမှုကိစ္စ ရှုံးတော့မည့် နိမိတ်ဖြစ်၏။

၁၅။ မွန်းတည့်အချိန်အခါ၌ ခေါင်းပေါ်သို့ ဇီးကွက်ကျလာပါက မုဆိုးဖို (ဝါ) မုဆိုးမဘဝသို့ ရောက်တော့မည့် နိမိတ်ဖြစ်၏။

၁၆။ လုပ်ငန်းခွင်သို့ သွားလျက်ရှိသော အလုပ်သမား၏ ဦးခေါင်းပေါ်သို့ ဇီးကွက်လာနားလျှင် မကြာခင် ထိုအလုပ်သမား၊ အလုပ်ပြုတ်တော့မည့် နိမိတ်ဖြစ်၏။

၁၇။ မောင်းနှင်ပြေးလွှားလျက်ရှိသည့် ယာဉ်ပေါ်သို့ ဇီးကွက်ပြုတ်ကျပါက ယာဉ်မောင်းအတွက် ပြင်းထန်စွာ ဒဏ်ရာရမည့်၊ ယာဉ်တိုက်မှုဖြစ်မည့် နိမိတ်ဖြစ်၏။

## ကိုယ်ပေါ်သို့ တိရစ္ဆာန်ကျသည့် နိမိတ်များ

ကြက်သော်လည်းကောင်း၊ အိမ်မြှောင်သော်လည်းကောင်း၊ ပင့်ကူသော်လည်းကောင်း၊ ပုတ်သင်ညိုသော်လည်းကောင်း၊ ကင်းလိပ်ရှောသော်လည်းကောင်း ခိုသော်လည်းကောင်း–

၁။ **မွန်းလွဲနေသည့်အချိန် အရှေ့သို့ ပြုတ်ကျလာပါက လာဘ်လာဘများ** ရရှိတော့မည့် နိမိတ်ဖြစ်၏။

၂။ **မွန်းလွဲနေသည့်အချိန်** အနောက်ဘက်သို့ ပြုတ်ကျပါက **သူခိုးခိုး**ခံရမည့် နိမိတ်ဖြစ်၏။

၃။ မွန်းလွဲနေသည့်အချိန် လက်ဝဲဘက်သို့ ပြုတ်ကျပါက ဘေးအန္တရာယ်တစ်ခုခု ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၄။ မွန်းလွဲနေသည့်အချိန် လက်ျာဘက်သို့ ပြုတ်ကျပါက အရသာရှိသော အစားအစာများ စားသောက်ရတော့မည့် နိမိတ်ဖြစ်၏။

၅။ မွန်းလွဲနေသည့်အချိန် လက်ရုံးထက်၊ ပခုံးထက်သို့ ပြုတ်ကျပါက မိသားစုနှင့် ကွေကွင်းရတော့မည့် နိမိတ်ဖြစ်၏။

## သတ္တဝါအချို့နှင့် မိုးကြီးမည့်နိမိတ်

၁။ သင်္ကြန်ကျသည့်နေ့၌ အိမ်ကြက်မှ ဦးစွာတွန်လျှင် မိုးဦးကောင်းမည့် နိမိတ်ဖြစ်၏။ တောကြက်မှ ဦးစွာတွန်မူ မိုးနှောင်းကောင်းမည့် နိမိတ်ဖြစ်ပြီး၊ အိမ်ကြက်ရော တောကြက်ပါ ပြိုင်တူတွန်ပါမူ မိုးလယ်ကောင်းမည့်နိမိတ်ဖြစ်၏။

၂။ ကျီးသိုက်၊ ငှက်သိုက်များ နိမ့်နိမ့်ကလေး လုပ်ထားပါလျှင် မိုးကြီးမည့် နိမိတ်ဖြစ်၏။

၃။ ဗီလုံးငှက်များ ကျင်း၌ ဥလျှင် မိုးကြီးမည့်နိမိတ်ဖြစ်၏။

၄။ လင်းဆွဲများ ပျံသန်းနေကြရာတွင် နေအိမ်အဆောက်အအုံများနှင့် ဝင်တိုက်မိပါက ရေကြီးမိုးကြီးတော့မည့် နိမိတ်ဖြစ်၏။

၅။ ပျားများ ပျားအုံမှမခွာဘဲ ငြိမ်သက်နေပါက မိုးကြီးတော့မည့် နိမိတ်ဖြစ်၏။

၆။ အတန်ငယ်မြင့်သော တောင်ကုန်းများထက်သို့ မြွေများ တွားသွားတက်ရောက်နေကြသည်ကို တွေ့မြင်ရလျှင် မိုးကြီးတော့မည့် နိမိတ်ဖြစ်၏။

၇။ ညနေခင်း၌ ကြက်တွန်သံများ အဆက်မပြတ်ကြားပါက မိုးကြီးတော့မည့် နိမိတ်ဖြစ်၏။

## ဆောင်အတိတ်နှင့် ကြောင်နိမိတ်

၁။ အနောက်ဘက်ဆီမှ ကြောင်တစ်ကောင် ကောက်ကောက်ပါအောင် လိုက်နေပါက လုပ်ငန်းတစ်ခုဆီမှ ငွေရတော့မည့် နိမိတ်ဖြစ်၏။

၂။ မျက်နှာ (သို့မဟုတ်) နားရွက်ကို ပွတ်သပ်နေသောကြောင်အား တွေ့မြင်ရပါက မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၃။ မျက်နှာကို သုံးကြိမ်တိတိ ပွတ်သပ်နေသောကြောင်ကို တွေ့မြင်ရပါက မျက်နှာမူရာအရပ်ဆီမှ ဧည့်သည်ရောက်လာမည့် နိမိတ်ဖြစ်၏။

၄။ ကြောင်သည် မီးဖိုအား ကျောပေး၍ အိပ်နေသည်ကို တွေ့မြင်ရပါက မကြာခင်ကာလအတွင်း မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၅။ ကြောင်နက်သုံးကောင်အား ဆက်တိုက်တွေ့မြင်ရပါက အကြီးအကျယ် ကံကောင်းတော့မည့် နိမိတ်ဖြစ်၏။

၆။ အိမ်တံခါးမအနီး၌ ကြောင်တစ်ကောင်ကို တွေ့မြင်ရပါက မိမိသိလိုသောကိစ္စကို စိတ်ကူးလိုက်ပါ။ ပြီးလျှင် ကြောင်ကို အသံပြု၍ ခေါ်လိုက်ပါ။ ကြောင်မှ ညာခြေလှမ်းကိုစလျှင် လုပ်ငန်းဖြစ်မြောက်မည့် နိမိတ်ဖြစ်၏။ ဘယ်ခြေစလှမ်းလျှင်မူ လုပ်ငန်းပျက်တော့မည့် နိမိတ်ဖြစ်၏။

၇။ ပရိဘောဂများပေါ်သို့ ကြောင်တစ်ကောင်တက်နေသည်ကို တွေ့မြင်ရလျှင် မကြာခင် မိုးရွာတော့မည့် နိမိတ်ဖြစ်၏။

၈။ အကြောင်းမရှိပါဘဲနှင့် ကြောင်တစ်ကောင် အိမ်မှထွက်ပြေးသွားပါလျှင် အိမ်တွင်းသောကတစ်ခုခုနှင့် ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်၏။

၉။ ကြောင်နက် အိမ်တွင်းသို့ဝင်လာပါက ကံကောင်းတော့မည့် နိမိတ်ဖြစ်၏။

၁၀။ အဖြူရောင်ကဲသော ကြောင်တစ်ကောင် ရှေ့မှဖြတ်သွားပါက နေထိုင်မကောင်းမှုနှင့် ကြုံရမည့် နိမိတ်ဖြစ်၏။
၁၁။ လှေကားအောက်၌ ကြောင်တစ်ကောင်ရှိနေစဉ် လှေကားပေါ်သို့ လူတက်လာပါက ထိုလူအဖို့ ကံဆိုးမိုးမှောင်ကျတော့မည့် နိမိတ်ဖြစ်၏။

## ငလျင်နိမိတ်ကို ကြိုသိသလော

၁။ အလှမွေးငါးကန်အတွင်းရှိ ငါးများ ဂဏှာမငြိမ်ဘဲ ဟိုကူးသည်ကပ် ဖြစ်နေပါက ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။
၂။ ဝက်များ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲကြပါက မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။
၃။ ကျီးငှက်များ ဝေါခနဲ လန့်ပြီးပြုကြပါက မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။
၄။ ရေ၌ပျော်ကြ၊ မြူးတူးကျက်စားကြသော စင်ရော်ငှက်တို့ ကုန်းပေါ်သို့ တက်လာခဲ့ကြလျှင် မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။
၅။ မြေပြင်မှ ဘဲငန်းများ ချုံပုပ်၊ သစ်ပင်တို့ပေါ်သို့ တက်နေပါက မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။

၆။ ပိုးပုရွက်ကောင်များ အသိုက်ပြောင်းသည်ကို တွေ့မြင်ရလျှင် မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။

၇။ တွင်းအောင်းသတ္တဝါများ အစုလိုက်အပြုံလိုက် ဦးတည်ရာမဲ့ ပြေးလွှားနေကြသည်ကို မြင်ရလျှင် ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။

၈။ အိမ်မွေးတိရစ္ဆာန်ဖြစ်သော ခွေးများ၊ ကြောင်များ နေအိမ်နှင့်ဝေးရာဆီသို့ ထွက်ခွာပြေးလွှားသွားကြလျှင် မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။

၉။ နေအိမ်၌ရှိသော ကြွက်များ နေအိမ်မှ ထွက်သွားကြမည်။ မြေတွင်းထဲရှိ ကြွက်များတွင်းထဲမှထွက်ခါ ယောက်ယက်ခတ်မျှ ပြေးလွှားနေကြသည်ကို တွေ့မြင်ရလျှင် မကြာခင်ကာလအတွင်း ငလျင်လှုပ်တော့မည့် နိမိတ်ဖြစ်၏။

## ဘယ်အချိန်မှာ ခွေးဟောင်သလဲ

ကိုက်တတ်သည်၊ မကိုက်တတ်သည် အသာထား။ ခွေးသည် ဟောင်တတ်သော တိရစ္ဆာန်ဖြစ်၏။ ခွေးဟောင်သည့်အချိန်အခါပေါ် အခြေပြု၍ တရုတ်ဗေဒင်ပညာက နိမိတ်များဖတ်ကြားခဲ့သည်။ ဗဟုသုတအဖြစ် လေ့လာသူများအတွက် တင်ပြရပါဦးမည်။

၁။ ည (၁၁) နာရီမှ (၁) နာရီအတွင်းဟောင်ပါက

- အိမ်ရှင်နှင့် အငြင်းအခုန်ဖြစ်ရမည့်၊ မပြေမလည်ဖြစ်ရမည့်၊ စိတ်ဆင်းရဲရမည့်နိမိတ်ဖြစ်၏။

၂။ ည (၁) နာရီမှ (၃) နာရီအတွင်း ဟောင်ပါက

- ပူပင်သောကရောက်ရမည့်၊ သံသယပွားဖွယ်ကိစ္စတွေပေါ် လာမည့် နိမိတ်ဖြစ်၏။

၃။ ည (၃) နာရီမှ (၅) နာရီအတွင်း ဟောင်ပါက

- ပစ္စည်းဥစ္စာများ ရရှိမည့်၊ အဝတ်အထည်ဟောင်းများရရှိ မည့် နိမိတ်ဖြစ်၏။

၄။ နံနက် (၅) နာရီမှ (၇) နာရီအတွင်း ဟောင်ပါက

- ငွေဝင်လာမည့်၊ လက်ဆောင်ပစ္စည်းများရရှိလာမည့်၊ အဝတ် အစားတွေရရှိလာမည့် နိမိတ်ဖြစ်၏။

၅။ နံနက် (၇) နာရီမှ (၉)နာရီအတွင်း ဟောင်ပါက

- စီးပွားဥစ္စာများ တိုးတက်တော့မည့် နိမိတ်ဖြစ်၏။

၆။ နံနက် (၉)နာရီမှ (၁၁) နာရီအတွင်း ဟောင်ပါက

- ဆွေမျိုးများ ရောက်ရှိလာကြမည့်၊ သတင်းစကားများ ကြားနာရမည့် နိမိတ်ဖြစ်၏။

၇။ နံနက် (၁၁) နာရီမှ မွန်းလွဲ (၁) နာရီအတွင်းဟောင်ပါက

- အစားကောင်းအသောက်ကောင်းများ စားသောက်ရတော့ မည့် နိမိတ်ဖြစ်၏။

၈။ မွန်းလွဲ (၁) နာရီမှ (၃)နာရီအတွင်း ဟောင်ပါက
- ဓနီးမယားဖြစ်သူ စိတ်ဖောက်ပြန်မည့်၊ ပစ္စည်းဥစ္စာတို့ ပျောက်ဆုံးပျက်စီးမည့် နိမိတ်ဖြစ်၏။

၉။ ညနေ (၃) နာရီမှ (၅) နာရီအတွင်း ဟောင်ပါက
- အိမ်သူအိမ်သားများ အချင်းချင်း ကတောက်ကဆဖြစ်ကာ စကားများမည့် နိမိတ်ဖြစ်၏။

၁၀။ ညနေ (၅) နာရီမှ ည (၇)နာရီအတွင်း ဟောင်ပါက
- အကြီးအကဲတို့နှင့် အကျွမ်းတဝင်ဖြစ်မည့် စီးပွားဥစ္စာတိုးတက်မည့် နိမိတ်ဖြစ်၏။

၁၁။ ည (၇) နာရီမှ (၉) နာရီအတွင်း ဟောင်ပါက
- နှုတ်နှင့် အငြင်းပွားမည့်၊ စကားများရန်ဖြစ်မည့်၊ ဘေးအန္တရာယ် ဒုက္ခတစ်ခုမဟုတ်တစ်ခုနှင့် ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၁၂။ ည (၉) နာရီမှ (၁၁) နာရီအတွင်း ဟောင်ပါက
- အမှုအခင်းဖြစ်မည့် မင်းပြစ်မင်းဒဏ်သင့်မည့် နိမိတ်ဖြစ်၏။

* * *

# အထွေထွေနိမိတ်များ

## ၁။ နှာချေတာလည်း နိမိတ်နဲ့ပဲ

လူတိုင်း နှာချေဖူးကြပါလိမ့်မည်။ အအေးမိ၍ဖြစ်စေ၊ အမှုန်အမွှား၊ အမွှေးအမျှင်များ နှာဝသို့ဝင်သည့်အခါ ယားယံလာပြီး 'ဟပ်ချိုး... ဟပ်ချိုး'ဟူသောအသံဖြင့် နှာချေတတ်ကြပါသည်။ သဘာဝတရားဖြစ်သော်ငြား အတိတ်နိမိတ်ကောက် ပညာရှင်များက နှာချေသည့်အချိန်၊ ချေသည့်အနေအထား ချေသည့်နေ့အပေါ်တွင် မူတည်လျက် ဖြစ်လာမည့် နိမိတ်တို့အား အောက်ပါအတိုင်း ရှင်းပြထားသည်ကို လေ့လာတွေ့ရှိရချေ၏။

**(၁) နံနက်စောစော နှာချေပါက**

- ကံကောင်းသော နိမိတ်ဖြစ်၏။ ဆုံးဖြတ်ချက်ချလျှင် မှန်ကန်၏။

**(၂) ညအချိန် နှာချေပါက**

- ကံမကောင်းပါ၊ စိတ်ညစ်စရာသတင်းစကား ကြားရမည့် နိမိတ်ဖြစ်၏။

(၃) သုံးကြိမ်ဆက်တိုက်နှာချေပါက
- ဆုံးဖြတ်ချက်ချလေတိုင်း မှားယွင်းမည့်နိမိတ်ဖြစ်၏။

(၄) နှာချေလိုသော်ငြား ချေမရဖြစ်နေပါက
- တစ်ယောက်ယောက် မိမိအပေါ် မေတ္တာရှိနေသည်ကို ဖွင့်ပြောရခက်နေသော နိမိတ်ဖြစ်၏။

(၅) စကားပြောနေစဉ် နှာချေပါက
- ချေသောသူ ပြောစကားမှန်သမျှ မှသားတွေသာဖြစ်သည် ဆိုသော နိမိတ်ဖြစ်၏။

(၆) တနင်္ဂနွေနေ့မှာ နှာချေလျှင်
- အေးအေးဆေးဆေး အခြေအနေဖြစ်၏။

(၇) တနင်္လာနေ့၌ နှာချေလျှင်
- အန္တရာယ်တွေ့ကြုံရလိမ့်မည့် နိမိတ်ဖြစ်၏။

(၈) အင်္ဂါနေ့၌ နှာချေလျှင်
- စိတ်ညစ်ရမည့် နိမိတ်ဖြစ်၏။

(၉) ဗုဒ္ဓဟူးနေ့နှာချေလျှင်
- အအေးမိသောကြောင့် ဖြစ်ပါ၏။

(၁၀) ကြာသပတေးနေ့၌ နှာချေလျှင်
- ယခင်ကထက် အခြေအနေပိုကောင်းလာပြီဆိုသော နိမိတ် ဖြစ်၏။

(၁၁) သောကြာနေ့၌ နှာချေလျှင်
- ဝမ်းနည်းကြေကွဲစရာများနှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

(၁၂) စနေနေ့၌ နှာချေလျှင်
- အချစ်စစ်နှင့် တွေ့ကြုံရမည့် နိမိတ်ဖြစ်၏။

## ၂။ လက်သည်းဘယ်မှာပွင့်သလဲ

လူတိုင်း လက်သည်းရှိကြသည်။ လက်ချောင်းကလေးများ၌ လက်သည်းခွံကလေးများသည် အစီအရီ။ ထိုလက်သည်းခွံ၌ အဖြူပွင့်ကလေးများတွေ့လျှင် လက်သည်းပွင့်သည်ဟုဆိုကြသည်။ ထိုရောအခါ၌ နိမိတ်ဖတ်ပညာရှင်တို့က ပွင့်သောလက်သည်းများအပေါ် အောက်ပါအတိုင်း နိမိတ်ကောက်ခဲ့ကြပါသည်။

(၁) လက်မ၌ လက်သည်းပွင့်လာလျှင်
- မိတ်ပျက်မည့် နိမိတ်ဖြစ်၏။

(၂) လက်ညှိုး၌ လက်သည်းပွင့်လာလျှင်
- အမျိုးအဆွေ မြင့်မြတ်သောသူ ဖြစ်လေ၏။

(၃) လက်ခလယ်၌ လက်သည်းပွင့်လျှင်
- အများတကာ၏ အပူဇော်ကို ခံရတတ်၏။

(၄) လက်သူကြွယ်၌ လက်သည်းပွင့်လျှင်
- ဥစ္စာပစ္စည်းများ ပြည့်ပြည့်စုံစုံ ကုံလုံကြွယ်ဝမည့် နိမိတ်ဖြစ်၏။

(၅) လက်သန်း၌ လက်သည်းပွင့်လျှင်

- ချစ်သူခင်သူပေါများကြောင့် နိမိတ်ဖြစ်လေ၏။

(ကိုင်း ကိုယ့်လက်သည်းလေးတွေကို ကိုယ် ကြည့်လိုက်ကြပါဦး)

## ၃။ မျက်နှာပူသည့်နိမိတ်

တရုတ်ဗေဒင်ပညာ၌ မျက်နှာပြင်၌ ပူပြင်းနေမှုအပေါ် အချိန်ကာလနှင့်ကိုက်ကာ နိမိတ်ဖတ်ကြားခဲ့၏။ အဆိုပါနိမိတ် အဟောကို လေ့လာကြည့်ပါဦး။

- ❒ ည (၁၁) နာရီမှ (၁) နာရီအတွင်း မျက်နှာပူလျှင်
  - မင်္ဂလာသတင်း ကြားရမည့်၊ ငွေဝင်မည့် နိမိတ်ဖြစ်၏။
- ❒ နံနက် (၁) နာရီမှ (၃) နာရီအတွင်း မျက်နှာပူလာလျှင်
  - စိတ်ရှုပ်ထွေးစေမည့်၊ ပူပင်သောကရောက်မည့်၊ ဘေးဖြစ်မည့် နိမိတ်ဖြစ်၏။
- ❒ နံနက် (၃) နာရီမှ (၅) နာရီအတွင်း မျက်နှာပူလာလျှင်
  - ရပ်ဝေးမှ ဧည့်သည်ရောက်လာမည့် နိမိတ်ဖြစ်၏။
- ❒ နံနက် (၅) နာရီမှ (၇) နာရီအတွင်း မျက်နှာပူလာလျှင်
  - စားကောင်းသောက်ဖွယ်ရာများ စားသောက်ရတော့မည့်၊ မိတ်ဆွေအပေါင်းအသင်းများ ရောက်ရှိလာတော့မည့် နိမိတ်ဖြစ်၏။

❒ နံနက် (၇) နာရီမှ (၉) နာရီအတွင်း မျက်နှာပူလာလျှင်

- ရပ်ဝေးမှ ဧည့်သည်များရောက်လာပြီး မင်္ဂလာသတင်းစကားများ ကြားရမည့် နိမိတ်ဖြစ်၏။

❒ နံနက် (၉) နာရီမှ (၁၁) နာရီအတွင်း မျက်နှာပူလာလျှင်

- အရေးတကြီးကိစ္စများ ပေါ်လာမည့်၊ မိတ်ဆွေနှင့်တွေ့ဆုံရလျက် အစစအရာရာ အဆင်ပြေစေမည့် နိမိတ်ဖြစ်၏။

❒ နံနက် (၁၁) နာရီမှ မွန်းလွဲ (၁) နာရီအတွင်း မျက်နှာပူလာလျှင်

- အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး စကားအစုံ ကြားရမည့်နိမိတ်ဖြစ်၏။

❒ မွန်းလွဲ (၁) နာရီမှ (၃) နာရီအတွင်း မျက်နှာပူလာလျှင်

- အငြင်းအခုန်ဖြစ်မည့်၊ အမှုဖြစ်မည့်၊ စကားများရန်ဖြစ်မည့်နိမိတ်ဖြစ်၏။

❒ ညနေ (၃) နာရီမှ (၅) နာရီအတွင် မျက်နှာပူလာလျှင်

- မြင့်မြတ်သည့် ပုဂ္ဂိုလ်များ ရောက်ရှိလာကြမည်။ ရောက်လာပြီးနောက် အကျိုးဖြစ်ထွန်းစေမည်ဆိုသည့် နိမိတ်ဖြစ်၏။

❒ ညနေ (၅) နာရီမှ ည (၇) နာရီအတွင်း မျက်နှာပူလာလျှင်

- ရပ်ဝေးမြေခြားမှ ဧည့်သည်များရောက်ရှိလာကြမည်၊ ရောက်ရှိလာပါက မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေမည့် နိမိတ်ဖြစ်၏။

□ **ည (၇) နာရီမှ ည (၉) နာရီအတွင်း မျက်နှာပူလာလျှင်**

- စားသောက်ဖွယ်ရာများ ရောက်ရှိလာည့်၊ ကိစ္စတစ်ခုခု ပေါ်ပေါက်လာမည့် နိမိတ်ဖြစ်၏။

□ **ည (၉) နာရီမှ (၁၁) နာရီအတွင်း မျက်နှာပူလာလျှင်**

- မင်းပြစ်မင်းဒဏ်သင့်မည့်၊ အငြင်းပွားပြီး ရန်ဖြစ်မည့် နိမိတ် ဖြစ်၏။

## ၄။ အဝတ်လျှောကျသည့် နိမိတ်

အဝတ်အစားများ တွဲကျလျှောသွားသည်နှင့် ပတ်သက်၍ ဟောကြားသော နိမိတ်ဖြစ်၏။ တရုတ်ဗေဒင်ပညာမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ လေ့လာကြည့်လိုက်ကြပါဦး။

**ည (၁၁) နာရီမှ (၁) နာရီအတွင်း အဝတ်အစားလျှောကျပါက**

- အမျိုးသားဖြစ်က စားကောင်းသောက်ဖွယ်ရာတွေ စားသောက်ရမည့် နိမိတ်ဖြစ်၏။
- အမျိုးသမီးဖြစ်က စေ့စပ်ရေး၊ လက်ထပ်ရေးကိစ္စများ ပေါ်ပေါက်မည့် နိမိတ်ဖြစ်၏။

**ည (၁) နာရီမှ (၃) နာရီအတွင်း အဝတ်အစား လျှောကျပါက**

- ပူပင်သောကနှင့် သံသယဖြစ်တတ်သော၊ ဥစ္စာပစ္စည်း ပျောက်ဆုံးတတ်သော၊ စီးပွားပျက်တတ်သော နိမိတ်ဖြစ်၏။

**နံနက် (၃) နာရီမှ (၅) နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- အတူနေ အနီးကပ်ဆုံး အရင်းနှီးဆုံးပုဂ္ဂိုလ်များနှင့် ပတ်သက်၍ စိတ်ညှိုးငယ်စေရမည့် နိမိတ်ဖြစ်၏။

**နံနက် (၅) နာရီမှ (၇) နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- မိတ်ကောင်းဆွေကောင်းများနှင့် ကြုံကြိုက်မည့်၊ စားကောင်းသောက်ဖွယ်ရာများကို စားသောက်ရမည့် နိမိတ်ဖြစ်၏။

**နံနက် (၇) နာရီမှ (၉) နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- စီးပွားပျက်မည့် နာဖျားမကျန်းဖြစ်မည့် နိမိတ်ဖြစ်၏။

**နံနက် (၉) နာရီမှ (၁၁)နာရီအတွင်းအဝတ်အစားလျှော်ကျပါက**

- ဇနီးသည် စိတ်ဖောက်ပြန်မည့် နိမိတ်ဖြစ်၏။

**နံနက် (၁၁) နာရီမှ မွန်းလွဲ (၁)နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- ရပ်ဝေးဒေသမှ မိတ်ဆွေရောက်လာမည်၊ ရောက်လာပါက စီးပွားဥစ္စာ တိုးတက်မည့်နိမိတ်ဖြစ်၏။

**မွန်းလွဲ (၁) နာရီမှ (၃) နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- ထိခိုက်ဒဏ်ရာရမည့်၊ သွေးထွက်သံယိုဖြစ်မည့် နိမိတ်ဖြစ်၏။

**ညနေ (၃) နာရီမှ (၅)နာရီအတွင်း အဝတ်အစား လျှော်ကျပါက**

- အပိုဝင်ငွေရရှိမည့်၊ သွားရေးလာရေး ဖြောင့်ဖြူးသာယာမည့် နိမိတ်ဖြစ်၏။

**ညနေ (၅) နာရီမှ ည (၇)နာရီအတွင်း အဝတ်အစား လျှော်ကျပါက**

- ဧည့်သည်ရောက်ရှိလာမည့်၊ စီးပွားဥစ္စာပျက်စီးမည့်၊ အမင်္ဂလာကိစ္စ ဖြစ်ပေါ်မည့် နိမိတ်ဖြစ်၏။

**ည (၇) နာရီမှ ည (၉)နာရီအတွင်း အဝတ်အစား လျှော်ကျပါက**

- အငြင်းအခုန်ဖြစ်ပွားရမည့်၊ ဝတ်ကောင်းစားလှ အဆင်တန်ဆာများ ရရှိမည့် နိမိတ်ဖြစ်၏။

**ည (၉) နာရီမှ (၁၁)နာရီအတွင်း အဝတ်အစားလျှော်ကျပါက**

- မင်းစိုးရာဇာတို့၏ ချီးမြှောက်ခြင်းကိုခံရမည့်၊ ငွေရမည့် နိမိတ်ဖြစ်၏။

## ၅။ မှန်ကွဲခြင်း၏ နိမိတ်များ

(၁) ကြည့်မှန်ကွဲနေပါက ကျန်းမာရေးကို သတိထားရတော့မည့် နိမိတ်ဖြစ်၏။

(၂) အလုပ်စားပွဲမှန် ကွဲနေပါက လူများ၏ အမှုဆင်ခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

(၃) အိမ်ရှေ့ရှိ အိမ်မကြီး မှန်ကွဲနေပါက ငွေကြေးကျပ်တည်းမည့် နိမိတ်ဖြစ်၏။

(၄) အိမ်ရှေ့ ပြတင်းမှန်ကွဲပါက လူမမာ အိမ်ပေါ်သို့ရောက်လာမည့် နိမိတ်ဖြစ်၏။

(၅) အိမ်ပေါ်ရှိ ပြတင်းပေါက်မှန်ကွဲပါက အိမ်တွင်းရေး အဆင်မပြေဖြစ်မည့် နိမိတ်ဖြစ်၏။

(၆) ကပ်မှန်မှ မှန်ကွဲလျှင် သားသမီး ကျန်းမာရေးချို့တဲ့မည့် နိမိတ်ဖြစ်၏။

(၇) နောက်ဖေးတံခါးမှန်ကွဲလျှင် အိမ်ရှင်မ၏ ကျန်းမာရေး ထိခိုက်မည့် နိမိတ်ဖြစ်၏။

(၈) ဘုရားကျောင်းဆောင်မှ မှန်ကွဲလျှင် အိမ်ကြီးရှင် ဆောဒုက္ခနှင့်ကြုံရမည့် နိမိတ်ဖြစ်၏။

(၉) ရေအိမ်ထဲရှိ မှန်ကွဲနေလျှင် ဝမ်းကိုက်ရောဂါဖြစ်တော့မည့် နိမိတ်ဖြစ်၏။

(၁၀) ဘီရိုမှန်ကွဲနေလျှင် ပစ္စည်းပျောက်ရှတော့မည့် နိမိတ်ဖြစ်၏။

## ၆။ ဗေဒင်ဆရာတို့ ကောက်ယူကြသည့် နိမိတ်များ

ဗေဒင်ဆရာတို့သည်လည်း ဗေဒင်လာမေးသူ၏ အပြုအမူ အနေအထားကိုကြည့်၍ နိမိတ်ကောက်ကာ ဟောချက်တွေထုတ်ကြ၏။ မှန်ကန်သော နိမိတ်ကောက်ချက်များဖြစ်သဖြင့် ဗဟုသုတအလို့ငှာ တင်ပြလိုက်ရပါ၏။

၁။ ကွမ်းလက်ဆောင်ပေး၍ အမေးရှိလာလျှင် မကြာခင် ခြေလေးချောင်းသတ္တဝါ ဝင်လာတော့မည့် နိမိတ်ဖြစ်၏။

၂။ ရယ်မောပြီး မေးလာပါက ရေကြောင်းခရီးသွားလျှင် အန္တရာယ်ရှိသော၊ အဆိပ်ရှိသတ္တဝါ အကိုက်ခံရမည့် နိမိတ်ဖြစ်၏။

၃။ ထန်းလျက်လက်ဆောင်ပေးပြီး မေးလာပါက ထိုသူသည် စနေသားဖြစ်၏။ အိမ်၌ ပျားစွဲမည့်၊ (စွဲခဲ့ပါက အခြား အိမ်၌ သုံးလေးရက်ပြောင်းနေသင့်၏။ မပြောင်းပါက ဘေးတွေ့မည့်) နိမိတ်ဖြစ်၏။

၄။ ဆေးလိပ်သောက်လျက်သား မေးလာပါက သောကြာသား တစ်ယောက် ခရီးဝေးက လာတော့မည့် နိမိတ်ဖြစ်၏။

၅။ ငှက်ပျောသီးလက်ဆောင်ပေးပြီး မေးလာပါက ပစ္စည်း ပျောက်မည်၊ ကြာသပတေးသားက သိမ်းထားမည့်၊ သုံး ရက်ကြာလျှင် ပြန်ရမည့်၊ မေးသူမှာ ဗုဒ္ဓဟူးသားဖြစ်မည့် နိမိတ်ဖြစ်၏။

၆။ ဒူးပေါ်လက်တင်ပြီး မေးလာပါက စနေသားနှင့် စကားများ တော့မည့်၊ တနင်္လာနှင့် စနေသားသမီးကြောင့် အရှက် တကွဲ ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

၇။ ဆံထုံး၌ ပန်းပန်ပြီး မေးလာပါက ခင်ပွန်းသည်ကြောင့် စိတ်ဆင်းရဲနေမည့် နိမိတ်ဖြစ်၏။

၈။ ဆံထုံး၌ ဘီးစိုက်ပြီး မေးလာပါက ယောက်ျားနှင့်ပတ် သက်၍ စိတ်ညစ်နေမည့် နိမိတ်ဖြစ်၏။

၉။ နားရွက်ကိုင်းပြီး မေးလာပါက စနေနှင့်ပတ်သက်၍ အနှောင့်အယှက်တွေ့မည့် အစွပ်စွဲခံရမည့် နိမိတ်ဖြစ်၏။
၁၀။ နဖူးကိုစမ်း၍ မေးလာပါက ရိုးရာနှင့်ပတ်သက်၍ အစွဲရှိနေသော နိမိတ်ဖြစ်၏။
၁၁။ မေးကိုထောက်ကို မေးလာပါက ခရီးသွားနေသောသူ၊ ခရီး၌ အမြင့်ပေါ်မှ ပြုတ်ကျတော့မည့် နိမိတ်ဖြစ်၏။
၁၂။ နှာခေါင်းကိုကိုင်ပြီး မေးလာပါက ခရီးသွားနေသူ စိတ်အကြီးအကျယ်ညစ်နေသည့် နိမိတ်ဖြစ်၏။
၁၃။ ပန်းကိုနမ်းပြီး မေးလာပါက စနေသားသမီးကို ချစ်ခင်မြတ်နိုးနေသည့်၊ မကြာခင် ကွဲကွာတော့မည့် နိမိတ်ဖြစ်၏။
၁၄။ နှာခေါင်းကိုပိတ်ပြီး မေးလာပါက မေးလာသူ၏အိမ်၌ လူမမာတစ်ယောက်ရှိနေသော နိမိတ်ဖြစ်၏။
၁၅။ ပါးစပ်ကို တစ်ခုခုနှင့်သုတ်ပြီး မေးလာခဲ့ပါက တစ်ယောက်နှင့်တစ်ယောက် အမှုအခင်းဖြစ်မည့်၊ စကားများမည့် နိမိတ်ဖြစ်၏။
၁၆။ နှုတ်ခမ်းကိုပိတ်ပြီး မေးလာပါက မေးလာသူသည် သူတစ်ပါးနှင့် စိတ်ဆိုးနေသည့်၊ ငွေကြေးအကုန်အကျများနေသည့် နိမိတ်ဖြစ်၏။
၁၇။ သွားကြားထိုးပြီး မေးလာပါက မေးသူ ယူထားသောပစ္စည်းသည် အစစ်မဟုတ်၊ ရောင်းမှားဝယ်မှား ဖြစ်နေသည့်နိမိတ်ဖြစ်၏။

၁၈။ ပန်းပန်ပြီးမေးလာပါက မေးသူသည် ရည်းစားနှင့်ကွဲနေသူ၊ မိဘနှစ်ပါးက သဘောမတူသူ၊ ရည်းစားသည် စနေသားဖြစ်မည့် နိမိတ်ဖြစ်၏။

၁၉။ မျက်စိကို ပွတ်သပ်၍ နပ်ညှစ်ပြီးမေးလာပါက မေးသူ၏ အိမ်၌ ဆယ်ရက်အတွင်း မိသားစုတစ်ဦး စိတ်ဆိုးလျက် အိမ်မှဆင်းသွားမည့် နိမိတ်ဖြစ်၏။

၂၀။ ခေါင်းငုံ့စောင်းပြီး လက်ထောက်မေးလာပါက မေးသူသည် ရာထူးတစ်ဆင့် နိမ့်ကျတော့မည့် နိမိတ်ဖြစ်၏။

၂၁။ ဆံမြိတ်ထုံးလျက် လှပစွာ ပြင်ဆင်ထားပြီး မေးလာပါက မေးသူသည် အိမ်ထောက်ဘက်များသည့် နိမိတ်ဖြစ်၏။

၂၂။ လှလှပပ ဆံမြိတ်တွဲနှင့် မေးလာပါက မေးလာသူသည် ယောက်ျားနှင့် ကွဲရုံမက မိခင်နှင့်ပါ ကွဲနေသည့်နိမိတ်ဖြစ်၏။

၂၃။ ဆံပင်အား ဖားလျားချပြီး မေးလာပါက မေးသူသည် စိတ်လေပြီး ဟိုဟိုဒီဒီ သွားလာချင်နေသော နိမိတ်ဖြစ်၏။

၂၄။ ဆံပင်ကို အလယ်ခွဲပြီး မေးလာပါက မေးသူသည် လူကြီး၏ နှိပ်စက်မှုကို ခံထားရသည့်၊ ာမှုအခင်းနှင့်လည်း ကြုံနေသည့် နိမိတ်ဖြစ်၏။

၂၅။ အိပ်ပြီးမေးပါက မေးသူသည် တနင်္ဂနွေ (သို့) စနေသားသမီး ဖြစ်နိုင်၏။ အိမ်ထောင်ပြုရတော့မည့်၊ ခရီးသွားချင်နေသည့် နိမိတ်ဖြစ်၏။

၂၆။ လက်နှစ်ဖက်ကို ယှက်၍ မေးလာပါက မေးသူသည် ငွေကြောင့်ဖြစ်စေ၊ သားသမီးကြောင့်ဖြစ်စေ အရှက်ကွဲတော့မည့် နိမိတ်ဖြစ်၏။

၂၇။ လက်ကိုဆွဲပြီး မေးလာပါက မေးလာသူသည် သူများစွပ်စွဲခြင်းကို ခံရမည့် နိမိတ်ဖြစ်၏။

၂၈။ ဆောင့်ကြောင့်ထိုင်ပြီး မေးလာပါက မေးသူသည် ကြာသပတေးသားဖြစ်၏။ မိန်းမဖြစ်က သူများယောကျ်ားနှင့် ရှုပ်မည့်သူဖြစ်၏။ ဗုဒ္ဓဟူးသားကို မရှောင်ပါက အဆိပ်ရှိသတ္တဝါ၏ ကိုက်ခဲခြင်းကို ခံရမည့် နိမိတ်ဖြစ်၏။

၂၉။ လက်ဝါး (သို့) မျက်နှာကို လက်ကိုင်ပဝါ (သို့) အဝတ်နှင့်သုတ်ပြီး မေးလာလျှင် မေးသူသည် မင်္ဂလာကိစ္စတစ်ခု လုပ်ရမည့်၊ ခြေနှစ်ချောင်းဝင်လာတော့မည့် နိမိတ်ဖြစ်၏။

၃၀။ လည်ပင်းကိုစမ်းပြီး မေးလာပါက မေးသူမှာ အိမ်ထောင်ပျက်တော့မည့်၊ ရည်းစားများမည့် နိမိတ်ဖြစ်၏။

၃၁။ ဆောင့်ကြောင့်ထိုင်လျက် ပါးကိုင်ပြီး မေးလာပါက ခရီးသွားရတော့မည့် နိမိတ်ဖြစ်၏။

၃၂။ ကျုံ့ကျုံ့ထိုင်လျက် ခြေထောက်ကိုကိုင်ကာ မေးလာပါက ခရီးသွားရာမှ ပြန်လာသော နိမိတ်ဖြစ်၏။

၃၃။ ထိုင်နေရာမှ နောက်ဆုတ်ထိုင်ကာ မေးလာပါက မေးသူသည် လူကြီးသူမကြောင့် စိတ်ဆင်းရဲနေရသည်။ အိမ်ပေါ်မှ မကြာခင် ဆင်းရမည့် နိမိတ်ဖြစ်၏။

၃၄။ မေးနေရင်းမှ ဟိုရွှေ့သည်ပြောင်း လုပ်နေပါက မေးသူသည် စိတ်ပြောင်းတတ်သော၊ လက်ရှိနေအိမ်၌ ပျော်ပိုက်ခြင်း ကင်းမဲ့သော နိမိတ်ဖြစ်၏။

၃၅။ တင်ပျဉ်ခွေ၍ မေးလာပါက မေးသူအဖို့ ခရီးသွား၍ မရ သေးသော နိမိတ်ဖြစ်၏။

၃၆။ တုတ်၊ ဓား၊ လက်နက် တစ်ခုခုကိုင်၍ မေးလာပါက အိမ်၌ လူမမာရှိနေသည့်၊ အိမ်ခဏ,ခဏပြောင်းရမည်၊ အိမ်အောက်၌ ခြတောင်ပို့ ရှိနေသည့် နိမိတ်ဖြစ်၏။

၃၇။ ဆံပင်ကိုဖြန့်ခင်းလျက် မေးလာပါက မကြာခင် အမှုအခင်း တစ်ခုခု ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

၃၈။ လက်ထိပ်ကိုဆိတ်လျက် မေးလာပါက မကြာခင် အဆိပ် ရှိသတ္တဝါ အကိုက်ခံရမည့် နိမိတ်ဖြစ်၏။

၃၉။ ရှိခိုးပြီး မေးလာပါက မေးသူ၏အိမ်၌ အိမ်သားများ တစ်ကျိပ်ကျော်ရှိသည့်၊ အိမ်ရှေ့၌ ဘုရား, စေတီ, ပုထိုး ရှိနေသည့် ကျန်းမာရေးညံ့နေသည့်၊ သူတစ်ပါးအတင်းပြော ခံရမည့် နိမိတ်ဖြစ်၏။

၄၀။ လက်မအား လက်ညှိုးဖြင့်ဆုပ်ပြီး မေးလာပါက မေးသူ၏ အိမ်ရှိကလေးငယ်ခမျာ သူငယ်နာရောဂါထခြင်းကို ခံစား နေရသည့် နိမိတ်ဖြစ်၏။

၄၁။ ဘယ်ဘက်ပေါင်ကိုစမ်းလျက် မေးလာပါက မေးသူထံ သူ့စိမ်းမိန်းမတစ်ယောက် ရောက်လာတော့မည့် နိမိတ်ဖြစ်၏။

၄၂။ ညာဘက်ပေါင်ကိုစမ်းပြီး မေးလာပါက မေးသူ၏အိမ်သို့ သူစိမ်းတစ်ယောက် ရောက်လာတော့မည့် နိမိတ်ဖြစ်၏။

၄၃။ ဘယ်ဘက်တင်ပါးကိုစမ်းပြီး မေးလာပါက မေးသူအဖို့ လွန်စွာ စန်းပွင့်နေသည့်၊ မကြာခင်ကာလအတွင်း အိမ်ထောင်ကျတော့မည့် နိမိတ်ဖြစ်၏။

၄၄။ ညာဘက်တင်ပါးကို စမ်းပြီးမေးလာပါက ယောကျ်ားဖြစ်သူ ပစ္စည်းပျောက်မည့်၊ မိန်းမဖြစ်မူ အိမ်ထောင်ကျမည့် နိမိတ်ဖြစ်၏။

၄၅။ ညာဘက်ဒူးကိုထောင်လျက်၊ ဘယ်ဘက်ဒူးကိုအောက်ချပြီး ဒူးပေါ်လက်တင်ကာ မေးလာပါက မေးသူသည် ကံကောင်းလာတော့မည့် နိမိတ်ဖြစ်၏။

၄၆။ လက်နောက်ပစ်ပြီးဖြစ်စေ၊ နောက်သို့လှည့်ပြီးဖြစ်စေ မေးလာပါက မေးသူသည် ကောင်းစားနေရာမှ တဖြည်းဖြည်း မွဲတေလာတော့မည့် နိမိတ်ဖြစ်၏။

၄၇။ ခြေထောက်ကို ခါတ်ပြီးမေးလာပါက မကြာမီ အဆိပ်ရှိသတ္တဝါ၏ ကိုက်ခဲခြင်းကို ခံရမည့်နိမိတ်ဖြစ်၏။

၄၈။ တတောင်ဆစ်ကို စမ်းပြီးမေးလာပါက ရန်ဖြစ်မှုနှင့် အမှုအခင်းကြုံတော့မည့် နိမိတ်ဖြစ်၏။

၄၉။ လက်နှစ်ဖက်ထပ်ပြီး မေးလာပါက မင်္ဂလာဆောင်ရတော့မည့် နိမိတ်ဖြစ်၏။

၅၀။ ခါးကိုနှိုက်ပြီး မေးလာပါက ရှိသည့်ပစ္စည်းများ ကုန်တော့မည့် နိမိတ်ဖြစ်၏။

၅၁။ ချိုင့်ကိုမ,ပြီး မေးလာပါက မကြာခင် အန္တရာယ်ကြီးကြီးမားမားတစ်ခုနှင့် ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်၏။

၅၂။ အလျားမှောက်ပြီး မေးလာပါက လုပ်သမျှအကြံအစည်များ ပျက်စီးမည့် ဆုံးရှုံးမှုတွေများမည့် နိမိတ်ဖြစ်၏။

၅၃။ လျောင်းစက်ပြီး မေးလာပါက ကံကောင်းစပြုလာသော နိမိတ်ဖြစ်၏။

၅၄။ ခြေထောက်ဆင်းပြီး မေးလာပါက ဘေးဥပဒ်ကျရောက်မည့် နိမိတ်ဖြစ်၏။

၅၅။ ခြေထောက်ကိုလိမ်ပြီး မေးလာပါက အချုပ်အနှောင်ခံရမည့် နိမိတ်ဖြစ်၏။

၅၆။ ခြေဆင်းပြီး မေးလာခဲ့ပါက အရောင်းအဝယ်၌ ဆုံးရှုံးမည့် နိမိတ်ဖြစ်၏။

၅၇။ တိုင်ကိုမှီပြီး (သို့) တံုးပေါ်ထိုင်ပြီး မေးလာပါက ကိုယ့်ထက်ကြီးသော စနေသမီးကို အားကိုးနေရသော နိမိတ်ဖြစ်၏။

၅၈။ လက်မကိုဆွဲ၍ မေးလာပါက မုဆိုးမနှင့်ပတ်သက်ပြီး အမှုအခင်း ကြုံတွေ့နိုင်သည့် နိမိတ်ဖြစ်သည်။

၅၉။ လက်ညှိုးကိုဆွဲလျှက် မေးလာပါက ပြဿနာတက်တော့မည့် နိမိတ်ဖြစ်၏။

၆၀။ လက်ခလယ်ကိုဆွဲပြီး မေးလာပါက အကြံအစည်တွေ လောလောဆယ် ပျက်သုဉ်းပြီး နောက်မှ တဖြည်းဖြည်း ကောင်းလာမည့် နိမိတ်ဖြစ်၏။

၆၁။ လက်သူကြွယ်ကိုဆွဲပြီး မေးလာပါက ခြေနှစ်ချောင်းဝင်လာမည့်၊ ငွေဝင်မည့် (အပျို၊ လူပျိုဖြစ်ပါက) အိမ်ထောင်ကျမည့် နိမိတ်ဖြစ်၏။

၆၂။ လက်သန်းကိုဆွဲပြီး မေးလာပါက ကိုယ့်ထက်ငယ်သောသူနှင့် စကားပြောဆိုရမည့် နိမိတ်ဖြစ်၏။

၆၃။ ကြိုးတွေကိုင်ပြီး မေးလာပါက အချုပ်အနှောင်ခံရမည့်၊ အမှုအခင်းနှင့် ကြုံရမည့် နိမိတ်ဖြစ်၏။

၆၄။ အထုပ်တစ်ခုခုကိုကိုင်ပြီး မေးလာပါက မေးသူကလေးများ ကျန်းမာရေးချို့တဲ့မည့် နိမိတ်ဖြစ်၏။

၆၅။ စကားတစ်ခွန်းကို ထပ်ခါထပ်ခါ မေးနေပါက မေးသူသည် အင်္ဂါသား ကျိန်းသေဖြစ်မည့် နိမိတ်ဖြစ်၏။

၆၆။ ပဝါခြုံပြီး မေးလာပါက ကြွေးမြီဟောင်းများ ပြန်လည်ရရှိတော့မည့် နိမိတ်ဖြစ်၏။

၆၇။ ဆံပင်ဖားလျားချပြီး ခင်ပွန်းအကြောင်း မေးလာပါက သောကြာသားဖြစ်ပြီး အကြံအစည်များ အောင်မြင်ဖို့ရှိ

သော်လည်း ယောကျ်ားဖြစ်သူက အတည်တကျ လုပ်မည် မဟုတ်သော နိမိတ်ဖြစ်၏။

၆၈။ ဆံပင်၌ အပ်စိုက်ပြီးမေးလာပါက တနင်္ဂနွေသမီး၊ စနေသမီးဖြစ်ပြီး ချစ်သူကို မယုံကြည်ရသော ချစ်သူသည် ခရီးသွားနေရင်းမှ အမှုအခင်းကြုံရမည့် နိမိတ်ဖြစ်၏။

၆၉။ အပ်ချုပ်ရင်းမေးလာပါက အမှုအခင်းနှင့် ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

၇၀။ လက်ပိုက်ပြီး မေးလာပါက အရေးကြီးသော ပုဂ္ဂိုလ် တစ်ယောက် ရောက်ရှိလာမည့် နိမိတ်ဖြစ်၏။

၇၁။ ပစ္စည်းတစ်ခုခုကို ထမ်းပိုးပြီး မေးလာပါက သူတစ်ပါး၏ အခိုင်းအစေဖြစ်ခဲ့ဖူးသော နိမိတ်ဖြစ်၏။

၇၂။ မေးနေရင်း အိမ်မြှောင်စုတ်ထိုးသံကြားရပါက ခရီးသွားနေသောသူ ပြန်လာတော့မည်၊ ပြန်မလာသေးပါက သတင်း တစ်ခုခု ကြားရမည့် နိမိတ်ဖြစ်၏။

၇၃။ မေးနေစဉ် ကျီးသာသံကြားရပါက ငွေဝင်မည့် လူကြီးသူ မများ စောင့်ရှောက်မည့် နိမိတ်ဖြစ်၏။

၇၄။ ရင်ဘတ်ကိုစမ်းပြီး မေးလာပါက ၎င်းထက်အသက်ကြီး သောသူနှင့် လွန်ကျူးမည့်၊ စကားများမည့်၊ မိန်းမကလာ မေးပါက ကိုယ့်ထက်ငယ်သူနှင့် လွန်ကျူးမည့် နိမိတ်ဖြစ် ၏။

၇၅။ ခေါင်းမြီးခြုံ၍ မေးလာပါက သူများအငယ်အနှောင်းဖြစ်မည့်၊ သူများယောက်ျားနှင့် မှားယွင်းမည့်၊ ကြီးသည့်သူကြောင့် စိတ်ဒုက္ခရောက်ပြီး မျက်ရည်ကျရလိမ့်မည့် နိမိတ်ဖြစ်၏။

၇၆။ တစ်ယောက်ယောက်ကို ဖိလျက်မှီပြီး မေးလာပါက အဖိခံထားရသူ၏ မယားနှင့် တခြားသူ ရှုပ်နေသည့်နိမိတ်ဖြစ်၏။

၇၇။ ချက်ကိုစမ်းပြီး မေးလာပါက သူများအငယ်အနှောင်းဖြစ်မည့်၊ အိမ်နီးချင်းနှင့် ရှုပ်မည့်၊ အရှက်ကွဲမည့် နိမိတ်ဖြစ်သည်။

## ၇။ နိမိတ်မည်သို့ ဖမ်းမည်နည်း

စီးပွားရေးအလုပ်အကိုင်အတွက် ရပ်ဝေးသို့ ခရီးထွက်နေသူနှင့်ပတ်သက်၍ လတ်တလောအခြေအနေကို သိချင်သည့်အခါတွင် နိမိတ်ဖမ်း၊ နိမိတ်ကောက်သော ပညာသည် အရေးပါလှ၏။ နိမိတ်ပညာရှင်တို့က အဆိုပါကိစ္စနှင့်ပတ်သက်၍–

ထမင်းသုံးဆုပ်–ဆုပ်၍ တစ်ဆုပ်ထဲ၌ စပါးစေ့အနည်းငယ်ထည့်မြှုပ်၏။ နောက်တစ်ဆုပ်၌ ထန်းလျက်ထည့်မြှုပ်၏။ ကျန်နောက်ဆုံးအဆုပ်ထဲကိုမူ မီးသွေးထည့်မြှုပ်၏။ ပြီးလျှင် မည်သူမည်ဝါမျှ မမြင်ရစေဘဲ အခြေအနေမှန်သိချင်သောသူအား

ထမင်းဆုပ် သုံးဆုပ်အနက်မှ တစ်ဆုပ်ကို ကောက်ယူခိုင်းပြီး ထမင်းဆုပ်ကိုဖြည်ကာ နိမိတ်ဖတ်၏။

**၁။ ထမင်းဆုပ်၌ စပါးပါသော အဆုပ်ကို ကောက်မိလျှင်**

– ခရီးသွားနေသူသည် ခြေအနေကောင်းပြီး၊ ဘာမျှပူစရာ မလိုသော နိမိတ်ဖြစ်၏။

**၂။ ထမင်းဆုပ်၌ ထန်းလျက်ပါသောအဆုပ်ကို ကောက်မိလျှင်**

– ခရီးသွားနေသူသည် အခက်အခဲ တစ်စုံတစ်ရာနှင့် ကြုံနေရ၏။ သို့ရာတွင် စိတ်ပူစရာမလို၊ သူ့ဘာသာသူ ပြဿနာပြီးဆုံးသွားမည့် နိမိတ်ဖြစ်၏။

**၃။ ထမင်းဆုပ်၌ မီးသွေးခဲပါသောအဆုပ်ကို ကောက်မိလျှင်**

– ခရီးသွားနေသူသည် အခြေအနေမကောင်းတော့ပါ။ ပြန်ခေါ်မှ ကောင်းမွန်မည့် နိမိတ်ဖြစ်၏။

(လက်တွေ့စမ်းသပ်ကြည့်နိုင်ပါကြောင်း)

**၈။ နိမိတ်မကောင်းလျှင် ယတြာချေ**

အိမ်တွင်းသို့ အိမ်မွေးတိရစ္ဆာန်ဝင်သည်မှလွဲ၍ အခြားအခြားသော သတ္တဝါတိရစ္ဆာန်တို့ ဝင်ခြင်းသည် ကောင်းသောအတိတ်နိမိတ် မဟုတ်ကြပေ။ သည့်အတွက် ပညာရှင်တို့က နိမိတ်မကောင်းသော တိရစ္ဆာန်တို့ ဝင်လာပါက အောက်ပါအတိုင်း ယတြာချေစေ၏။

၁။ ပွေးကောင်ဝင်လာပါက သားငါးကျွေးလိုက်ပါ။

၂။ မျောက်ဝင်လာပါက သစ်သီးကျွေးလိုက်ပါ။

၃။ မိကျောင်းဝင်လာပါက ကျောက်စရစ်လှူလိုက်ပါ။

၄။ ယုန်ဝင်လာပါက မြက်ထုံးကျွေးလိုက်ပါ။

၅။ ကျားဝင်လာပါက သားတစ်လှူလိုက်ပါ။

၆။ ဆင်ဝင်လာပါက မြက်ထုံးကျွေးလိုက်ပါ။

၇။ ယင်မမည်းရိုင်းဝင်လာပါက ငါးလှူလိုက်ပါ။

၈။ မြွေဝင်လာပါက ငွေလှူလိုက်ပါ။

၉။ ပျားဝင်စွဲပါက ရေအေးလှူလိုက်ပါ။

၁၀။ ဖွတ်တက်လာပါက ရွှေလှူလိုက်ပါ။

၁၁။ တောကြက်ဝင်လာပါက စပါးကျွေးလိုက်ပါ။

၁၂။ လင်းတဝင်လာပါက နွားရုပ်လှူလိုက်ပါ။

## ၉။ မျက်စိရှေ့မှ နိမိတ်များ

အာဝါဟဝိဝါဟ ပြုကြတော့မည့် သတို့သား၊ သတို့သမီးများအဖို့ မိမိတို့၏ မင်္ဂလာဆည်ခံပွဲသို့အသွား လမ်းခရီးတစ်လျှောက် မိမိတို့ မျက်စိရှေ့၌ တွေ့မြင်ရသမျှအပေါ် နိမိတ်ကောက်မည်ဆိုပါက အောက်ပါအတိုင်း ကောက်ယူနိုင်ပါ၏။

၁။ ရှေ့က ကလေးချီသွားသည်ကို တွေ့မြင်ရပါလျှင် ချမ်းသာမည့် နိမိတ်ဖြစ်၏။

၂။ ရှေ့က ခွေးမဖြတ်သွားပါက အိမ်ထောင်ရေး၌ ကြားလေ သွေး၍ ဝေးရတတ်ပါ၏။

၃။ ရှေ့က ကြံစည်းထမ်းရွက်သွားသည်ကို တွေ့ရပါက အိမ်ထောင်ရေး၌ စိတ်ညစ်ရမည့် နိမိတ်ဖြစ်သည်။

၄။ ကြိုးတုပ်ထားသည်ကို တွေ့မြင်ရပါက မိန်းမဖြစ်သူ ဘေးဥပါဒ် ကျရောက်တတ်၏။

၅။ နွားမကိုယ်ပေါ်၌ ဝန်ထုပ်ဝန်ပိုးများ တင်ဆောင်သွားသည်ကို တွေ့မြင်ရပါ လင်နှင့်မယား အိုအောင်မင်းအောင် ပေါင်းသင်းသွားရမည့် နိမိတ်ဖြစ်၏။

၆။ မြင်းစီးသွားသည်ကို တွေ့မြင်ရပါက လူကြီးသူမအပေါင်း၏ ချီးမြှောက်ခြင်းကို ခံရတတ်ပါသည်။

၇။ ကိုယ်ဝန်ဆောင်မိန်းမ ဖြတ်သွားသည်ကို တွေ့မြင်ရပါက ကောင်းသောနိမိတ်ဖြစ်၏။ အလှူဒါနပြုရတတ်၏။ အိမ်ထောင်ရေးခရီးလမ်း ဖြောင့်ဖြူးသာယာမည်။

၈။ ဆင်စီးသွားသည်ကို တွေ့မြင်ရပါက ဘုန်းတန်ခိုးကြီးမား၍ အိမ်ထောင်ရေး သာယာမည့် နိမိတ်ဖြစ်၏။

၉။ ရှေ့မှ ပိုက်ကွန်ထမ်းသွားသည်ကို တွေ့မြင်ရပါက အိမ်ထောင်ရေးသာယာမည့် နိမိတ်ဖြစ်၏။

၁၀။ ရှေ့မှ သမင်ဖြတ်သွားသည်ကို တွေ့မြင်ရပါက ရန်တကျက်ကျက်ဖြစ်ပြီး အိမ်ထောင်ရေး ပြိုကွဲမည့်နိမိတ်ဖြစ်ပါသည်။

၁၁။ ရှေ့မှ ဝက်ဖြတ်သွားပါက အမြဲလို တကျက်ကျက်ဖြစ်နေပါလိမ့်မည်။

၁၂။ ရှေ့က အတီးအမှုတ်ယာဉ်များ ဖြတ်သွားပါက အကြီးအကဲများ၏ ဂုဏ်ပြုခြင်းကို ခံရမည့် နိမိတ်ဖြစ်၏။

၁၃။ ရှေ့က ပတ်တီးပတ်ထားသော ဒဏ်ရာရလူနာ ဖြတ်သွားပါက ဆွေမျိုးအသိုင်းအဝိုင်း၏ ကောင်းမကြည့်ရှုခြင်းကို ခံရမည့် နိမိတ်ဖြစ်၏။

၁၄။ ရှေ့က မိန်းမတစ်ဦး ကြော့ကြော့မော့မော့ဝတ်စားပြီး ဖြတ်သွားပါက လင်မယားဖြစ်ပြီးနောက် အပိုစကားများ ပြောရတတ်၏။ အလှူအတန်း ပေးရတတ်၏။

၁၅။ ရှေ့၌ ကလေးသူငယ်များ ကစားခုန်စား လုပ်နေကြသည်ကို မြင်ရလျှင် လင်မယား ရာသက်ပန် ချစ်မြတ်နိုးကြမည့် နိမိတ်ဖြစ်၏။

၁၆။ ရှေ့မှ အသုဘကား ဖြတ်သွားလျှင် လင်မယားကွဲမည့် နိမိတ်ဖြစ်၏။

၁၇။ ရှေ့မှ အလှူပေးနေသည်ကို တွေ့မြင်ရလျှင် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းမည့် နိမိတ်ဖြစ်၏။

၁၈။ ရှေ့မှ တောင်းစားနေသူများကို တွေ့မြင်ရပါလျှင် အိမ်ထောင်ကျပြီးပါက ဆင်းရဲတာရှည်မည့် နိမိတ်ဖြစ်၏။

၁၉။ ရှေ့မှ ဓားလုံလက်နက်များ ကိုင်ဆောင်သွားသည်ကို တွေ့မြင်ရပါလျှင် စီးပွားဖြစ်မည်။ ဘေးရန်များ ကင်းပမည်။

၂၀။ ရှေ့မှ အိမ်ဆောက်နေသည်ကို တွေ့မြင်ရလျှင် အိမ်ထောင်ရေး သာယာမည်။

၂၁။ ရှေ့မှ မြွေဖြတ်သွားသည်ကို တွေ့မြင်ရလျှင် တကျက်ကျက်ဖြစ်နေမည်။

## ၁၀။ လူမမာအတွက် နိမိတ်များ

ရောဂါဝေဒနာသည်းနေသာ လူမမာအတွက် ဆရာကိုပင့်ရစမြဲ ဖြစ်ပါသည်။ လူနာရှင်သည် ဆရာ့ထံသွားရောက်ပြီး အမေးအမြန်းပြုသည့် ဆိုကြပါစို့။

၁။ မေးသည့်သူက ဖက်ကြောချိုးပြီး မေးခဲ့လျှင်
၂။ မေးသည့်သူက အမြင့်ပေါ်၊ တုံးပေါ်ရပ်ပြီး ပြန်သွားခဲ့လျှင်
၃။ မေးသည့်သူက နဖူးပွတ်ပြီး မေးခဲ့လျှင်
၄။ မေးသည့်သူက မြင်းလှည်းပေါ် (သို့) နွားပေါ် (သို့) ကားပေါ်တွင် ထိုင်လျက်ခေါ်လျှင်
၅။ မေးသည့်သူက ရင်ဘတ်ကို ပွတ်သပ်နေလျှင်
၆။ မေးသည့်သူက ခြေတွဲလွဲချပြီး ဆရာပင့်လျှင်
၇။ မေးသည့်သူက လက်ထဲတစ်ခုခုကိုင်ကာ ဆော့နေလျှင်
၈။ မေးသည့်သူက တုံးလုံးလှဲပြီး ဆရာပင့်လျှင်
၉။ မေးသည့်သူက ခြေဖဝါးချင်းပွတ်နေခဲ့လျှင်
၁၀။ မေးသည့်သူက နပ်ညှစ်နေလျှင်

၁၁။ မေးသည့်သူက လက်ပိုက်နေခဲ့လျှင်
၁၂။ မေးသည့်သူက ရေကို အခါခါသုတ်နေခဲ့လျှင်
၁၃။ မေးသည့်သူက ခြေဆင်းထိုင်နေခဲ့လျှင်
၁၄။ မေးသည့်သူက မျက်ရည်များအခါခါ သုတ်နေခဲ့လျှင်
၁၅။ မေးသည့်သူ ထိုင်နေသောအချိန်၌ အောက်စလွတ်နေခဲ့လျှင်
၁၆။ မေးသည့်သူ ထိုင်သောနေရာ၌ ဆောင့်ကြောင့်ဖြစ်နေခဲ့လျှင်
၁၇။ မေးသည့်သူက မတ်တပ်ရပ်ပြီး မေးခဲ့လျှင်
၁၈။ မေးသည့်သူက လမ်းခရီး၌ တုင်္ဂ၊ ဓား ကိုင်ဆောင်ထားခဲ့လျှင်
၁၉။ မေးသည့်သူက ဝန်ထုပ်ဝန်ပိုး အလေးအပင်ထမ်း၍ ပင့်ခေါ်လျှင်
၂၀။ မေးသည့်သူက ဆရာ့ထံလာရင်း ရဟန်းသံဃာတစ်ပါးပါးက အလှူခံလျှင်
၂၁။ မေးသည့်သူက ဆရာ့ထံလာရင်း ဟောသည့်စကား၊ နာသည့်စကားချည်းသာ ကြားနေရလျှင်
၂၂။ မေးသည့်သူက စီးလိုသည့် ယာဉ်အား တစ်နေရာရာ၌ ထားခဲ့ပြီး လာပင့်လျှင်
၂၃။ မေးသည့်သူက အမြန်ပြေးဝင်လာလျှင်
၂၄။ မေးသည့်သူက ဆံမြိတ်ကို ဆွဲချလျှင်
၂၅။ မေးသည့်သူက ကိုယ်ခန္ဓာကို သွေးထွက်အောင် ကုပ်ဖဲ့နေလျှင်

၂၆။ မေးသည့်သူက ရှေ့တွင်ရှိနေသော ပစ္စည်းအား အောက်သို့ ဆွဲချလျှင်
၂၇။ မေးသည့်သူက ကိုင်ထားသော ပစ္စည်းအား အောက်သို့ လွှတ်ချလိုက်လျှင်
၂၈။ မေးသည့်သူက ခြေဖျားလက်ဖျား ကိုင်ထားခဲ့လျှင်
၂၉။ မေးသည့်သူက ဝမ်းပြင်၊ မေးဖျားတို့အား ဆွဲထား၊ ကိုင်ထားခဲ့လျှင်
၃၀။ မေးသည့်သူက ဆရာနှင့်သွားနေရင်း ရှေ့၌ နွားနှစ်ကောင် ဝှေ့နေသည်ကို မြင်ရလျှင်
၃၁။ မေးသည့်သူနှင့် သွားနေရင်း ရှေ့မှ အသုဘဖြတ်သွားလျှင်
၃၂။ မေးသည့်သူနှင့် သွားနေရင်း ကြယ်ကြွေသည်ကို မြင်ရလျှင်
၃၃။ မေးသည့်သူနှင့် သွားနေရင်း ခွေးကလှမ်းဟောင်လျှင်
၃၄။ မေးသည့်သူနှင့် ယောကျ်ားသုံးယောက်ပါလာလျှင်
၃၅။ မေးသည့်သူက ဆရာ့အား ငယ်သံပါအောင် အော်ဟစ်ကာ ပင့်လျှင်
၃၆။ မေးသည့်သူက ဆရာ့အိမ်တံခါးအား အဆက်မပြတ် ပြင်းထန်စွာထုလျှင်
၃၇။ မေးသည့်သူက ဆရာ့ခြံတံခါးအား ခြေဖြင့်ဆောင့်ကန်ဖွင့်လျှင်
၃၈။ မေးသည့်သူက ဆရာ့အထက်၊ အမြင့်မှာရှိနေလျှင်

၃၉။ မေးသည့်သူက ခါးကို လက်သီးနှင့်ထုကာ အညောင်းဖြေလျှင်

၄၀။ မေးသည့်သူက လက်ချောင်းလက်ဆစ်များကို ချိုးနေလျှင်

၄၁။ မေးသည့်သူနှင့် ဆရာတို့သွားရာလမ်း၌ အကျိုးအပဲ့ပစ္စည်းများ တွေ့ရလျှင်

၄၂။ မေးသည့်သူနှင့် ဆရာ၏ ရှေ့၌ လူတစ်ယောက်လက်ထဲမှ အထုပ်တစ်ထုပ် ပြုတ်ကျသည်ကို တွေ့မြင်ရလျှင်

၄၃။ မေးသည့်သူနှင့် ဆရာတို့ သွားရာလမ်းခရီး၌ ဘီးပေါက်ခြင်း၊ လေးကျိုးခြင်း၊ လှည်းဝင်ရိုးကျိုးခြင်း၊ သစ်ပင်သစ်ကိုင်းပြုတ်ကျခြင်းတို့ ကြုံရလျှင်

၄၄။ မေးသည့်သူနှင့် ဆရာတို့ သွားရာလမ်းခရီး၌ ငှက်ဆိုးထိုးသံကြားရလျှင်

အဆိုပါနိမိတ်များမှာ လူမမာအတွက် မကောင်းသောနိမိတ်များ ဖြစ်ကြပါ၏။ ဆရာမှ မေတ္တာစေတနာအပြည့်ဖြင့် ကုသပေးလိုပါသော်လည်း လူနာလာပင့်သူ၏ အမူအရာများမှာ အရေးကြီးလှပါ၏။ သည့်အတွက် ဆင်ခြင်ဖို့လိုပါသည်။ လေးစားသမှုရှိဖို့လိုပါသည်။ ကြမ်းတမ်းမှုကို ရှောင်ရပါမည်။ သို့မဟုတ်ပါက လူမမာအတွက် ဆေးမစူးပါ။ ဝေဒနာ တာရှည်တတ်၍ စိုးရိမ်ရပါသည်။

သည့်အတွက် 'ပညာရှိ သတိဖြစ်ခဲ' မဖြစ်ကြရန် အထူးဂရုပြုကြစေလိုပါ၏။

## ၁၁။ ပင့်ကူကို ချင့်ယူ၍ နိမိတ်ကောက်သော်

ပင့်ကူဆိုသော သတ္တဝါကို မမြင်ဖူး၊ မတွေ့ဖူးသူဟူ၍ ရှိလိမ့်မည် မဟုတ်ပါ။

ပင့်ကူသည် သစ်ပင်၊ သစ်ကိုင်းတွေမှာလည်း ရှိတတ်သည်။ တဲတို့ နေအိမ်တို့၌သာမက တိုက်တာ အဆောက်အအုံတို့တွင်လည်း ရှိတတ်ပါသည်။ အထူးသဖြင့် လူနေနည်းပါးသော၊ လူအဝင်အထွက် နည်းပါးသောနေရာများ၊ စွတ်စိုထိုင်းမှိုင်းသောနေရာများ၊ ပစ္စည်းပစ္စယများနှင့် ရှုပ်ပွနေသော နေရာများ၊ ဂူများအစရှိသည်တို့တွင် ပင့်ကူကို ၎င်းတို့၏ ကိုယ်ပိုင်အစေးမှရသည့် အမျှင်တို့ဖြင့် ရက်လုပ်ထားသော နေအိမ်၌ ခန့်ခန့်ကြီးတွေ့မြင်တတ်ကြပါသည်။

ပင့်ကူမှာ အရွယ်အစား အမျိုးမျိုးဖြစ်ပါသည်။

စပါးလုံးသာသာ အရွယ်မှသည် မြွေစသည့် အဆိပ်ရှိသတ္တဝါတို့၏ ဦးနှောက်ကို ဖောက်စားနိုင်သည့် စွမ်းပကားရှိသော အရွယ်ကြီးကြီးမားမားအထိ ရှိတတ်ပါသည်။ ရှေးရာဇဝင်နိပါတ်တော်များ၌ ဂူတစ်ဂူထဲ ရောက်နေသော ဟင်္သာကိုးသောင်းအား အပြင်ပြန်မထွက်နိုင်အောင် ပိတ်ထားသော ပင့်ကူအကြောင်းဖတ်ရှုဖူးပါသည်။ ဤမျှထိ အင်အားကြီးမားလှပါသည်။ အချို့တောနက်ကြီးများ၌ တောပင့်ကူကြီးများ ရှိကြပါသေးသည်။ ပင့်ကူတကာတွင် 'ပင့်ကူနက်'သည် ရှားပါးသတ္တဝါဖြစ်သည်

သာမက အဆိပ်အပြင်းဆုံးဟူ၍လည်း ကြားခဲ့ဖူးပါသည်။ စာတွေထဲ ဖတ်ခဲ့ဖူးပါသည်။ ပင့်ကူအရုပ်ခံရလျှင် အရေပြားများချက်ချင်း တင်းယောင် ႔ာ:တတ်ပါသည်။ ပရုတ်ဆီတို့၊ **တောဆေးဘမ်း**တို့ကို လက်လွတ်စပယ် **မလိမ်း**သင့်ပါ။ ပင့်ကူရုပ်ဒဏ်ရာသက်သာပျောက်ကင်းအောင် **မီးကင်**ပေးရပါမည်။ ဤသည်၌ အဓိက တင်ပြလိုသည်မှာ အဆိုပါကိစ္စရပ်များ မဟုတ်ပါ။

အနောက်တိုင်း အယူအဆများအရ သင့်အိမ်၌ ပင့်ကူရှိနေပါက မည်သို့သော အခြေအနေမျိုးကို တွေ့မြင်ရပါစေ တွေ့မြင်ရမှုတို့အပေါ်တွင် နိမိတ်ကောက်သည့်ကိစ္စ ဖြစ်ပါသည်။ တိကျမှန်ကန်မှုရှိသည် မရှိသည်ကို မပြောလိုပါ။ ဗဟုသုတအဖြစ် တင်ပြခြင်းသာ ဖြစ်ပါသည်။ ထိုထိုသော အနောက်တိုင်းအယူအဆများမှာလည်း ၎င်းတို့၏ အတွေ့အကြုံများကို လေ့လာဆန်းစစ်၍ သေချာလောက်ပြီဆိုမှ ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ကိုင်း သင့်အိမ်မှာ ပင့်ကူရှိပြီဆိုပါစို့။ မျက်မြင်အခြေအနေကို ကြည့်၍ မည်သို့သော အခြေအနေတွေ အကျိုးဆက်တွေ ဖြစ်တတ်ပါသနည်း။

(၁) နံရံကိုဖြတ်သန်းလျက်ရှိသော ပင့်ကူကို မြင်ရပါက ကံကောင်းခြင်းလက်ဆောင်တွေ ရရှိတော့မည့် နိမိတ်ဖြစ်၏။

(၂) အင်္ကျီပေါ်၌လည်းကောင်း၊ ကိုယ်ခန္ဓာပေါ်၌လည်းကောင်း ပင့်ကူကို တွေ့မြင်ရပါက ငွေကြေးဥစ္စာများ ဝင်လာတော့မည့်၊ မျှော်လင့်စောင့်စားနေသောစာကို ဖတ်ရတော့မည့် နိမိတ်ဖြစ်ပါသည်။

(၃) အနီရောင်သန်းနေသော ပင့်ကူကို တွေ့မြင်ရပါက ဆိုးနေသောကံများ ကောင်းလာတော့မည့် နိမိတ်ဖြစ်ပါသည်။

(၄) ပင့်ကူကိုသတ်ဖို့ မကြိုးစားပါနှင့်။ သတ်မိပါက ကံဆိုးမိုးမှောင်ကျတော့မည့် နိမိတ်ဖြစ်ပါသည်။

(၅) အိပ်ရာထ နံနက်စောစော၌ ပင့်ကူကို တွေ့မြင်ရပါလျှင် ဆိုးရွားလာမည့် အခြေအနေတစ်ခုခုနှင့် ရင်ဆိုင်ရမည့် နိမိတ်ဖြစ်ပါသည်။

(၆) နေ့လယ်နေ့ခင်းပိုင်း၌ ပင့်ကူကို တွေ့မြင်ရပါလျှင် စိုးရိမ်ကြောင့်ကြဖွယ် ကြုံတွေ့မည့် နိမိတ်ဖြစ်သည်။

(၇) ညအချိန်၌ ပင့်ကူကို တွေ့မြင်ရပါလျှင် ငွေရေးကြေးရေးများ ဆုံးရှုံးမည့် နိမိတ်ဖြစ်ပါသည်။

(၈) အိမ်ဆောက်နေသော ပင့်ကူကို တွေ့မြင်ရပါလျှင် လက်ဆောင်ပစ္စည်းများ ရရှိတော့မည့် နိမိတ်ဖြစ်ပါသည်။

(၉) နံနက်စောစော၌ ပင့်ကူသည် အိမ်ဆောက်လုပ်နေသည်ကို တွေ့မြင်ရပါလျှင် ကံကောင်းတော့မည့် နိမိတ်ဖြစ်သည်။

(၁၀) နေ့လယ်နေ့ခင်း၌ ပင့်ကူအိမ်ဆောက်လုပ်နေသည်ကို တွေ့မြင်ရပါလျှင် ခရီးယာယီထွက်ရတော့မည့် နိမိတ်ဖြစ်သည်။

(၁၁) တံခါးပေါက်အနီး၌ ပင့်ကူတက်နေသည်ကို မြင်တွေ့ရပါက အိမ်သို့ ဧည့်သည်များ ရောက်ရှိလာတော့မည့် နိမိတ်ဖြစ်သည်။

(၁၂) ပင့်ကူမျှင်ပေါ် ပင့်ကူတက်နေသည်ကို တွေ့မြင်ရပါလျှင် မကြာခင် သတင်းကောင်းတစ်ခု ကြားရတော့မည့် နိမိတ်ဖြစ်သည်။

(၁၃) ပင့်ကူမျှင်အောက်ဘက်သို့ ပင့်ကူဆင်းလာသည်ကို တွေ့မြင်ရပါလျှင် ကံကောင်းတော့မည့် နိမိတ်ဖြစ်ပါသည်။

(၁၄) ပင့်ကူမျှင်အောက်ဘက်သို့ ပင့်ကူသည် တစ်ဝက်တစ်ပြက် ဆင်းလာသည်ကို တွေ့မြင်ရပါလျှင် ကံဆိုးတော့မည့် နိမိတ်ဖြစ်ပါသည်။

ဤကား ပင့်ကူနှင့်ပတ်သက်သည့် အနောက်တိုင်းယူဆချက် နိမိတ်များပင်ဖြစ်၏။

## ၁၂။ ဘာတွေမြင်မိပါသေးလဲ

အချို့အချို့သော ဗေဒင်ဆရာများသည် လျှပ်တစ်ပြက်တွေ့ရမြင်ရသည့် အပေါ်တွင် နိမိတ်ကောက်လျက် ဟောကိန်းများထုတ်ကြ၏။ မှန်ကန်မှုများသည့်အတွက်ကြောင့်လည်း ဗဟုသုတဖြစ်စေရန်အလို့ငှာ တင်ပြလိုက်ပါ၏။

(၁) လာမေးသူသည် ခြေမကို ကိုင်နေလျှင်သော်လည်းကောင်း၊ လှုပ်နေလျှင်သော်လည်းကောင်း တွေ့ရပါက မျက်စိဒုက္ခပေးတော့မည့် နိမိတ်ဖြစ်၏။

(၂) လာမေးသူသည် ခြေမကလွဲ၍ အခြားခြေချောင်းတို့ကို ကိုင်ကာ လှုပ်နေပါက သမီးအတွက် အကြီးအကျယ် စိတ်ညစ်နေသည့် နိမိတ်ဖြစ်သည်။

(၃) လာမေးသူသည် ခေါင်းပုတ်လျှင်သော်လည်းကောင်း၊ ခေါင်းတိုက်သည်ကိုလည်းကောင်း တွေ့မြင်ရပါက အမှုအခင်း အရှုပ်အရှင်းတို့နှင့် ရင်ဆိုင်ရတော့မည့် နိမိတ်ဖြစ်သည်။

(၄) လာမေးသူသည် ရင်ဘတ်ကိုပုတ်၍လည်းကောင်း၊ ရင်ဘတ်ကို ကိုင်၍လည်းကောင်း၊ တွေ့မြင်ရပါက မိန်းမကိစ္စကြောင့် အကြီးအကျယ် စိတ်ညစ်နေသည့် နိမိတ်ဖြစ်၏။

(၅) လာမေးသူသည် ခြေထောက်ယားယံသဖြင့် ကုတ်နေသည်ကို တွေ့မြင်ရပါက အိမ်၌ စေခိုင်းထားသူအတွက် စိတ်ညစ်ရမည့် နိမိတ်ဖြစ်၏။

(၆) လာမေးသူသည် ၎င်း၏ခြေမဖြင့် မြေကြီး၌ ရေးခြစ်နေသည်ကို တွေ့မြင်ရပါက မြေ၊ ယာ၊ လယ်၊ ခြံတို့အတွက် စိတ်သောကရောက်နေသည့် နိမိတ်ဖြစ်သည်။

(၇) လာမေးသူသည် ထန်းပင်၊ ထန်းသီး၊ ပိုးထည်၊ ဖွဲကြမ်း၊ အရိုး၊ ဆံပင်တို့အား ကြည့်နေပါက မျက်စိဒုက္ခပေးတော့မည့် နိမိတ်ဖြစ်သည်။

(၈) လာမေးသူသည် ပိုက်ကွန်၊ ရှုပ်ထွေးနေသောကြိုး၊ ကြောင်အိမ်တို့ကို ကြည့်မြင်နေပါက ကျန်းမာရေးအတွက် သောကရောက်ရမည့် နိမိတ်ဖြစ်သည်။

(၉) လာမေးသူသည် သစ်ပင်၊ အမြစ်၊ အခွံ၊ အဖတ်ကိစ္စတို့ကို စကားပလ္လင်ခံပါက ဆွေမျိုးကိစ္စအတွက်သော်လည်းကောင်း၊ အမှုအခင်းကိစ္စအတွက်သော်လည်းကောင်း စိတ်သောကရောက်ရမည့် နိမိတ်ဖြစ်သည်။

(၁၀) အသက်ကြီးသော ပုဂ္ဂိုလ်အား မြင်မိပါက မိတ်ဆွေနှင့်ပတ်သက်သည့် နိမိတ်ဖြစ်သည်။

(၁၁) ချမ်းသာသောသူ၊ ဂုဏ်ရှိသောသူကို မြင်မိပါက မိန်းမနှင့်ပတ်သက်သော နိမိတ်ဖြစ်၏။

(၁၂) ရူးသွပ်နေသူကို မြင်မိပါက အပေါင်းအသင်းနှင့် စပ်ဆိုင်သော နိမိတ်ဖြစ်၏။

(၁၃) ထိတ်လန့်ကြောက်ရွံ့စရာကို မြင်မိပါက သူခိုးခိုးခံရတော့မည့် နိမိတ်ဖြစ်၏။

(၁၄) ရဟန်းကိုသော်လည်းကောင်း၊ တရားဟောပုဂ္ဂိုလ်ကိုလည်းကောင်း မြင်မိပါက အဖွဲ့အစည်း၌ ပြဿနာတက်တော့မည့် နိမိတ်ဖြစ်၏။

(၁၅) ဒဏ်ရာရသည်ကို မြင်မိပါက အရောင်းအဝယ်နှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၁၆) အရိုက်ခံရသည်ကိုလည်းကောင်း၊ လက်ထိပ်ခတ်ခံရသည်ကိုလည်းကောင်း မြင်မိပါက အိမ်၌ ခိုင်းစေထားသောသူ၊ မိန်းမတို့နှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၁၇) လှောင်ပြောင်သည်ကို မြင်မိပါက တစ်ပါးသူအပေါ် နိုင်နင်းချင်သည့် နိမိတ်ဖြစ်၏။

(၁၈) သစ္စာပြုနေသည်ကို မြင်မိပါက ပစ္စည်းအရောင်းအဝယ်ဖြစ်မည့် နိမိတ်ဖြစ်၏။

(၁၉) တံငါသည် ငါးစိမ်းသည်တို့ကို မြင်မိပါက ရန်သူနှင့်ကြုံရတော့မည့် နိမိတ်ဖြစ်၏။

(၂၀) နွားမကို မြင်မိပါက ရောဂါထူပြောမည့်၊ ဆေးကောင်းဝါးကောင်းများ မှီဝဲရမည့် နိမိတ်ဖြစ်၏။

(၂၁) ကျွဲကိုမြင်မိပါက အမွေးအကြိုင်နှင့် နံ့သာဖြူများ ရရှိမည့် နိမိတ်ဖြစ်၏။

(၂၂) ငွေကိုမြင်မိပါက အဖိုးတန် ပိုးထည်အဝတ်အစားကို ရရှိမည့် နိမိတ်ဖြစ်၏။

(၂၃) ကျားပုံကိုမြင်မိပါက လက်ဝတ်လက်စားများ ရရှိမည့် နိမိတ်ဖြစ်၏။

(၂၄) စပါးကိုသော်လည်းကောင်း၊ ရေပြည့်နေသော အိုးကိုလည်းကောင်း၊ ပစ္စည်းပြည့်နေသော ခြင်းကိုလည်းကောင်း တွေ့မြင်ရပါက အခြွေအရံတို့ တိုးပွားမည့် နိမိတ်ဖြစ်၏။

(၂၅) ဆင်၏ မစင်တုံးကို တွေ့မြင်ရပါက ငွေကုန်ကြေးကျ များတော့မည့် နိမိတ်ဖြစ်၏။

(၂၆) နွားချေးကိုမြင်မိပါက မိန်းကလေးအပျို၊ အပျိုရည်ပျက်တော့မည့် နိမိတ်ဖြစ်၏။

(၂၇) ကျင်ကြီးကျင်ငယ်စွန့်နေသော ခွေးကိုမြင်ပါက အမြဲတစေ အကူအညီပေးလျက်ရှိသောသူနှင့် စိတ်ဝမ်းကွဲမည့် နိမိတ်ဖြစ်၏။

(၂၈) ယောဂီ၊ သီလရှင်တို့ကိုမြင်လျှင် အဝေးရောက်နေသောသူနှင့် အဆက်အသွယ်ရရှိမည့် နိမိတ်ဖြစ်၏။

(၂၉) လူမျိုးခြား၊ ဘာသာခြားတို့ကိုမြင်ပါက အိမ်မွေးတိရစ္ဆာန်နှင့်ပတ်သက်တော့မည့် နိမိတ်ဖြစ်၏။

(၃၀) ပိတ်ချင်းကို မြင်ပါက မိန်းမနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၁) ငရုတ်သီးကို မြင်ပါက ယောကျ်ားနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၂) ခက်ခဲစွာ အသက်မွေးဝမ်းကျောင်းသူကို တွေ့မြင်ရပါက အချုပ်အနှောင် (သို့မဟုတ်)ဘေးအန္တရာယ်ကျရောက်တော့မည့် နိမိတ်ဖြစ်၏။

(၃၃) ချင်းခြောက်ကို တွေ့မြင်ရပါက အကျင့်ပျက်နေသော မိန်းမနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၄) ပန်းအဖြူကို တွေ့မြင်ရပါက လမ်းခရီးနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၅) ကျောက်ပျဉ်၊ ကျောက်တုံးတို့ကို မြင်မိပါက သားနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၆) အထည်အလိပ်၊ အဝတ်အစားတို့ကို မြင်မိပါက ရွှေငွေရတနာတို့နှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၇) ရေကို မြင်မိပါက ဆန်စပါးနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၈) ဓိယာကို မြင်မိပါက သမီးနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၃၉) ပုပ်နေသော သားငါးကို မြင်မိပါက ခြေနှစ်ချောင်းသတ္တဝါနှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၄၀) ကဗျာဆရာ၊ ကျမ်းပြုဆရာတို့ကို မြင်မက်ပါက ခြေလေးချောင်းသတ္တဝါနှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၄၁) မွေးလာသည့်သားကို မြင်မိပါက မြေကြီးနှင့်ပတ်သက်သော နိမိတ်ဖြစ်သည်။

(၄၂) မိန်းကလေးကို မြင်မိပါက ဝေဒနာခံစားနေရသော ရောဂါသည်နှင့်ပတ်သက်သော နိမိတ်ဖြစ်၏။

(၄၃) အရက်မူးရမ်းနေသူကို တွေ့မြင်ရပါက ရောဂါသည်းနေသည့် လူမမာနှင့် ပတ်သက်သော နိမိတ်ဖြစ်၏။

(၄၄) အရိုးစုကို တွေ့မြင်ရပါက လူမမာ ဒုက္ခများမည့် နိမိတ်ဖြစ်၏။

(၄၅) အဆိပ်ပုလင်းကို တွေ့မြင်ရပါက အထက်ပါအတိုင်းပင်။

(၄၆) အနီရောင်ကို တွေ့မြင်ရပါက အထက်ပါအတိုင်းပင်။

(၄၇) နှာစေးချောင်းဆိုးသည်ကို တွေ့မြင်ရပါက အထက်ပါအတိုင်းပင်။

(၄၈) ဖြုန်းခနဲ လေပြင်းမုန်တိုင်းများ တိုက်ခတ်လာသည်ကို မြင်ရပါက အိမ်ရှိလူပမာနှင့်ပတ်သက်တော့မည့် နိမိတ်ဖြစ်၏။

(၄၉) ညောင်ပိန္နဲရွက် ကိုင်ထားသည်ကို တွေ့မြင်ရပါက စီးပွားဥစ္စာ တိုးတက်တော့မည့် နိမိတ်ဖြစ်၏။

(၅၀) ချိုသောသစ်သီးတို့ ကိုင်ထားသည်ကို တွေ့မြင်ရပါက ရွှေဝင်တော့မည့် နိမိတ်ဖြစ်၏။

(၅၁) ရှောက်သီးကိုင်ထားသည်ကို တွေ့မြင်ရလျှင် အိမ်သို့လူဝင်မည့် နိမိတ်ဖြစ်၏။

(၅၂) သံပရာသီးကိုင်ထားသည်ကို မြင်ရလျှင် ကျောက်မျက်ရတနာများဝင်မည့် နိမိတ်ဖြစ်၏။

(၅၃) ညောင်ရွက်၊ ညောင်သားတို့ ကိုင်ထားသည်ကို မြင်ရလျှင် အဝတ်အစား အထည်အလိပ်တို့ဝင်မည့် နိမိတ်ဖြစ်၏။

(၅၄) ဆီးသီးကိုင်ထားသည်ကို မြင်ရလျှင် ကြေးနီ၊ မိုးကြိုးတို့နှင့်ပတ်သက်သည်တို့ ဝင်လာမည့် နိမိတ်ဖြစ်၏။

(၅၅) သရက်သီးကိုင်ထားသည်ကို မြင်ရလျှင် ငွေထည်ပစ္စည်းများ ဝင်လာမည့် နိမိတ်ဖြစ်၏။

(၅၆) ခြေချောင်းများ လှုပ်နေသည်ကိုမြင်ရလျှင် လက်အောက်ငယ်သား တပည့်များနှင့်ပတ်သက်သည့် နိမိတ်ဖြစ်သည်။

(၅၇) ပေါင်လှုပ်နေသည်ကို တွေ့မြင်ရပါလျှင် အပြင်ရောက်နေသူနှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၅၈) ချက်လှုပ်သည်ကို တွေ့မြင်ရပါက မိသားစုကိစ္စနှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၅၉) ရင်ဘတ်ကို လှုပ်နေသည်အား တွေ့မြင်ရပါလျှင် မိန်းမနှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၆၀) လက်မကိုင်ထားသည်ကို တွေ့မြင်ရပါလျှင် **သားနှင့်**ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၆၁) ခေါင်းကိုင်ထားသည်ကို တွေ့မြင်ရပါလျှင် **လူကြီး**သူမတို့နှင့် ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၆၂) ညာလက်မောင်း ကိုင်ထားသည်ကို မြင်ရလျှင် ညီနှင့် ပတ်သက်သော နိမိတ်ဖြစ်၏။

(၆၃) ဘယ်လက်မောင်း ကိုင်ထားသည်ကို မြင်ရလျှင် ခယ်မနှင့် ပတ်သက်သော နိမိတ်ဖြစ်သည်။

(၆၄) ဝမ်းဗိုက်ကို ကိုင်ထားသည်အား မြင်ရလျှင် မိခင်နှင့် ပတ်သက်သော နိမိတ်ဖြစ်၏။

(၆၅) လက်ချောင်းလေးများ ကိုင်ထားသည်ကို မြင်ရလျှင် သမီးနှင့်ပတ်သက်သော နိမိတ်ဖြစ်၏။

(၆၆) သလိပ်များ ထွေးထုတ်သည်ကို မြင်ရလျှင် အလိမ်ခံရမည့် သူခိုးခိုးခံရမည့် နိမိတ်ဖြစ်၏။

(၆၇) တံတွေးထွေးထုတ်သည်ကို မြင်ရလျှင် အထက်ပါအတိုင်းပင်။

(၆၈) ချောင်းဆိုးနေသည်ကို မြင်ရလျှင်လည်း အထက်ပါအတိုင်းပင်ဖြစ်၏။

(၆၉) ကျင်ကြီးကျင်ငယ်စွန့်သည်ကို မြင်ရလျှင်လည်း အထက်ပါအတိုင်းပင်။

(၇၀) လက်ထဲကပစ္စည်း အောက်သို့ပြုတ်ကျသည်ကို မြင်ရလျှင်လည်း အထက်ပါအတိုင်းပင်။

(၇၁) ခေါင်းရှေ့သို့ ငုံ့နေသည်ကိုမြင်ရလျှင် အထက်ပါအတိုင်းပင်။

(၇၂) ရေမရှိသောအိုးအား ရွက်သွားသည်ကို မြင်ရလျှင်လည်း အထက်ပါအတိုင်းပင်။

(၇၃) စပါးနှံ၊ (သို့မဟုတ်)၊ နဖူး၊ ရင်၊ စပါးတို့အား မြင်ရလျှင် အလုပ်အတွက် ပူပင်ရတတ်သည့် နိမိတ်ဖြစ်၏။

(၇၄) အဆိပ်ရှိသော သတ္တဝါကိုမြင်ရလျှင် ကုန်ခြောက်ပစ္စည်းများနှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၇၅) မျက်ခုံး၊ လည်ပင်း၊ နှုတ်ခမ်းတို့ကို ကိုင်မိလျှင် အစားကောင်းစားရတော့မည့် နိမိတ်ဖြစ်၏။

(၇၆) တောပတ်၊ ပျားရည်၊ ရွှေ၊ ကျောက်မျက်ရတနာတို့ကို မြင်ရပါလျှင် ကိုယ်ဝန်ဆောင်နှင့်ပတ်သက်သည့် နိမိတ်ဖြစ်၏။

(၇၇) ဝမ်းကိုကိုင်သည်အား တွေ့မြင်ရလျှင် ကိုယ်ဝန်ရှိနေသည့် နိမိတ်ဖြစ်၏။

(၇၈) မေးလာသည့်သူအား–

- ညာဘက်နှာခေါင်းကိုင်သည်ကို တွေ့မြင်ရပါက
  တစ်လကျော်လျှင် ရင်သွေးမွေးဖွားမည့် နိမိတ်ဖြစ်၏။
- ဘယ်ဘက်နှာခေါင်းကိုင်သည်ကို တွေ့မြင်ရပါက
  နှစ်လကျော်ပါလျှင် ရင်သွေးမွေးဖွားမည့် နိမိတ်ဖြစ်၏။
- သားမြတ်ကိုင်သည်ကို တွေ့မြင်ရပါက
  လေးလကျော်ပါလျှင် ရင်သွေးမွေးဖွားမည့် နိမိတ်ဖြစ်၏။
- နားရွက်ကိုင်သည်ကို တွေ့မြင်ရပါက
  နှစ်လကျော်ပါလျှင် ရင်သွေးမွေးဖွားလာမည့် နိမိတ်ဖြစ်၏။
- ဆံပင်နောက်ပိုင်းသို့ ကိုင်သည်ကို တွေ့မြင်ရပါက
  သားသမီး (၅) ယောက်ရမည့် နိမိတ်ဖြစ်၏။
- နားရွက်ကိုင်သည်ဆိုလျှင်မူ
  သား (၅) ယောက်ရမည့် နိမိတ်ဖြစ်၏။

- လက်–လက်ချင်း ထိသည်ကိုတွေ့မြင်ရပါက
  သား (၃) ယောက်ရမည့် နိမိတ်ဖြစ်၏။
- လက်မချင်းထိမိသည်ကို တွေ့မြင်ရပါက
  သားမရ၊ သမီးပဲရမည့် နိမိတ်ဖြစ်၏။
- ဘယ်ဘက်နားကို ကိုင်သည်အား တွေ့မြင်ရပါက
  သမီး (၂) ယောက်ရမည့် နိမိတ်ဖြစ်၏။
- ညာဘက်ဒူးကို ကိုင်သည်အာ. တွေ့မြင်ရပါက
  သား (၂) ယောက်ရမည့် နိမိတ်ဖြစ်ချေ၏။

## ၁၃။ မီးဖိုချောင်မှ နိမိတ်များ

စားရေးသောက်ရေးကိစ္စအတွက် ကျွန်ုပ်တို့သည် မီးဖိုချောင်ကို အားကိုးအားထားပြုကြရလေ၏။ ထမင်းဟင်းများကို ချက်ပြုတ်သည့်အခါဝယ် မီးဖိုကို အသုံးပြုကြ၏။ ဤ၌ မီးဖိုတွင် မီးငြိမ်းသွားသည်နှင့်ပတ်သက်သည့် နိမိတ်ကို တင်ပြလိုက်ပါ၏။ ထိုနိမိတ်အဟောမှ တရုတ်ပညာရှင်များ ရှာဖွေဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။

(၁) ည (၁၁) နာရီမှ (၁) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ဧနီးသည် ဖောက်ပြန်မည့် နိမိတ်ဖြစ်၏။

(၂) ည (၁) နာရီမှ နံနက် (၁) နာရီအတွင်းမီးဖိုမီးငြိမ်းသော်
- ဒနီးသည် ဖောက်ပြန်မည့် နိမိတ်ဖြစ်၏။

(၃) နံနက် (၃) နာရီမှ (၅) နာရီတွင်း မီးဖိုမီးငြိမ်းသော်
- ဥစ္စာပစ္စည်း ရရှိမည့်၊ ဝတ်ကောင်းတန်ဆာရရှိမည့်၊ အောင်မြင်တိုးတက်မည့် နိမိတ်ဖြစ်၏။

(၄) နံနက် (၅) နာရီမှ (၇) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- စီးပွားတိုးတက်မည့်၊ အလိုအလျောက် ဝတ်ကောင်းစားလှတွေရောက်လာမည့် နိမိတ်ဖြစ်၏။

(၅) နံနက် (၇) နာရီမှ (၉) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ပူပင်သောကရောက်မည့်၊ စကားများရန်ဖြစ်မည့် နိမိတ်ဖြစ်၏။

(၆) နံနက် (၉) နာရီမှ (၁၁)နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ပျော်ရွှင်ရမည့်၊ စားကောင်းသောက်ဖွယ်တွေရောက်လာမည့် နိမိတ်ဖြစ်၏။

(၇) နံနက်(၁၁)နာရီမှ မွန်းလွဲ (၁) နာရီအတွင်းမီးဖိုမီးငြိမ်းသော်
- မင်းပြစ်မင်းဒဏ်သင့်မည့်၊ ဘေးဆိုးကပ်အန္တရာယ်ကျရောက်မည့် နိမိတ်ဖြစ်၏။

(၈) မွန်းလွဲ (၁) နာရီမှ (၃)နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- စီးပွားတိုးတက်မည့် နိမိတ်ဖြစ်၏။

(၉) ညနေ (၃) နာရီမှ (၅) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- စီးပွားတိုးတက်မည့်၊ ထီပေါက်မည့် နိမိတ်ဖြစ်၏။

(၁၀) ညနေ (၅)နာရီမှ ည (၇)နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ဘေးဒုက္ခဖြစ်မည့်၊ အသုဘကိစ္စဖြစ်ပေါ်မည့် နိမိတ်ဖြစ်၏။

(၁၁) ည (၇)နာရီမှ (၉) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ပူပင်သောကရောက်မည့် နိမိတ်ဖြစ်၏။ (မကြာခင် အဆင်ပြေသွားပါလိမ့်မည်)

(၁၂) ည (၉)နာရီမှ (၁၁) နာရီအတွင်း မီးဖိုမီးငြိမ်းသော်
- ရောဂါဖြစ်မည့်၊ မကောင်းမှုတွေ လွန်ကျူးလာမည့် နိမိတ်ဖြစ်၏။

## ၁၄။ မကောင်းသော ခရီးသွားနိမိတ်များ

(၁) ခရီးသွားသည့်အချိန် လက်ထဲရှိ အသုံးအဆောင်ပစ္စည်းများ ပြုတ်ကျလျှင် နိမိတ်မကောင်းပါ။ (ဥပမာ ထီး၊ လွယ်အိတ်၊ စာအုပ်၊ ဘောလ်ပင် စသည်)

(၂) ခရီးသွားကာနီး၌ မိန်းမဖြစ်သူက ကလေးများအား အားပါးတရ ရိုက်သဖြင့် အော်ဟစ်ငိုယိုနေသည်ကို ကြားရလျှင် နိမိတ်မကောင်းပါ။

(၃) ခရီးသွားနေစဉ် ကားပေါ်၌ မိန်းမအချင်းချင်း ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုနေသည်ကို ကြားရတွေ့ရလျှင် နိမိတ်မကောင်းပါ။

(၄) ခရီးသွားခါနီး၌ ငိုညည်း၍ တောင်းစားနေသော သူတောင်းစားတို့အား ထပ်ခါတလဲလဲ တွေ့ကြုံခဲ့လျှင် နိမိတ်မကောင်းပါ။

(၅) ခရီးသွားခါနီး၌ အိမ်နီးနားချင်းများ တုတ်တစ်ပြက်၊ ဓားတစ်ပြက်နှင့် ရန်ဖြစ်သည်ကို တွေ့ရလျှင် နိမိတ်မကောင်းပါ။

(၆) ခရီးသွားခါနီး၌ အိမ်ကမိန်းမက စောစောပြန်လာဖို့ ပြောဆိုသည်ကို ကြားရလျှင် နိမိတ်မကောင်းပါ။

(၇) သွားခါနီး၌ အိမ်ကကလေးများ တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်ရင်းမှ ဖူးယောင်သွားသည်ကို တွေ့မြင်ရလျှင် နိမိတ်မကောင်းပါ။

(၈) ခရီးသွားခါနီး၊ လာခါနီး၌ အရေးကြီးသည့် စာရွက်စာတမ်း၊ နိုင်ငံသားကတ်၊ ရထားလက်မှတ်၊ ကားလက်မှတ်၊ လေယာဉ်လက်မှတ်၊ သင်္ဘောလက်မှတ် စသည်ဖြင့် မေ့ကျန်ရစ်ခဲ့လျှင် နိမိတ်မကောင်းပါ။

(၉) ခရီးသွားနေခိုက် မိန်းမဖြစ်သူက ယောက်ျားဖြစ်သူအား ကိုယ်ထိလက်ရောက် စော်ကားသည့် မြင်ကွင်းကို တွေ့ကြုံလျှင် နိမိတ်မကောင်းပါ။

(၁၀) ခရီးသွားနေရင်းမှ ခလုတ်တိုက်ပြီး လဲကျကာ ခြေမ (သို့) ဒူး တစ်ခုခု ထိခိုက်သွားလျှင် နိမိတ်မကောင်းပါ။

(၁၁) ခရီးသွားနေခိုက် လူတစ်ယောက် မနိုင်မနင်းပစ္စည်းများ သယ်ပိုးသွားရင်း ပြုတ်ကျသည်ကို မြင်ရလျှင် နိမိတ်မကောင်းပါ။

(၁၂) လမ်းသွားရင်း ဖိနပ်သဲကြိုးပြတ်သွားခဲ့ပါက နိမိတ်မကောင်းပါ။

(၁၃) ကြက်တွန်သံကို ထပ်ခါတလဲလဲ ကြားရလျှင် နိမိတ်မကောင်းပါ။

(၁၄) ရှေ့မှလူက ခရီးသွားနေသောသင့်အား ပြက်ရယ်လှောင်ပြောင်စကား ပြောဆိုနေလျှင် နိမိတ်မကောင်းပါ။

(၁၅) ကားကို ဗြုန်းခနဲ ရပ်လိုက်သည့်အခိုက် နဖူးနှင့်ကားတို့ ရိုက်မိ၊ ခိုက်မိသွားလျှင် နိမိတ်မကောင်းပါ။

(၁၆) ကားပေါ်မှအဆင်း တံခါးပေါက်ဘောင်နှင့် နဖူးတို့ ရိုက်မိ ခိုက်မိသွားလျှင် နိမိတ်မကောင်းပါ။

(၁၇) မိမိရှေ့မှောက်၌ ပက်ပက်စက်စက် ဆဲခြင်းမျိုး၊ ရန်ဖြစ်ခြင်းမျိုး မိန်းမနှစ်ယောက် နပန်းဖက်သတ်ရင်း အဝတ်အစားကင်းမဲ့သည်ကို တွေ့မြင်ရလျှင် နိမိတ်မကောင်းပါ။

(၁၈) ကိုယ့်ရှေ့၌ ရန်ဖြစ်နေကြသူများအနက် တစ်ယောက်ယောက်က လုံချည်လှန်ပြလျှင် နိမိတ်မကောင်းပါ။

(၁၉) ကိုယ့်ရှေ့၌ လူတစ်ယောက် (သို့မဟုတ်) ကလေးငယ်တစ်ယောက် (သို့မဟုတ်) မိန်းကလေးတစ်ယောက် ရိုက်ကြီးတငင်ငိုလျက် အငိုမတိတ်ခဲ့ပါမူ နိမိတ်မကောင်းပါ။

(၂၀) ကိုယ့်ရှေ့၌ စိတ်ဝေဒနာရှင်တစ်ယောက်မှ အကြောင်းမဲ့သက်သက် အလကားနေရင်း ရယ်နေပါက နိမိတ်မကောင်းပါ။

(၂၁) အိမ်မှထွက်ခါနီး၌ စကားများရခြင်း၊ အခြေအတင် ငြင်းခုန်ရခြင်း၊ ရန်ဖြစ်ခြင်းမျိုးကြုံရလျှင် နိမိတ်မကောင်းပါ။

(၂၂) ခေါင်းပေါ်၌ ငှက်ဆိုး၊ လင်းတ၊ တစ်တီတူးစသော အမင်္ဂလာငှက်တစ်ကောင်ကောင်က ထိုးခြင်းမျိုး၊ ပျံဝဲနေခြင်းမျိုး၊ ခရီးစဉ်တစ်လျှောက်၌ ထပ်ကာ,ထပ်ကာ တွေ့နေရသည်မျိုး၊ ကိုယ့်ရှေ့မျက်မှောက်၌ ဖြုန်းခနဲ အပေါ်ထပ်မှ ပြုတ်ကျလာသည်တို့ ဖြစ်ခဲ့လျှင် နိမိတ်မကောင်းပါ။

(၂၃) ဦးထုပ်၊ ခေါင်းပေါင်း၊ ေါင်းစွပ် တစ်ခုခု ပြုတ်ကျခဲ့လျှင် နိမိတ်မကောင်းပါ။

(၂၄) ကိုယ့်ခေါင်း၏အရိပ်ကို ကိုယ်မမြင်ရလျှင် နိမိတ်မကောင်းပါ။

(၂၅) ဖြုန်းခနဲ ဒုက္ခသည်တစ်ယောက်အား တွေ့လိုက်လျှင် နိမိတ်မကောင်းပါ။

(၂၆) အိမ်မှအထွက် တံခါးဘောင်နှင့် ဦးခေါင်း ထိမိခိုက်မိလျှင်၊ ခလုတ်တိုက်သည်မျိုး ဖြစ်ခဲ့လျှင် နိမိတ်မကောင်းပါ။

(၂၇) ယာဉ်၊ ရထားတို့ကို စီးနင်းလိုက်ပါရင်းမှ ဖြုန်းခနဲ ပြုတ်ကျခဲ့သော် နိမိတ်မကောင်းပါ။

(၂၈) သွားမည့်ခရီးအတွက် ကြိမ်ဖန်များစွာ ယာဉ်ရထားတို့အား ရပ်ပေးရန် တားသော်လည်း ရပ်မပေးဘဲသွားနေခဲ့လျှင် နိမိတ်မကောင်းပါ။

(၂၉) ခရီးသွားနေရင်းက မျက်မှန်ကိုင်းကျိုးခြင်း၊ မှန်ပြုတ်ကျခြင်း၊ ဖောင်တိန်နှစ် ကျိုးခြင်း၊ ဖောင်တိန်၊ ဘောလ်ပင်တို့ ပြုတ်ကျသည်ရှိသော် နိမိတ်မကောင်းပါ။

(၃၀) မိမိပိုင်ဆိုင်သော၊ မိမိတန်ဖိုးထားမြတ်နိုးသော ပစ္စည်းတစ်ခုခု ကျကွဲသွားမည်ဆိုလျှင်၊ သွားခါနီး၊ လာခါနီး အလိုရှိသောပစ္စည်းအား ရှာဖွေ၍ မတွေ့သည်ရှိသော် နိမိတ်မကောင်းပါ။

(၃၁) မတော်တဆ သွားလာနေရင်းမှ မိမိ၏ ခန္ဓာကိုယ်ထိခိုက်မိလျှင် နိမိတ်မကောင်းပါ။

(၃၂) မျက်မှောက်ရှေ့တည့်တည့်၌ တိရစ္ဆာန်တစ်ကောင်ကောင် ဖြုန်းခနဲ သေသွားခဲ့ပါလျှင်၊ မတော်တဆ ထိမိခိုက်မိလျှင် နိမိတ်မကောင်းပါ။

(၃၃) မိမိရှေ့မှောက်၌ တိရစ္ဆာန်တစ်ကောင်နှင့်တစ်ကောင် အသေအကြေ၊ အသည်းအသန် တိုက်ခိုက်သတ်ဖြတ်နေသည်ကို မြင်ရလျှင် နိမိတ်မကောင်းပါ။

(၃၄) မိမိ၏ ရှေ့မှောက်၌ ကလေးငယ်တစ်ယောက် မတိတ်ဘဲ ငိုကြွေးလွန်စွာရှည်နေလျှင် နိမိတ်မကောင်းပါ။

(၃၅) အလကားနေရင်း စိတ်ထဲလေးလံ ကျုပ်ခဲနေပါက နိမိတ်မကောင်းပါ။

(၃၆) မိမိဝတ်ဆင်ထားသော အင်္ကျီစ (သို့) လုံချည် (သို့) ဖိနပ်သည် အိမ်မှအထွက် တံခါးနှင့်ချိတ်မိသွားသည် မျိုး၊ ငြိနေ၊ မိနေခြင်းမျိုး ကြုံရလျှင် နိမိတ်မကောင်းပါ။

(၃၇) မိမိ၏ရှေ့၌ လူတစ်ယောက်သည် ခိုကဲ့သို့ ညည်းတွားနေ သည်မျိုးကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရလျှင် နိမိတ် မကောင်းပါ။

(၃၈) ရေဘူး၊ ရေအိုး၊ ရေတကောင်းတို့ နေရင်းထိုင်ရင်း ကွဲသွားလျှင် နိမိတ်မကောင်းပါ။

(၃၉) နေရင်းထိုင်ရင်း ကျီးကန်းများ ပြိုလာသကဲ့သို့ တအာအာ နှင့် အာနေကြလျှင် နိမိတ်မကောင်းပါ။

(၄၀) ထူးထူးခြားခြား အချိန်အခါမျိုး မဟုတ်ပါဘဲနှင့် ခွေးအူ သံများကို ကြားလိုက်ရလျှင် နိမိတ်မကောင်းပါ။

(၄၁) ကိုယ့်ရှေ့၌ လက်ထိပ်ကြိုးချည်ပြီး ခေါ်ဆောင်သွားသည် ကိုမြင်ရလျှင် နိမိတ်မကောင်းပါ။

(၄၂) ကိုယ့်ရှေ့၌ ဆိတ် (သို့)၊ နွား (သို့) ကြက်တို့အချင်းချင်း တိုက်ခိုက်နေကြလျှင် မကောင်းပါ။

(၄၃) လမ်းသွားနေခိုက် မြွေအလမ္ပာယ်ပြနေသည်နှင့်ကြုံလျှင် နိမိတ်မကောင်းပါ။

(၄၄) လမ်းသွားရင်း မျက်လှည့်ပွဲနှင့်ကြုံလျှင် မကောင်း။ (ရပ် မကြည့်လျှင် ဘာမျှမဖြစ်ပါ။)

(၄၅) ပန်းတိုင်ရောက်ခါနီး၌ လူတစ်ယောက် ကိုယ်ရှေ့လာရပ်လျှင် နိမိတ်မကောင်းပါ။

(၄၆) လမ်းသွားရင်း ခါးပိုက်အနှိုက်ခံရသည်နှင့်ကြုံလျှင် နိမိတ်မကောင်းပါ။

(၄၇) ခရီးသွားရင်း ကားပေါ်၌ မျက်မှန်ပြုတ်ကျလျှင် နိမိတ်မကောင်းပါ။

(၄၈) ကားပေါ်၌ ကိုယ့်ခြေထောက်အား နှစ်ကြိမ်နှစ်ခါ အနင်းခံရလျှင် မကောင်းပါ။

(၄၉) သွေးထွက်သံယို ဖြစ်နေသည်ကို နှစ်ခါထက်မနည်း တွေ့ကြုံရလျှင် နိမိတ်မကောင်းပါ။

(၅၀) စီးလာသည့်ကား မတော်တဆ တိုက်ခိုက်မိလျှင်–

(၅၁) လမ်းခရီး၌စီးလာသည့်ကား လုံးဝစက်နိုးမရအောင်ပျက်သွားလျှင်–

(၅၂) လမ်းခရီး၌ မီးနီအတားအဆီးတွေချည်း ခဏ,ခဏကြုံနေရလျှင်

(၅၃) ကိုယ့်ရှေ့၌ လူအပါအဝင် တိရစ္ဆာန်တို့အား ရက်စက်စွာရိုက်နှက်ခေါ်ဆောင်သွားလျှင်

(၅၄) ရှေ့တည့်တည့်၌ လက်ထောက်ပြီး ညည်းညူသူနှင့် ကြုံတွေ့ရလျှင်

(၅၅) လမ်းခရီး၌ လက်ခါပြသူတွေချည်းကိုသာ မြင်ရလျှင်

(၅၆) ကားသုံးလေးစီးထက်မနည်း ရပ်ပေးပါလျက် မည်သည့်ကားပေါ်ကိုမျှ မတက်နိုင်လျှင်

(၅၇) အငှားယာဉ်သုံးလေးစီးမက သွားလိုသည့်ခရီးအတွက် ဈေးမတည့်လျှင်

(၅၈) လမ်းသွားနေရင်း သစ်ကိုင်းက နဖူးကို ရိုက်သွားလျှင်သော်လည်းကောင်း၊ ခလုတ်တိုက်မိ၍ သွေးထွက်သံယိုဖြစ်ခဲ့လျှင်

(၅၉) မိမိလေးစားသော ပုဂ္ဂိုလ်မှလည်းကောင်း၊ မိမိထက်ကြီးသော ပုဂ္ဂိုလ်မှလည်းကောင်း၊ မိမိအရမ်းချစ်ရသောပုဂ္ဂိုလ်မှလည်းကောင်း၊ မိမိထက် အရမ်းငယ်သောကလေးကတားခဲ့လျှင်သော်လည်းကောင်း

(၆၀) မိမိဝက်ဆင်ထားသော အကျီလုံချည်တို့ ရုတ်တရက် ပြစုတ်သွားလျှင်

(၆၁) မိမိ ယူဆောင်သွားမည့်အထုပ် ပြုတ်ကျကာ ကွဲသည်တိုကွဲ၊ ပြန့်ကျဲသည်တို့ ပြန့်ကျဲသွားလျှင်–

(၆၂) ယူဆောင်သွားမည့်အထုပ် မမျှော်လင့်ဘဲ ပွင့်သွားလျှင်

အဆိုပါ နိမိတ်များမှာ မကောင်းသောနိမိတ်များဖြစ်ကြပါချေ၏။

## ၁၅။ ကောင်းသော ခရီးသွားနိမိတ်များ

(၁) ခရီးသွားလာနေခိုက် ယောကျ်ားဖြစ်က ဘယ်ဘက်မျက်ခုံး၊ မိန်းမဖြစ်က ညာဘက်မျက်ခုံးလှုပ်ခဲ့လျှင်

(၂) ခရီးသွားနေခိုက် ခရုသင်းမှုတ်သံ၊ ပရိတ်ရွတ်သံ၊ ကြေးစည်ထုသံ၊ မောင်းထုသံ၊ အမျှဝေနေသောအသံ၊ သာဓုခေါ်သံတို့ကို ကြားရလျှင်

(၃) ခရီးသွားနေခိုက် သူတစ်ပါးကိုပေးရမည့် ပစ္စည်းအားတိကျသေစွာ ပေးနိုင်ခဲ့လျှင်-

(၄) ခရီးသွားနေခိုက် ဆေးရုံတင် အရေးပေါ်ကား နိဗ္ဗာန်ယာဉ်များ ဖြတ်သန်းသွားသည်ကို တွေ့မြင်ရလျှင်

(၅) ခရီးသွားနေခိုက် လောင်းကစားအိမ်ရှေ့မှ ကွင်းရှောင်နိုင်ခဲ့လျှင်

(၆) ခရီးသွားနေခိုက် မိမိရှေ့မှ မြွေဖြတ်သွားခဲ့လျှင်

(၇) မျှော်လင့်မထားဘဲ ရွှေငွေရတနာပစ္စည်းများကို တွေ့မြင်လိုက်ရလျှင်

(၈) ခရီးသွားနေခိုက် မိမိအနားမှ ကထိန်လှည့်ခြင်းမျိုး၊ အိုးစည်၊ ဒိုးပတ်၊ လင်းကွင်းများ သီဆိုတီးမှုတ်ကြကာ ဖြတ်သွားခြင်းမျိုးကို ကြုံရလျှင်

(၉) ခရီးသွားနေခိုက် အားပါးတရ ဘုရားရှိခိုးသံကို ကြားလိုက်ရလျှင်

(၁၀) ခရီးသွားနေခိုက် ဖြုန်းခနဲ ရပ်နေသောကားမှ ထွက်သွားခြင်းမျိုး၊ မြင်း၊ နွား၊ လှေ၊ လှည်းတို့ ထွက်ခွာသွားသည်ကို တွေ့မြင်ရလျှင်–

(၁၁) ခရီးလမ်း၌ ငါးတစ်ကောင်ကောင်ကို ကျော်လွှားသွားမိလျှင်

(၁၂) ခရီးသွားနေခိုက် မိမိရှေ့မှ လူသည်ထိုင်ပြီးပျော်နေလျှင်

(၁၃) ခရီးသွားနေခိုက် အုံခဲနေသော ပျားအုံကို တွေ့လိုက်ရလျှင်

(၁၄) ခရီးသွားနေခိုက် ထူးထူးဆန်းဆန်း တိရစ္ဆာန်များကို တွေ့မြင်ရလျှင်

(၁၅) လမ်းခရီး၌ ဆင်၊ မြင်း၊ နွား စသော သတ္တဝါများ မြူးမြူးကြွကြွ သွားလာနေသည်ကို တွေ့မြင်ရလျှင်

(၁၆) အကြံအစည်ရှိ၍ သွားခါနီး၌ အိမ်ရှင်မက ငါးဝယ်၍ဖြစ်စေ၊ တစ်ယောက်ယောက် ငါးတစ်ကောင် လက်ဆောင်ပေး၍ဖြစ်စေ၊ ခြံ၌ ငါးတစ်ကောင် ဝင်လာ၊ရောက်လာလျှင်

(၁၇) ခရီးသွားနေခိုက် ငိုယိုသူကင်းမဲ့သော အသုဘကို တွေ့မြင်ရလျှင်

(၁၈) ခရီးသွားနေခိုက် တိရစ္ဆာန်များ အစာစားနေသည်ကိုတွေ့မြင်ရလျှင်

(၁၉) ခရီးသွားနေခိုက် သူတောင်းစားအချင်းချင်း ရန်ဖြစ်နေသည်ကိုလည်းကောင်း၊ အခြေအနေမဲ့သူတို့ အချင်းချင်း ရန်ဖြစ်နေသည်ကိုလည်းကောင်း တွေ့မြင်ရလျှင်

(၂၀) ခရီးသွားခါနီး အိမ်ရှိကလေးများ ဘုရားရှိခိုးနေသည်ကို တွေ့မြင်ရလျှင်

(၂၁) ခရီးသွားတော့မည့်ဆဲဆဲ အလှူခံ သူတော်စင်တစ်ဦးအား မိမိမှ စေတနာသဒ္ဓါတရား သန်သန့်ဖြင့် ကြည်နူးစွာ လှူဒါန်းမိခဲ့လျှင်–

(၂၂) ခရီးသွားနေခိုက် ပျော်စရာကောင်းသော ရုပ်ရှင်ရုံမှ ရုံလွှတ်ချိန်၊ ပရိသတ်အများ ပျော်ပျော်ပါးပါး ထွက်လာကြသည်ကို တွေ့မြင်ရလျှင်

(၂၃) ခရီးသွားနေခိုက် မိမိရှေ့မှ မိန်းမလှလေးတစ်ယောက် ဆီး၊ တံခွန်၊ ကုက္ကားတို့ဝယ်ပြီး ပြန်လာသည်ကို တွေ့မြင်လိုက်ရလျှင်

(၂၄) ခရီးသွားသည့်အခါ၌ မင်္ဂလာရှိသော၊ ကျက်သရေရှိသော အသံများကို ကြားရမည်ဆိုပါလျှင်

(၂၅) ခရီးသွားနေခိုက် ဘေးမှလူများ ရွှေ၊ ငွေ၊ ကျောက်မျက် ရတနာအကြောင်းကို ရွှန်းဝေအောင် ပြောဆိုနေကြသည်တို့အား ထပ်ခါတလဲလဲ ကြားနေရလျှင်

(၂၆) ခရီးသွားနေသည့်အခိုက် တစ်စုံတစ်ယောက်က ရေခပ်သောက်သည်ကို တွေ့မြင်ရလျှင်

(၂၇) ခရီးသွားနေခိုက် တစ်စုံတစ်ယောက်က သောက်ရေအိုးစင်များ၌ ရေလိုက်ဖြည့်သည်ကို တွေ့မြင်ရလျှင်
(၂၈) လမ်းခရီး၌ ကြည်လင်သော စမ်းချောင်းကို မျှော်လင့်မထားဘဲ တွေ့လိုက်ရလျှင်
(၂၉) လမ်းခရီး၌ ရေဒလဟောထွက်ကျနေသော ရေဘုံပိုင်ကို တွေ့လိုက်ရလျှင်
(၃၀) ခရီးသွားနေခိုက် လမ်းခရီး၌ ဘုန်းတန်ခိုးရှိန်စော် အာနုဘော်ကြီးမားသည့် ဆရာတော်၊ သံဃာတော်ကြီးများအား ဖူးတွေ့လိုက်ရလျှင်–
(၃၁) ခရီးသွားနေခိုက် လမ်းခရီး၌ နာမည်သတင်းကြီးပြီး ဂုဏ်ရှိသော သူတော်ကောင်းပုဂ္ဂိုလ်တို့နှင့် တွေ့လိုက်လျှင်–
(၃၂) လမ်းခရီး၌ နိမိတ်ကောင်းသော နာမည်များရှိသည့် လမ်းများ (ပမာအားဖြင့် အောင်မင်္ဂလာ၊ သြဘာ၊ သီရိစသဖြင့်) ဆိုင်များ (ရသာမွှန် ထမင်းဆိုင်၊ ခိုင်ခံ့ အိမ်ဆောက်ပစ္စည်းဆိုင်၊ မွှေးပျံ့သင်း အလှကုန်ပစ္စည်းဆိုင်၊ ကျော့ကျော့ရှင်း အလှပြင်ဆိုင်စသည်) တို့ကို တွေ့ရကြုံရဆုံရလျှင်
(၃၃) လမ်းခရီး၌ တားလျှင်တားချင်း ကားရ၍ မိမိဆစ်သော ဈေးအတိုင်း အငှားကားကို စီးရသည်ဆိုလျှင်
(၃၄) သွားသည့်အခါ၌ အိမ်သူ ဧနီးမယားနှင့် ကြည်ကြည်သာသာရှိလျှင်

(၃၅) သွားသည့်အခါ၌ အိမ်ရှိရင်သွေးငယ်များ ပျော်ပျော်ပါးပါး ရှိနေကြလျှင်

(၃၆) အိမ်မှထွက်သည့်အခါ နံဘေးအိမ်မှ ဓမ္မပူဇာတေးများ၊ တရားတိပ်ခွေများ ဖွင့်နေသည်ကို ကြားရလျှင်

(၃၇) သွားခါနီး၌ ပျော်ပျော်ပါးပါး အော်ဟစ်သီဆိုသွားကြသည့် ကားတစ်စီး မိမိရှေ့မှ ဖြတ်မောင်းသွားလျှင်

(၃၈) မိမိစီးနင်းလိုက်ပါသောယာဉ်၌ မင်္ဂလာကျက်သရေရှိသော တေးသီချင်းများ ဖွင့်ပေးလျှင်

(၃၉) လမ်း၌ ကလေးများ အုပ်စုဖွဲ့ကာ ပျော်ပျော်ရွှင်ရွှင် ကစားနေကြသည်ကို တွေ့မြင်ရလျှင်

(၄၀) သွားလာနေသည့်အခိုက် အောင်ပွဲဆင်သော စကားသံများ၊ အော်ဟစ်သံများ၊ အောင်မြင်မှုဆိုင်ရာ သတိပေးစာတမ်း၊ ဆိုင်းဘုတ်များကို ကြားရ၊ မြင်ရ၊ ဖတ်ရှုရလျှင်

(၄၁) အကြံအစည်နှင့်သွားသည့်အချိန်၌ ရှင်ပြုခြင်း၊ ရှင်လောင်း လှည့်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ ညှော့ခံခြင်း စသည်တို့ကို တွေ့ကြုံရပါလျှင်

(၄၂) သွားလာသည့် လမ်းခရီး၌ သံဃာတော်များအား ဆွမ်း လောင်းနေခြင်း၊ ဘုရားကျောင်းဆောင်များ ပင့်သွားခြင်း တို့ကို တွေ့ကြုံရပါလျှင်

(၄၃) လမ်းခရီး၌ မင်္ဂလာဆောင်သို့ လည်းကောင်း၊ အလှူသို့ လည်းကောင်း ဝတ်ကောင်းစားလှဖြင့် သွားလာနေကြကုန်သောသူတို့အား စုံစုံလင်လင် တွေ့လိုက်ရပါလျှင်

(၄၄) ရွှေ၊ ငွေ ပြည့်ပြည့်စုံစုံဖြင့် ဆင်မြန်းထားသော သူတစ်ယောက်က မိမိရှေ့၌ စိတ်ချမ်းသာစေသည့်၊ မျှော်လင့်ချက်ထားရှိသည့်စကားများကို ပြောဆိုနေသည်ကို ကြားရပါလျှင်

(၄၅) လမ်းခရီး၌ မိမိလိုက်ပါစီးနင်းသောယာဉ်သည် အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ လိုရာဒေသသို့ အချိန်တိကျစွာ ရောက်သားပါလျှင်

ကောင်းသောနိမိတ်အတိုင်း ကောင်းကျိုးအထွေထွေနှင့် တွေ့ကြုံခံစားရပါလိမ့်မည် ဖြစ်ပါကြောင်း။

## ၁၆။ ဝတ်စားဆင်ယင်မှုဆိုင်ရာ နိမိတ်များ

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူမှန်လျှင် ဝတ်စားဆင်ယင်မှုဟူသည် ရှိကြစမြဲဖြစ်၏။ အချို့ အဝတ်အစားချို့တဲ့ကြ၏။ ဆင်ယင်မှု အားနည်းကြ၏။ တချို့ကျတော့လည်း သူ့အိုးနှင့်သူ့ဆန် တန်ရုံပင်ဖြစ်၏။ တချို့ကျတော့လည်း အလွန်အကျူး အလှအပဆိုင်ရာ ပစ္စည်းများကလည်း များပြား၊ ပြင်ဆင်မှုဆိုင်ရာ ပညာတွေကလည်း တိုးတက်။ သည်တော့လည်း လှပစွာ ဝတ်စားဆင်ယင်လာကြသည်မှာ မဆန်းပြီ။

ဤသို့ ဝတ်စားဆင်ယင်မှု၊ ပြောပုံဆိုပုံ၊ ကိုယ်လက်အမူအရာတို့ကို အကဲခတ်၍ နိမိတ် အဆိုးအကောင်းကို သိနိုင်ပါ၏။ ပညာရှင်တို့ ဖော်ထုတ်တင်ပြခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ချေတကား။

(၁) ဆံထုံး၌ ပန်းပန်လာပါက ရည်စားများမည့်၊ ကိုယ့်အပေါ် ချစ်ခင်သူများမည့် နိမိတ်ဖြစ်၏။ မကြာခဏ ခရီးသွားရတတ်၏။ အပေါင်းအသင်းများသူလည်းဖြစ်၏။

(၂) သစ်သီး ငှက်ပျောသီးကိုင်ဆောင်ပြီး တစ်ခုခုလာမေးပါက ပစ္စည်းပျောက်မည့်၊ အလိမ်ခံရမည့် နိမိတ်ဖြစ်၏။

(၃) ပဝါခြုံပြီး တစ်ခုခုလာမေးပါက မကြာခင်ကာလအတွင်း ငွေသာမက လူပါဝင်မည့် နိမိတ်ဖြစ်ချေ၏။

(၄) တုတ်ကိုင်ပြီး တစ်ခုခုလာမေးပါက ရှာသူ၏နှောင့်ယှက်ခံရမည့်၊ ကျန်းမာရေးချို့တဲ့မည့် နိမိတ်ဖြစ်၏။

(၅) အနက်ရောင်၊ အစိမ်းရောင်တို့ကို ဝတ်ဆင်၍လည်းကောင်း၊ စွပ်ကျယ်စပို့ရှပ်၊ တီရှပ်ကို ဝတ်ဆင်၍ တစ်ခုခုလာမေးပါက မကြာမီ ကံကောင်းတော့မည့် နိမိတ်ဖြစ်ချေသည်။

(၆) ဖိနပ်စီးပြီး အမေးရောက်လာပါက သက်န်းပရိက္ခရာတို့ကို လှူဒါန်းရတော့မည့် နိမိတ်ကောင်းဖြစ်ပါသည်။

(၇) ကွမ်း၊ လက်ဖက်လက်ဆောင်တို့နှင့် ရောက်လာပါက ရတနာပစ္စည်းများ ဝင်တော့မည့်၊ ခြေလေးချောင်းသတ္တဝါ

များ၊ ယာဉ်ရထားတို့ ဝင်မည့်အပြင် စီးပွားရေးကံလည်း ကောင်းနေမည့် နိမိတ်ဖြစ်ပါသည်။

(၈) လက်ဆောင်ပေးပြီး အမေးရောက်လာပါက အိမ်ပြင်ရ၊ ပြောင်းရမည့် နိမိတ်ဖြစ်ပါသည်။

(၉) ဆောင့်ကြောင့်ထိုင်ပြီး အမေးရှိလာပါက ဖောက်ပြန်တတ်သည့်၊ အဆိပ်ရှိသတ္တဝါ အကိုက်ခံရမည့်၊ အန္တရာယ်ရှိသော ခရီးတစ်ခုထွက်ရမည့် နိမိတ်ဖြစ်၏။

(၁၀) ဆံထုံးဖြင့် အမေးရှိလာပါက အမြင့်ပေါ်မှ ပြုတ်ကျတတ်သည့်၊ သေကောင်ပေါင်းလဲ ဒဏ်ရာရနိုင်သည့် နိမိတ်ဖြစ်၏။

(၁၁) ခေါင်းပေါင်းကို တစောင်းပေါင်းပြီး အမေးရှိလာပါက အလှူတစ်ခုခု လုပ်ရတော့မည့် နိမိတ်ဖြစ်၏။ တနင်္လာသားဖြစ်လျှင် ကျန်းမာရေးချို့တဲ့မည်။

(၁၂) ဒူးပေါ်သို့ လက်တင်ပြီး အမေးရှိလာပါက အမှုအခင်းကျရောက်တော့မည့် နိမိတ်ပင်။

(၁၃) အထုပ်ပိုက်ပြီး မေးလာပါက ထိုသူ၏အိမ်၌ အိမ်သားတစ်ဦး ချူချာမည့်၊ ကျန်းမာရေးချို့တဲ့မည့် နိမိတ်ဖြစ်၏။

(၁၄) အရှေ့(သို့) အနောက်အရပ်သို့ မျက်နှာမူကာ အမေးရှိလာပါက အိမ်သားတစ်ဦး ကျန်းမာရေးထိခိုက်နေသည်။ ယတြာ ချေ့ကိုချေရမည့် နိမိတ်ဖြစ်၏။

(၁၅) တောင် (သို့) မြောက်အရပ်သို့ မျက်နှာမူကာ အမေးရှိလာပါက မြေဖုတ်ဘီလူး၏ ဖမ်းစားခြင်းကို ခံရတတ်သည့် နိမိတ်ဖြစ်၏။

(၁၆) အရှေ့တောင်နှင့် အနောက်မြောက်အရပ်သို့ မျက်နှာမူကာ အမေးရှိလာပါက ပစ္စည်းအခိုးခံရခြင်း၊ ပစ္စည်းပျောက်ခြင်း တို့ကြုံမည့် နိမိတ်ဖြစ်၏။

(၁၇) အရှေ့မြောက်နှင့် အနောက်တောင်အရပ်သို့ မျက်နှာမူကာ အမေးရှိလာပါက ဥယျာဉ်ခြံမြေလုပ်ငန်း လုပ်ကိုင်လျှင် မွဲတေမည့် နိမိတ်ဖြစ်၏။

(၁၈) ခေါင်းကိုခေါက်ပြီး အမေးရှိလာခဲ့ပါလျှင် အိမ်တွင်အပူရှိနေသည့်၊ ခေါစာပစ်ရမည့် နိမိတ်ဖြစ်၏။

(၁၉) ဆံပင်ကိုဆွဲပြီး အမေးရှိလာခဲ့ပါက စီးပွားရေးကျဆင်းမည့်၊ စိတ်အကြီးအကျယ်ညစ်ရမည့် နိမိတ်ဖြစ်၏။

(၂၀) ဆံထုံး၌ အပ်စိုက်ပြီး အမေးရှိလာခဲ့ပါက အချစ်နှင့်ကွဲကွာမည့်၊ အမှုဖြစ်မည့်၊ စိတ်ညစ်ရမည့် နိမိတ်ဖြစ်၏။

(၂၁) ဆံထုံး၌ ပန်းပန်ပြီး အမေးရှိခဲ့ပါက ခင်ပွန်းသည်ကြောင့် စိတ်ဆင်းရဲခြင်း၊ အိမ်ထောင်ရေးပြဿနာတို့နှင့် ရင်ဆိုင်ရမည့် နိမိတ်ဖြစ်၏။

(၂၂) ဆံထုံး၌ ဘီးစိုက်ပြီး အမေးရှိခဲ့ပါက တစ်ခုလပ်ဖြစ်ရတတ်သည်။ ခင်ပွန်းသည်ကြောင့် ရောဂါရတတ်သည့် နိမိတ်ဖြစ်၏။

(၂၃) ဆံပင်ဖားလျားချပြီး မေးလာခဲ့ပါက စီးပွားပျက်နေသည့်၊ ရန်သူများမည့်၊ အကြံအစည်တွေ ပျက်ပြားမည့် နိမိတ်ဖြစ်၏။

(၂၄) ဆံပင်ကိုသပ်ပြီး မေးလာခဲ့ပါက မကြာခင်ကာလအတွင်း ရောဂါဝေဒနာတစ်ခုခု စွဲကပ်ခံစားရတော့မည့် နိမိတ်ဖြစ်၏။

(၂၅) ဆံပင်ကိုဆွဲပြီး မေးလာခဲ့ပါက အမှုအခင်းကြီးဖြစ်တော့မည့် ထောင်ကျတော့မည့် နိမိတ်ဖြစ်၏။

(၂၆) နားရွက်ဆွဲပြီး မေးလာခဲ့ပါက စိတ်သောကရောက်မည့်၊ စွပ်စွဲခံရမည့် နိမိတ်ဖြစ်၏။

(၂၇) နားကိုအုပ်ပြီး မေးလာခဲ့ပါက နားရောဂါဝေဒနာ ခံစားရမည့်၊ စနေနံပစ္စည်းပျောက်ရှမည့် နိမိတ်ဖြစ်၏။

(၂၈) နဖူးကိုအုပ်ပြီး မေးလာခဲ့ပါက ရိုးရာပျက်နေသည့်၊ စုန်းဖမ်းစားမည့် နိမိတ်ဖြစ်၏။

(၂၉) ပါးကိုအုပ်ပြီး မေးလာခဲ့ပါက တန်ဖိုးရှိသောပစ္စည်းများ ပျောက်ရှမည့် နိမိတ်ဖြစ်၏။

(၃၀) ယပ်တောင်ကိုင်ပြီး မေးလာခဲ့ပါက ချူချာတော့မည့် နိမိတ်ဖြစ်၏။

(၃၁) မျက်စိကိုစမ်းပြီး မေးလာခဲ့ပါက ဒုက္ခရောက်မည့် နိမိတ်ဖြစ်၏။

(၃၂) တစ်ခုခုကိုပန်ပြီး နမ်းပြီး မေးလာခဲ့ပါက ချစ်သူနှင့်ကွဲ၍ စိတ်ဆင်းရဲရမည့် နိမိတ်ဖြစ်၏။

(၃၃) နှုတ်ခမ်းကိုစမ်းပြီး မေးလာပါက အမှုအခင်းနှင့်ကြုံတွေ့မည့် နိမိတ်ဖြစ်၏။

(၃၄) မေးကိုထောက်ပြီး မေးလာပါက အိမ်၌ ခရီးသွားနေသည့်သူ အမြင့်ပေါ်မှ လိမ့်ကျမည့် နိမိတ်ဖြစ်၏။

(၃၅) မျက်နှာကို လက်ကိုင်ပဝါသုတ်ပြီးသော်လည်းကောင်း၊ လက်ဝါးနှင့်ပုတ်ပြီးသော်လည်းကောင်း အမေးရှိပါက မကြာခင် အိမ်ထောင်ကျတော့မည့် နိမိတ်ဖြစ်၏။

(၃၆) လက်ျာနံပါးကိုစမ်းပြီး မေးပါက ချူချာမည့်၊ ကျန်းမာရေးချို့တဲ့မည့်၊ ဘေးဥပဒ်ကြုံမည့် နိမိတ်ဖြစ်၏။

(၃၇) လက်ဝဲနံပါးကိုစမ်းပြီး မေးပါက အရှေ့တောင်အရပ်သို့ ခရီးသွားနေသူကြောင့် စိတ်ဆင်းရဲရမည့် နိမိတ်ဖြစ်၏။

(၃၈) လည်ချောင်းကိုစမ်း၍ မေးပါက အိမ်ထောင်သုံးဆက်ကျပြီး သစ္စာမဲ့သော နိမိတ်ဖြစ်ချေ၏။

(၃၉) ရင်ဘတ်ကိုစမ်းပြီး မေးလာပါက မိမိထက်ကြီးသူတွေက တားရလောက်အောင် အိမ်ထောင်ပြုရေး သစ္စာမဲ့သည့် နိမိတ်ဖြစ်၏။ မိန်းမဖြစ်လျှင် ငယ်ရွယ်သူနှင့် ဖောက်ပြန်တတ်ပြီး တရားတပေါင်ဖြစ်တတ်သော နိမိတ်ဖြစ်၏။

(၄၀) ရင်သားကိုကိုင်ပြီး မေးလာပါက အိမ်ထောင်ရေး တကျက်ကျက်ဖြစ်မည့်၊ သူများလင်ကို ဖမ်းယူမည့်၊ သူများ

မယားကို ကြာခိုမည့်၊ အိမ်ထောင်ရေး စည်းကမ်းမဲ့သည့် နိမိတ်ဖြစ်၏။

(၄၁) ချက်ကိုစမ်းပြီး မေးလာပါက သူတစ်ပါး၏ အငယ် အနှောင်းဖြစ်မည့်၊ အချုပ်အနှောင်ခံရမည့်၊ အရှက်တကွဲ အကျိုးနည်းမည့် နိမိတ်ဖြစ်၏။

(၄၂) အိုးကိုကိုင်ပြီး မေးလာပါက မိန်းမဖြစ်လျှင် နောက်မီးလင်း တတ်ပြီး လင်ဖြစ်သူအား ရန်ရှာမည့် နိမိတ်ဖြစ်၏။

(၄၃) အုတ်ခဲကိုကိုင်ပြီး မေးလာပါက မယားဖြစ်သူ လင်ငယ် နေသည့် နိမိတ်ဖြစ်၏။

(၄၄) ခေါင်းမြီးခြုံပြီး မေးလာပါက သူများ၏ အငယ်အနှောင်း ဖြစ်မည့်၊ သူတစ်ပါး၏ အိမ်ထောင်ရေး၌ ဝင်ရောက် ခလောက်ဆန်မိသည့်အတွက် စိတ်ဆင်းရဲရမည့် နိမိတ်ဖြစ် ၏။

## ၁၇။ သတိပြုစရာနိမိတ်များ

နိမိတ်နှင့်ပတ်သက်၍ ရှာဖွေလေ့လာ ဖတ်ရှုမှတ်သားရ သည်တို့ကို စိစစ်လျက် စာဖတ်သူတို့ အကျိုးအတွက် တတ်နိုင် သမျှ တင်ပြခဲ့ပြီးပါပြီ။ ရှည်အံ့၊ လေးအံ့ ထင်၍လည်း နိဂုံး ကမွတ် အဆုံးသတ်ပါတော့မည်။ နောက်ဆုံး နိဋ္ဌိမတံသေးခင်၌ စာရှုသူတို့ အကျိုးအတွက် ဆင်ခြင်သတိပြုစရာ နိမိတ်များကို

ဖော်ပြလိုက်ပါသည်။ အဆိုးကိုရှောင်၊ အကောင်းဆောင်လျက်၊ ကောင်းအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

(၁) ခရီးသွားရန် အိမ်မှအထွက် ခွေးညည်းသံကြားပါက လမ်းခရီး၌ နေထိုင်မကောင်းသူနှင့် တွေ့ဆုံမည်၊ ယာဉ်မတော်တဆ အန္တရာယ်ကျရောက်မည့် နိမိတ်ဖြစ်၏။ (ဆင်ခြင်ပါ)

(၂) ခရီးသွားနေခိုက် မိန်းမချင်း ရန်ဖြစ်သည်ကို မြင်ရကြားရလျှင် အလုပ်အကိုင် အကြံအစည်များ ပျက်ပြားသွားတတ်သည့် နိမိတ်ဖြစ်၏။

(၃) အိပ်ပျော်နေသည့်အခိုက် ဝမ်းဗိုက်ပေါ်သို့ အိမ်မြှောင်ပြုတ်ကျလာခဲ့ပါက ခွဲစိတ်ခံရတော့မည်၊ ဝမ်းဗိုက်နာကျင်တော့မည့် နိမိတ်ဖြစ်၏။

(၄) ခရီးသွားနေစဉ် လမ်းခရီး၌ မိန်းမပျိုကလေးတစ်ဦး၏ တေးသီချင်းသီဆိုသံကို ကြားရပါက ချစ်သူနှင့် ဆုံတွေ့ရမည်၊ ချစ်သူထံမှ လက်ဆောင်ရမည့် နိမိတ်ဖြစ်၏။

(၅) လင်မယားနှစ်ယောက် အရှေ့ဘက်တွင် စကားများရင်းသွားနေကြသည်ကို မြင်ရပါက ရန်သူ၏ ချောင်းမြောင်းလုပ်ကြံမှုကို ခံရတတ်သည့် နိမိတ်ဖြစ်၏။

(၆) လင်မယားနှစ်ယောက် အနောက်ဘက်မှ စကားများရင်းလိုက်ပါလာကြသည်ကို မြင်ရလျှင် အိမ်တွင် ပြဿနာတစ်ခု ပေါ်ပေါက်နေသည့် နိမိတ်ဖြစ်သည်။

(၇) လမ်းလျှောက်လာနေစဉ် တံတွေးသီးပါက အစားကောင်း အသောက်ကောင်းများ စားသောက်ရတော့မည့် နိမိတ်ဖြစ်ပါသည်။

(၈) မိမိ၏လျှာကို မိမိကိုက်မိပါက မိမိ၏ မကောင်းကြောင်းကို နောက်ကွယ်၌ ပြောကြဆိုကြတော့မည့် နိမိတ်ဖြစ်၏။

(၉) အလုပ်သွားနေသည့်အခိုက် ဆဲရေးတိုင်းထွာသံကို ကြားရပါက အထက်လူကြီး၏ ကြိမ်းမောင်းမှုကို ခံရမည့် နိမိတ်ဖြစ်၏။

(၁၀) ကြွေးတောင်းသွားသည့်အခိုက် သစ်ကိုင်းကျိုးကျသည်နှင့် ကြုံရပါက ကြွေးဆုံးတော့မည့် နိမိတ်ဖြစ်၏။

(၁၁) အိမ်သို့ပြန်လာစဉ် ကလေးငိုသံကြားရပါက မိမိထက် အသက်ကြီးသူ နာဖျားမကျန်းဖြစ်မည့် နိမိတ်ဖြစ်၏။

(၁၂) အိမ်မှထွက်ခွာစဉ် သားသမီးများ၏ ငိုသံကြားပါက အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရမည့် နိမိတ်ဖြစ်၏။

(၁၃) လမ်းလျှောက်နေသည့်အခိုက် ခွေးချေးပုံကို နင်းမိပါက ငွေကြေးကိစ္စများ အဆင်ပြေချောမွေ့မည့် နိမိတ်ဖြစ်၏။

(၁၄) အိမ်မှအထွက် အမြင့်မှ ကြောင် ခုန်ချသည်ကိုမြင်ရလျှင် မိမိ ဆောင်ရွက်သည့်ကိစ္စအတွက် သိက္ခာကျဆင်းမည့် နိမိတ်ဖြစ်၏။

(၁၅) လမ်းသွားနေစဉ် ခလုတ်သုံးကြိမ်တိုက်ပါက နှစ်ပေါင်းများစွာက ကွဲကွာနေသော မိတ်ဆွေသူငယ်ချင်းနှင့် ပြန်လည်တွေ့ဆုံမည့် နိမိတ်ဖြစ်၏။

(၁၆) အရှူးမက မဖွယ်မရာလုပ်ပြသည်ကို မြင်ရလျှင် ထီပေါက်မည့်၊ အဖိုးတန်ရတနာ ကောက်ရမည့် နိမိတ်ဖြစ်၏။

(၁၇) အရှူး၏ ဆဲဆိုကြိမ်းမောင်းခံရသော် လာဘ်ငွေပေးပြီးကာမှ အမှုကိစ္စ ရှုံးနိမ့်မည့် နိမိတ်ဖြစ်၏။

(၁၈) အရှူးပစ်သည့်ခဲလုံး ထိမှန်ပါက မင်းပြစ်မင်းဒဏ် ခံရမည့် နိမိတ်ဖြစ်သည်။

(၁၉) အရှူးတစ်ယောက် မိမိနောက်သို့ အော်ဟစ်ပြေးလွှားလိုက်လာပါက မကြာခင် သူဌေးဖြစ်တော့မည့်၊ ရာထူးတိုးတက်တော့မည့် နိမိတ်ဖြစ်သည်။

(၂၀) အရှူးတစ်ယောက် ရှိက်ကြီးတငင် ငိုကြွေးနေသည်နှင့် ကြုံရပါက အ–မင်္ဂလာသတင်း ကြားရတော့မည့် အန္တရာယ်နှင့် ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်၏။

(၂၁) အရှူးတစ်ယောက် ခုန်နေသည်ကို တွေ့ကြုံရပါက ဝမ်းသာစရာအကောင်းဆုံးသော အဖြစ်မျိုးနှင့် ကြုံတွေ့ရတော့မည့် နိမိတ်ဖြစ်သည်။

(၂၂) မိမိ လဲလျောင်းအနားယူနေသည်အခိုက်၊ ဆုပေးသံကြားရပါက အလှူကြီးပေးလှူရတော့မည့် နိမိတ်ဖြစ်၏။

(၂၃) လမ်းလျှောက်လာနေသည့်အခိုက် ခြေမသန်သည့်နွားကို တွေ့မြင်ရလျှင် ရောင်းမထွက်သောအိမ်၊ မကြာခင် ရောင်းထွက်တော့မည့် နိမိတ်ဖြစ်၏။

(၂၄) လှေခါးထစ်မှ ချော်ကျပါက ရန်ဖြစ်ပြီး အိမ်မှ ခေတ္တမျှ ဆင်းပေးရမည့် နိမိတ်ဖြစ်၏။

(၂၅) အနောက်ဘက်ဆီမှ ဘုန်းတော်ကြီးတစ်ပါး လျှောက်လာသည်ကို မြင်ရလျှင် ကမ္ဘည်းထိုးပြီး ဒါနပြုရတော့မည့် နိမိတ်ဖြစ်၏။

(၂၇) ရှေ့၌ ကလေးများ သတ်ပုတ်နေသည်ကို မြင်ရပါက မိမိ၏ သားသမီးများ ခိုက်ရန်ဖြစ်ပွား စကားများလိမ့်မည့် နိမိတ်ဖြစ်၏။

(၂၈) မိမိထံ ကလေးငယ်တစ်ဦး ပြေးလာပါက ရပ်ဝေးမှ ငယ်သောဆွေမျိုး ရောက်ရှိလာတော့မည့် နိမိတ်ဖြစ်၏။

(၂၉) ကခုန်ပြီး လျှောက်သွားနေသော အရူးမကိုမြင်လျှင် ရည်မှန်းချက်များ မကြာခင် ပြည့်ဝတော့မည့် နိမိတ်ဖြစ်၏။

(၃၀) အိမ်အတွင်းသို့ အရူးမပြေးဝင်လာပါက ဒုက္ခရောက်သူ လာမည့်၊ လာလျှင်လည်း နေမကောင်းဖြစ်မည့် နိမိတ်ဖြစ်၏။

(၃၁) အရူးမ၏ စွပ်စွဲပြောဆိုမှုကိုခံရလျှင် နောက်အိမ်ထောင်ကျတော့မည့် နိမိတ်ဖြစ်၏။

(၃၂) အရှုံးမ၏ လက်ခုပ်တီးခေါ်ခြင်းကို ခံရလျှင် အထက်လူကြီး၏ အရေးပေးမှုကို ခံရမည့် နိမိတ်ဖြစ်ပါသည်။

(၃၃) အရှုံးမ၏ ပြုံးပြခြင်းကိုခံရလျှင် အရာရှိအိမ်ထောင်ဘက်ကို ရမည့် နိမိတ်ဖြစ်ပါသည်။

(၃၄) မိမိ၏နံဘေး၌ ကျီးကန်းချေးပါချလျှင် မမျှော်လင့်ဘဲ လာဘ်လာဘ ရှင်လန်းမည့် နိမိတ်ဖြစ်၏။

စာရှုသူတို့အနေဖြင့် မဖြစ်မနေ ခရီးသွားရမည်ဆိုပါက (ကံဇာတာညံ့သည်ဖြစ်စေ၊ နိမိတ်ဆိုးများကို ကြုံတွေ့နေရသည်ဖြစ်စေ) မသွားခင် ယတြာပြုနိုင်ပါ၏။

၁။ ထီး (ရွှေထီးလည်းရ၏။ လှူရန်ဖြစ်သည်။)

၂။ ဖိနပ် (ဘုရား၏ခြေတော်၌ ရွှေချ၍လည်းရ၏။)

၃။ တံတားပေါင်းကို ပြုပြင်ပါ။

ထိုသို့လုပ်ဆောင်ပြီးသကာလ ခရီးထွက်မည်ဆိုပါမှ သွားလမ်းလည်းသာပါမည်။ ပြန်လမ်းလည်းဖြောင့်ပါမည်။ အကြံအစည်တွေလည်း အောင်ပါမည်။ ရွှေထီးကို ကိုးနဝင်းစေတီတော်တစ်ဆူဆူ၏ သောကြာထောင့်တွင် လှူ၍လည်းရပါသည်။

စာရှုသူအပေါင်း နိမိတ်ကောင်းများနှင့် ကြုံတွေ့ကာ စိတ်ရောကိုယ်ပါ ကျန်းမာလန်းဖြာကြစေကြောင်း ဆန္ဒမွန်ပြုလိုက်ရပါသတည်း။

သုတေသီဆရာငြိမ်း

ဆရာကြီးဦးကောင်းထူးပြုစုသည့်

# သုခမိန်ပညာရှိ

# အမတ်ကြီး ဦးပေါ်ဦး

နှင့်

# ဟာသပညာ စကားအလင်္ကာ


စာမူခွင့်ပြုချက်
၄၀၀၉၇၄၀၆၀၈

ဖြန့်ချိရေး

**မြတ်ယန်းရတုံစာပေ**

အမှတ်-၁၉၄၊ ၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃